www.burmeseclassic.com



www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦးအေအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြဲ-၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီမြူလမ်း၊ သုဝဏ္ဏ။
အောင်မြင့်စာပေ (မြဲ-၀၀၂၇၆)၊ အမှတ်(၇) သိဒ္ဓိလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။





www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ဖေလှာ်တက်ဖေလှာ်သည့်အခါ
လက်နှစ်ဖက်သုံးရသည်၊
စက်တက်စက်တော့လည်း
လက်နှစ်ဖက်ပဲ သုံးရတာပါပဲ၊
စက်တက်က နှစ်ချောင်းရှိလေတော့
ခရီးရောက်တာပိုမြန်နိုင်ပါတယ်။

❖ ကျန်ခဲ့သော အတိတ်ကာလမှ
မှားယွင်းခဲ့မှုတွေ
ပစ္စုပ္ပန်ကာမှ မအောင်မြင်သေးတာတွေအတွက်
ဝမ်းနည်းနေစရာ မလိုပါဘူး။
အဲဒါတွေက ဖြစ်ခဲ့ပြီးပြီပဲ၊
မဖြစ်ရသေးတဲ့၊ မမြင်နိုင်သေးတဲ့
အနာဂါတ်မှာ မျှော်လင့်ချက်တွေ ရှိနေပါလိမ့်မယ်။

❖ ဘဝနဲ့တူတဲ့သစ်သားကို
ထုဆစ်ဖို့ လက်နက်တွေလည်း ရှိနေတယ်၊
လှပအောင်ထုမလား၊
အကျည်းတန်အရုပ်ဆိုးအောင်ထုမလား၊
ဒါကတော့ ထုလုပ်ခွင့်ရသူရဲ့ရွေးချယ်မှုပါပဲ၊

# ဒဿနလက်ဆောင်

❖ နေကိုမျက်နှာမူရင်းဆိုင်လျှောက်ရင်
အရိပ်က နောက်မှာပဲနေရတယ်၊
နေကို ကျောခိုင်းလျှောက်ရင်တော့
အရိပ်က ရှေ့မှ ဦးဆောင်ပါလိမ့်မယ်၊
မိန်းမနဲ့ ယောကျ်ားဆိုတာ ဒီလိုပါပဲ၊

❖ အကြောင်းအရာများ ဆိုးဝါးနေခြင်းကို
အကျိုးတရားကသာ
ပြုပြင်ပြောင်းလဲပေးနိုင်ပါတယ်၊
သင်ကိုယ်တိုင်က
ကြိုးစားအားထုတ်မှု ပြုပေးရပါတယ်၊

❖ အောက်မှအထုခံနေရသော
ပေတုံးသည်လည်းကောင်း၊
အပေါ်မှထုနေသော တူသည်လည်းကောင်း၊
ဓားအကြောင်းကို မသိကြပါ၊
ထုလိုက်သူက ဓားအကြောင်းသိဖို့ လိုပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- မိုးရာသီမရှိခဲ့ရင်
ဆောင်းရာသီ ရောက်တဲ့အခါ
နှင်းစက်တွေ မရနိုင်ဘူး၊
နှင်းစက်မရှိတော့ နွေရာသီရောက်ရင် မလှနိုင်ဘူး၊
နွေဥတုပျက်ယွင်းတဲ့မခါ
မိုးရေစက်တွေ လုံလောက်အောင် မရနိုင်ပေ။

- အခက်အခဲကို ရင်ဆိုင်ဖို့ နှစ်လမ်းရှိပါတယ်၊
အခက်အခဲတွေကို ပြောင်းလဲပစ်ခြင်းနဲ့
မိမိကိုယ်ကို ပြောင်းလဲပစ်ခြင်း
နှစ်မျိုးပါပဲ။

- ချစ်သူမဖြစ်ခင်က
တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေနိုင်ပါတယ်၊
ချစ်သူဘဝ ရောက်ခဲ့ပြီးရင်တော့
အပြင်လောကကို
နှစ်ယောက်အတူတူ ကြည့်သင့်ပါတယ်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

- ငယ်ရွယ်သောဘဝတွင်
အမှားများစွာ ကျူးလွန်ခဲ့ကြ၏၊
အဆိုးဝါးဆုံး အမှားကတော့
အချစ်ကလွဲပြီး ကိုးကွယ်ရာမရှိဟု
ထင်မြင်ယူဆခဲ့ခြင်းပင်ဖြစ်၏။

- အသက်အရွယ်ပြောင်းလဲခြင်းက
မေတ္တာတရားကို မပြောင်းလဲနိုင်ပေ၊
မေတ္တာတရားကသာ အသက်အရွယ်ကို
အတန်အသင့် ပြောင်းလဲပေးနိုင်ပါတယ်။

- လက်ထပ်သောအခါ
နှစ်ယောက်စလုံး၏ အချစ်လိုသည်၊
အိမ်ထောင်ပျက်ဖို့တော့
တစ်ယောက်၏အမုန်းနှင့်ပင် လုံလောက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ဝိညာဉ်မှဖော်ထုတ်ပေးသောမှုခင်းများ
အခန်း(၂) သပိန်ဇရမ်းနှင့်ဝိညာဉ်ကလဲ့စား
အခန်း(၃) ရေနံခန်းမနှင့်မှတ်တမ်းများ
အခန်း(၄) အချစ်ကံဆိုးရှာသောဝိဘာဉ်
အခန်း(၅) တန္တရမန္တရနှင့်မဟာယာနအကြောင်း
အခန်း(၆) ထူးဆန်းသော သရဲမျက်နှာဖုံး
အခန်း(၇) မော့(ဂ်)လမ်းမှနစ်လောင်းပြိုင်သတ်မှု
အခန်း(၈) စွဲလမ်းမှုကြောင့်ဖြစ်သောဥပါဒါန်
အခန်း(၉) လူသတ်သမားနှင့်သဲလွန်စ
အခန်း(၁၀) အမှောင်ရိပ်အတွင်းမှစောင့်ကြည့်နေသူ
အခန်း(၁၁) နာနာဘာဝတောအုပ်မှခြောက်လှန့်မှုများ
အခန်း(၁၂) ပရလောကနှင့်စိတ်လှည့်စားမှု
အခန်း(၁၃) မိစ္ဆာမျက်နှာဖုံးနှင့်ကလဲ့စားချေသောသူ
အခန်း(၁၄) မော်ပညာရှင်နှင့်သေသူ့ဝိညာဉ်
အခန်း(၁၅) ရုပ်ပြောင်းနာမ်ခွာမိစ္ဆာ
အခန်း(၁၆) ပင်လယ်ပြာနှင့်ချစ်သူတို့နေရာ






## အခန်း(၁)
## ဝိညာဉ်မှ ဖော်ထုတ်ပေးသော မှုခင်းများ

ကမ္ဘာ့နေရာ အနှံ့အပြားတို့တွင် ရုပ်ဝတ္ထုများ အဘယ်မျှပင်တိုးတက်စေကာမူ ဝိညာဉ်လောကနှင့် သက်ဆိုင်သော အခြေအနေများက ကွယ်ပျောက်သွားခဲ့ခြင်း မရှိပေ။

အဘယ်ကြောင့်ဆိုသော် သက်ရှိသတ္တဝါဘဝ ရရှိလာကြသော လူအပါအဝင် များလှသော တိရိစ္ဆာန်တို့မှာ ရုပ်နှင့်နာမ် တွဲလျက်ဖြင့် အသက်ရှင်နေထိုင်ကြရာ ရုပ်ခန္ဓာ ပျက်စီးသွားသောအခါ ဝိညာဉ်ဟုခေါ်သော နာမ်တရားက ကျန်နေခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်ပင် ဖြစ်၏။

အများအားဖြင့်တော့ သေဆုံးခြင်းကို 'အသက်သေသည်'ဟုပင် ပြောဆိုကြသည်။ အမှန်တော့ အသက်ဝိညာဉ်က သေဆုံးခြင်းမရှိပေ။ ရုပ်ခန္ဓာကသာ ပျက်စီးသွားရခြင်း ဖြစ်ပေသည်။ ရောဂါနှိပ်စက်၍သော်လည်းကောင်း အခြားအကြောင်းတစ်ခုခုကြောင့် ရုပ်ခန္ဓာ ပျက်စီးသွားလျှင် အသက်ဝိညာဉ်က ထိုရုပ်ခန္ဓာအပြင်ဘက်သို့ ထွက်ခွာပေးရခြင်းပင်ဖြစ်၏။

သို့ကြောင့် အသက်သေခြင်းမဟုတ်ပဲ ရုပ်ခန္ဓာ ပျက်စီးခြင်းသာ ဖြစ်ပေသည်။

အချို့ အသက်ဝိညာဉ်တို့မှာ မိမိရုပ်ခန္ဓာအား သံယောဇဉ်တွယ်ကြသဖြင့် ရုပ်ခန္ဓာရှိသော နေရာတစ်ဝိုက်မှာပင် ရှိနေတတ်ကြသည်။ အချို့ဝိညာဉ်များက ကိုယ်ခန္ဓာအတွင်း ပြန်လည်ဝင်ရောက်ခွင့် မရတော့သဖြင့် ပတ်ဝန်းကျင်မှ ကြည့်နေတတ်သည်။ ပုံရိပ်အဖြစ်နှင့်သာ ရှိနေသောဝိညာဉ်ကို မြင်တွေ့ရသူများက သရဲခြောက်သည်ဟု ထင်မြင်ကြသည်။

အချို့ဝိညာဉ်များကတော့ မိမိအား သတ်ဖြတ်သူကို သိစေရန် ကိုယ်ထင်ပြ၍သော်လည်းကောင်း ပူးကပ်၍သော်လည်းကောင်း ပြောပြတတ်သည်။

ထိုဖြစ်ရပ်များထဲတွင် မိမိအား သတ်ဖြတ်ခဲ့သူအား ဝိညာဉ်ဘဝဖြင့် ညွှန်ပြပေးခဲ့သော ဇိုနာဆိုသော အမျိုးသမီးတစ်ဦး၏ အကြောင်းမှာလည်း စိတ်ဝင်စားစရာပင်ဖြစ်၏။





'ဂရင်းဘရိုင်ရာသရဲ'ဟုလူသိများခဲ့သော သူမ၏နာမည်အပြည့်အစုံမှာ 'အယ်ခဗာဇိုနာဟီစတာရှူး' (ElavrZona Heaster Shue)ပင်ဖြစ်၏။

သူမသည် အမေရိကန်ပြည်ထောင်စု အနောက်ဗာဂျီးနီးယားပြည်နယ်တွင်နေထိုင်ပြီး ထူးဆန်းသော အဖြစ်အပျက်များ ဖြစ်ပွားခဲ့သောအချိန်တွင် နောက်ထပ်လက်ထပ်ထားသော 'ထရောက်ရှူး'(Trout Shue)နှင့် အတူနေသောအချိန် ဖြစ်သည်။

ထရောက်ရှူးသည် ထိုပြည်နယ်သားမဟုတ်ပဲ အခြားအရပ်ဒေသမှ ပြောင်းရွှေ့လာသူဖြစ်သည်။ ထိုဒေသတွင် ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေစဉ် ဇိုနာနှင့်တွေ့ကာ လက်ထပ်လိုက်ကြခြင်း ဖြစ်၏။

ထိုသို့ အလျင်အမြန်လက်ထပ်ခြင်းကို ဇိုနာ၏ မိခင်ဖြစ်သူ 'မေရီဂျိန်းရော့ဘင်ဆင်ဟီစတာ'က ကန့်ကွက်ခဲ့သေးသည်။ သို့သော်လည်း မိခင်သဘောကို ဥပေက္ခာပြုကာ ယခုမှတွေ့သော ယောကျ်ားတစ်ယောက်ကို အလျင်အမြန်ပင် လက်ထပ်ခဲ့ကြခြင်း ဖြစ်ပေ၏။

၁၈၉၇-ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်နေ့တွင် ဇိုနာ၏ အလောင်းကို သူမအိမ်အတွင်းတွင် အင်ဒီဂျုန်း(Andy Jones) အမည်ရှိ ကပ္ပလီကလေးငယ်တစ်ယောက်က တွေ့ရှိခဲ့ပေသည်။

ထိုနေ့က အင်ဒီဂျုန်းအား ထရောက်ရှူးက အိမ်သို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်သည်။ အကြောင်းရင်းမှာ ဇိုနာအား 'စတိုးဆိုင်မှ အလိုရှိသည်များကို မေးရန်' စေလွှတ်လိုက်ခြင်းဖြစ်သည်။

ဇိုနာကား ကြမ်းပြင်ပေါ်တွင် ခြေထောက်များဆန့်လျက် လဲကျနေခဲ့သည်။ သူမ၏ လက်တစ်ဖက်မှာ ကိုယ်ခန္ဓာ ဘေးဖက်တွင် ကျနေပြီး အခြားလက်တစ်ဖက်မှာ ကိုယ်လုံးပေါ်သို့ ဖြတ်တင်ထားခဲ့သည်။

အင်ဒီဂျန်းသည် တွေ့လျှင်တွေ့ချင်း သူမ၏ မိခင်ထံ ပြေးလွှား၍ သတင်းပို့ခဲ့သည်။

မိခင်၊ ဒေသခံဆေးဆရာနှင့် သေမှုသေခင်းစုံစမ်းရေး အရာရှိ ဒေါက်တာ ဂျော့(ခ)ဒဗလျူနက်(ပ) (Dr.George W.Knapp)တို့သည် နာရီဝက်အတွင်း အခင်းဖြစ်ပွားရာ ဇိုနာတို့အိမ်သို့ ရောက်ခဲ့ကြသည်။

သို့သော် ထရောက်ရှူးက ၎င်းတို့ထက် အလျင်ရောက်နှင့်နေခဲ့ပြီး ဇိုနာ၏အလောင်းကို အပေါ်ထပ်သို့ သယ်ယူကာ ကုတင်ပေါ်၌ အလောင်းစင်အား ပြင်ဆင်ထားပြီးခဲ့လေပြီ။

ဇိုနာအား ကြီးမားသော ကော်လာအမာစားပါဝင်သည့် အင်္ကျီကို ဝတ်ဆင်ပေးထားပြီး 'မျက်နှာကို ဇာပုဝါဖြင့် ဖုံးအုပ်ထားသည်။

ထရောက်ရှူးမှာ အမျိုးသမီး၏အလောင်းနား ဦးခေါင်းနေရာဘေးတွင် ကျောက်ရုပ်တစ်ခုကဲ့သို့ မတ်တပ်ရပ်နေခဲ့သည်။

သေမှုသေခင်းစစ်ဆေးရေးအရာရှိမှ အလောင်းအား





စစ်ဆေးစဉ်တွင်လည်း ထရောက်ရှူးသည် ယင်းနေရာမှဖယ်မပေးခဲ့ဘဲ အလောင်း၏ဦးခေါင်းပိုင်းအား ကိုယ်ဖြင့်အုပ်မိုးကာကွယ်ကာ ပြင်းထန်သော ဝမ်းနည်းကြေကွဲခြင်းဖြင့် ငိုနေခဲ့သည်။

ထရောက်ရှူး၏ ကြီးမားသောကြေကွဲဟန်များဖြင့် ငိုကြွေးနေမှုများကြောင့် စစ်ဆေးရေးအရာရှိမှာလည်း သာမန်မျှသာစစ်ဆေးနိုင်ခဲ့သည်။

သူကဇိုနာ၏ညာဘက်ပါးနှင့် လည်တိုင်တို့တွင် အညိုအမည်းစွဲနေသည်ကိုကား သတိပြုမိခဲ့သည်။

အဆိုပါ ညိုမည်းဒဏ်ရာတို့အား စစ်ဆေးရေးအရာရှိမှ ထပ်မံ၍ အသေးစိတ်စူးစမ်းရန် ကြိုးစားသည့်အခါတွင်လည်း ထရောက်ရှူးသည် မူလနေရာမှ နေရာဖယ်မပေးဘဲယင်းသို့ အသေးစိတ်စူးစမ်းမှုကို အနှောက်အယှက်ပေးခဲ့ပြန်သည်။

သို့အတွက် အရာရှိမှာလည်း စစ်ဆေးမှုကို အဆုံးသတ်ကာ အခြားဒဏ်ရာမရှိသော လည်တိုင်၏ ဘယ်ဘက်ကိုသာ ထပ်မံစစ်ဆေးခဲ့ရသည်။

မရေရာမသေချာသော သဲလွန်စများကြောင့် နောက်ဆုံး၌ ဇိုနာတွင် ကလေးရှိသည်မရှိသည်ကိုပင် မသေချာသော်လည်း 'ကလေးမမွေးနိုင်သောကြောင့်'ဟု အဖြေထုတ်ခဲ့သည်။

ထိုစဉ်အခါက ဆေးပညာသည်လည်း အလွန်ပင်ခေတ်နောက်ကျနေသော အချိန်အခါဖြစ်ပြီး ကလေးမမွေးနိုင်သည့်အတွက် မိခင်များသေဆုံးမှုမှာလည်း အလွန်ပင် များပြားလှသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါဖြစ်သည်။

နောက်ဆုံးတွင် အဆောင်းအား သေမသေ သေချာစေရန် အချိန်နှစ်ပတ်ခန့် ထားပြီးနောက် ဂူသွင်းသင်္ဂြိုဟ်ခဲ့တော့သည်။ အလောင်းအား သင်္ဂြိုဟ်ခြင်း မပြုမီ ကာလတစ်လျှောက်လုံး ထရောက်ရှူးသည် အထူးပင် ဝမ်းနည်းကြေကွဲနေသည့် အမူအယာများကို ပြသနေခဲ့သည်။

သို့သော် ဗိုနာအား သင်္ဂြိုဟ်ပြီးနောက် အာခေါင်အတွင်းထားသည့် အစတ်အား သူမ၏မိခင် လျော်ဖွတ်သောအခါတွင် ထိုအဝတ်၌ သွေးကွက်တစ်ကွက် တွေ့ရှိခဲ့သည်။

သို့အတွက် ဗိုနာ့သေဆုံးမှုအပေါ်တွင် သံသယ ဝင်လာခဲ့သည်။ ထိုအချိန်မှစကာ ဗိုနာ၏ မိခင်သည် ဗိုနာကိုယ်တိုင် ဝိညာဉ်ဘဝနှင့် ပြန်လာပြီး အမှန်တရားအား ထုတ်ဖော်ပြောလာစေရန် အဆက်မပြတ် ဆုတောင်းခဲ့သည်။

ဗိုနာ၏မိခင် ဆုတောင်းမှုကား ပြည့်ဝခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ သူမဆုတောင်းသည့် လေးရက်မြောက်နေ့တွင် ဗိုနာသည် မိခင်အိပ်နေသည်ကိုနိုး၍ ကိုယ်ထင်ပြလျက် ဖြစ်ရပ်အပြည့်အစုံကို ပြောပြလေသည်။

"သူမ၏ ယောကျ်ားသည် အလွန်ရုန့်ရင်းကြမ်းတမ်းသောသူဖြစ်ကြောင်း သူမသေရသည့်ညမှာလည်း ညစာတွင် အသားဟင်း ချက်မထားသည့်အတွက် ဒေါသတကြီးနှင့် သူမအား ရိုက်ပုတ်ကာ နောက်ဆုံးတွင် သူမ၏လည်ပင်းကို လိမ်ချိုး၍





သတ်ပစ်ခဲ့ခြင်းဖြစ်သည်။

ဗိုနာသည် သူမ သေဆုံးရပုံကို အပြည့်အစုံ ပြောပြရုံမျှမက သူမ၏ခေါင်းအား လည်တိုင်ပေါ်တွင် တစ်ပတ်လည်အောင်လှည့်ပြ၍ လည်ပင်းလိမ်ချိုးခံရပုံကို ပီပြင်စွာသိရန် ဒဏ်ရာများကို ပြသခဲ့သည်။

ဤတွင်မှ ဗိုနာ၏လည်ပင်းတွင် မည်းညိုစွဲနေမှုကို သေသေချာချာ တွေ့မြင်ရတော့သည်။

နောက်ပိုင်းတွင် ဗိုနာ၏ မိခင်သည် ရှေ့နေတစ်ဦးနှင့်တိုင်ပင်ကာ ဗိုနာ၏ယောကျ်ားအား တရားစွဲခဲ့တော့သည်။

ထို့နောက်တွင် ဗိုနာ၏မိခင်အား ကိုယ်ထင်ပြခြင်း အပါအဝင် အသုဘသို့ လာကြသူများမှ သံသယဝင်မှုများမှအစ စူးစမ်းသူ အမှုစစ်အရာရှိ၏ သံသယတို့နှင့် ဆက်စပ်ကာ အလောင်းကို ပြန်လည်တူးဖော်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုအခါတွင်မှ ဗိုနာ၏ အလောင်းမှာ လည်ပင်းကျိုးရုံမျှမက လည်ပြွန်ပါ ကျိုးပေါက်လျက် သေဆုံးကြောင်း ပေါ်ပေါက်လာခဲ့သည်။

သို့သော် ဤအမှုတွင် မျက်မြင်သက်သေ မရှိခဲ့ပေ။

သို့အတွက် အခြေအနေအားလုံးက ထရောက်ရှူးအား လူသတ်သမားအဖြစ် ညွှန်ပြနေသော်လည်း သက်သေမရှိသော အမှုဖြစ်နေသည်။

သက်သေမရှိသောအမှုဖြစ်ခြင်းကြောင့် တရားခံ ထ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိအား သေစားသေစေရန် အမိန့်မချနိုင်သော်လည်း ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံရန် အမိန့်ချမှတ်နိုင်ခဲ့သည်။

ထိုကဲ့သို့သော ကွယ်လွန်သွားခဲ့ပြီးသောဝိညာဉ်က လာရောက်ပြောပြသဖြင့် သူသေဆုံးခဲ့ရသော အဖြစ်အပျက်များနှင့် သတ်သောတရားခံကို ဖော်ထုတ်နိုင်ခဲ့သော အဖြစ်အပျက်များသည် မြန်မာနိုင်ငံတွင် အများအပြား ရှိခဲ့လေသည်။

အသက်သေဆုံးသွားသော သူ၏ဝိညာဉ်သည် ထိုပတ်ဝန်းကျင်၌ပင် ရှိနေတတ်သည်။ သွေးရိုးသားရိုး သေဆုံးသွားခဲ့သဖြင့် အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်လျှင်ပင် ထိုပတ်ဝန်းကျင်၌ ရှိနေတတ်သည်။

မီးသင်္ဂြိုဟ်သော စက်အတွင်းသို့ထည့်ကာ မီးရှို့လိုက်သဖြင့် ရုပ်ခန္ဓာ မရှိတော့လျှင်တော့ ဝိညာဉ်သည် အခြားမှီတွယ်ရာ ရှာဖွေရန်အတွက် အခြားတစ်နေရာသို့ ထွက်ခွာသွားလေ့ရှိသည်။

၁၉၉၅-ခုနှစ်လောက်က မိတ်ဆွေတစ်ယောက်က ဖိတ်ခေါ်သဖြင့် နယ်မြို့တစ်မြို့သို့ သွားရောက်ခဲ့ဖူးပေသည်။ ကျွန်ုပ် ရောက်သွားသောအချိန်တွင် မြို့မှ အမျိုးသမီးတစ်ဦး အသတ်ခံရသော အမှုဖြစ်နေချိန်နှင့် တိုက်ဆိုင်နေသည်။

ရဲတပ်ဖွဲ့ဝင်များက သံသယရှိသူများကို ခေါ်ထားသည်။ အမှုစစ်နေသော အချိန်မှာပင် တာဝန်ရှိသောလူကြီးက သေဆုံးသူ၏ သွေးစွန်းနေသောအဝတ်များကို ယူလာပြီး အများရှေ့မှာ





ပင် ပြောသည်။

"ဒါဟာ သေဆုံးသူရဲ့ အဝတ်အစားနဲ့ ဆံပင်ဖြစ်ပါတယ်၊ တကယ်လို့ သက်ဆိုင်ရာဝိညာဉ် ဒီအခန်းထဲကို ရောက်နေပါက တရားခံ ဘယ်သူဆိုတာသိအောင် ပြပေးပါ"

ထိုကဲ့သို့ပြောပြီး မရှေးမနှောင်းမှာပင် ခေါ်ထားသော သူများထဲမှ ကျောင်းစောင့်အဖြစ် လုပ်ကိုင်နေသူမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်လာလေသည်။

"အောင်မယ်လေး ကြောက်ပါပြီ၊ ဟိုမှာ သူလာနေပြီ၊ ကျွန်တော့်ကို သတ်ပါတော့မယ်၊ ကယ်ကြပါဦး"

ထိုသို့ပြောဆိုသဖြင့် ရာဇဝတ်အုပ်က အနားသွားပြီး . .

"ဒါဖြင့် . . မင်း အမှန်အတိုင်း ဝန်ခံမှာလား"

ဟုမေးရာ ခေါင်းညိတ်ပြလေသည်။

"ဝန်ခံပါမယ်ဗျာ၊ အမှန်အတိုင်းပြောပါတော့မယ်၊ ဟိုမှာ သူရောက်နေပြီ၊ မပြောရင် သတ်တော့မယ်ထင်ပါရဲ့"

ကြောက်ကြောက်လန့်လန့်ဖြင့်ပြောကာ တစ်နေရာသို့ လက်ညှိုးထိုးပြလေသည်။ သူ လက်ညှိုးထိုးပြသော အခန်းထောင့်မှာတော့ ဘာမှမရှိပေ။

နောက်တော့ ကျောင်းစောင့်က အမှန်တိုင်း ဝန်ခံထွက်ဆိုလေသည်။ ထိုနေ့က သေဆုံးသူတစ်ယောက်တည်း ရွာနောက်ဘက်သို့ထွက်သွားသည်ကို လှမ်းမြင်လိုက်သဖြင့် နောက်မှ လိုက်ကြည့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်တော့ ချစ်သူဖြစ်နေသော အမျိုးသား တစ်ယောက်နှင့် အချေအတင်စကားပြောနေကြသည်ကို တစ်နေရာမှ လှမ်းမြင်နေရသည်။

အချိန်က မှောင်ရီပျိုးစဖြစ်နေပြီး သူတို့တွေ့ဆုံသောနေရာမှာလည်း လူပြတ်သောနေရာဖြစ်သည်။

အလုပ်လုပ်နေကြသူများဖြစ်သဖြင့် ကျောင်းသားကျောင်းသူများထက် အရွယ်ကြီးပြီး လူပျိုအပျိုများဖြစ်ကြသဖြင့် အသက် ၂၈-ကျော်အရွယ် ရှိနေကြပြီဖြစ်သည်။

ရင်းတို့နှစ်ဦးမှာ အတော်ကြာသည်အထိ ပြောဆိုဖြေရှင်းကြသော်လည်း မပြေလည်ကြပဲရှိကြရာနောက်တော့ အမျိုးသားက ထိုနေရာမှထပြန်သွားလေသည်။

ထိုနေရာမှာတော့ မိန်းကလေးတစ်ယောက်တည်းသာကျန်ခဲ့ပြီး ငိုနေလေသည်။ နောက်တော့ ကျောင်းစောင့်မှာ ရုပ်ဖျက်လျက် ထိုနေရာသို့ရောက်သွားပြီး . သတိမေ့ရုံလောက်ကျောက်တုံးဖြင့်ထုကာ မတရားပြုကျင့်လေသည်။

ပြီးမှ . ဟန်မပျက် ကျောင်းသို့ ပြန်လာခဲ့သည်။

သို့သော်သူ ကျောက်တုံးနှင့် ထုခဲ့သော မိန်းကလေးမှာ သွေးထွက်လွန်ပြီး သေဆုံးသွားသည်ကိုတော့ သူမသိခဲ့ပေ။ နောက်တော့ အမျိုးသမီးတစ်ယောက် ပျောက်နေသဖြင့် လိုက်ရှာကြရာ တောစပ်တွင်သေဆုံးနေသော အလောင်းကို ပြန်တွေ့ရလေသည်။





ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး စစ်ဆေးမေးမြန်းတာ မသင်္ကာသောသူများကို ဖမ်းဆီးစစ်ဆေးရာတွင် သေဆုံးသူနှင့် ငြိစွန်းနေသော အမျိုးသားအပါအဝင် ကျောင်းစောင့်လည်း ပါဝင်လေသည်။

နောက်ဆုံး ဝိညာဉ်က ရောက်လာပြီး ဖော်ထုတ်ပေးခဲ့သဖြင့် ပြစ်မှုကျူးလွန်သော တရားခံကို ဖော်ထုတ်နိုင်ခဲ့ခြင်းမျိုးလည်း ကိုယ်တွေ့ကြုံခဲ့ရဘူးသည်။

အခြားတစ်ခုကတော့ နိုင်ငံခြားတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုဖြစ်သည်။

မြို့ကြီးများနှင့် အနည်းငယ်ဝေးသော ထိုမြို့ကလေးမှာ တောင်ကုန်းတောင်တန်းများပေါသော နေရာဖြစ်သဖြင့် လူတစ်ယောက်သေဆုံးသည့်အခါ မြေမြှုပ်လေ့မရှိပဲ မီးသင်္ဂြိုဟ်စက်ထဲသို့ထည့်ကာ သင်္ဂြိုဟ်လေ့ရှိသည်။

မြို့မှာ အတော်ကျယ်ဝန်းပြီး လူဦးရေများသောကြောင့် တစ်ခုတည်းသော မီးသင်္ဂြိုဟ်စက်သို့တည်နေ့လျှင်မီးသင်္ဂြိုဟ်ရန် အလောင်း ၄,၅-လောင်းခန့် ရောက်လာတတ်သည်။

တစ်ခါတစ်ရံလည်း တစ်နေ့တည်းဖြင့် အလောင်းဆယ်လောင်းခန့် သင်္ဂြိုဟ်ပေးရသည်။

မီးသင်္ဂြိုဟ်စက်မှာ အလုပ်လုပ်နေကြသူများမှာ ကုလားလူမျိုးများဖြစ်ပြီး အမြဲတစေ အရက်မူးနေတတ်သူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပြင်းဖိုထဲမှာ အလုပ်လုပ်ကြရသဖြင့် အကျႌဝတ်ရသည်မရှိပဲ ဘောင်းဘီတိုကလေးများသာ ဝတ်ဆင်ထားနိုင်သည်။

တစ်ကိုယ်လုံး ချွေးသံတရွှဲရွှဲဖြင့် အဆီပြန်နေရာ ရုတ်တရက်ကြည့်လျှင် ငရဲသားကြီးများနှင့် တူလှသည်။

၎င်းတို့ မီးသဂြိုဟ်စက်သို့ရောက်လာသော အလောင်းများကို ချက်ချင်းမီးမသဂြိုဟ်ပဲ တစ်နေရာမှာစုပုံထားသည်။ ညအချိန်ရောက်တော့မှ ထင်းများဖြင့် မီးပြင်းထိုးကာ တစ်လောင်းပြီးတစ်လောင်း သဂြိုဟ်ကြသည်။

တစ်ခါတစ်ရံ အလောင်းများလျှင် မိုးလင်းသည်အထိ သဂြိုဟ်ကြရလေသည်။ ထိုကဲ့သို့ မိုးချုပ်မှ သဂြိုဟ်ကြရခြင်းမှာ ထင်းကိုချွေတာကြရသောကြောင့် ဖြစ်သည်။

နောက်တစ်ချက်ကတော့ မီးသဂြိုဟ်စက်တွင် တာဝန်ကျနေသော သုဘရာဇာသုံးယောက်တို့က ညအချိန်ရောက်မှ ၎င်းတို့ဆောင်ရွက်လေ့ရှိသောကိစ္စများကို ဆောင်ရွက်ကြလေသည်။ အခြားမဟုတ်ပေ။

သေဆုံးသောအလောင်းများမှ အဝတ်အစားများကို ချွတ်ယူခြင်း၊ ဆံပင်ရှည်များကို ဖြတ်ယူခြင်းအပြင် လောလောဆယ် သေဆုံးသောအလောင်းများကို အသားများလှီးဖြတ်ယူထားကြသည်။

ထိုကဲ့သို့သော ချွတ်ယူထားသောအဝတ်များကို အဝတ်





ဟောင်းဝယ်သူများက လှိုင်ဝှက်စွာလာရောက်ဝယ်ယူကြ သည်။

ဆံပင်ဝယ်သူများကလည်း အလောင်းများမှ ဖြတ်ယူထားသော ဆံပင်များကို လာရောက်ဝယ်ယူကြသည်။

ထိုဆံပင်တို ဆံပင်ရှည်များမှာ မျက်တောင်တု၊ ဆံပင်တုပြုလုပ်သောနေရာများသို့ ရောက်သွားကြသည်။

အချို့ အလောင်းများမှ လှီးဖြတ်ယူထားသော အသားများကတော့ မိုးမလင်းခင် လာရောက်ယူသွားပြီး အသားကြိတ်စက်ဖြင့်ကြိတ်ကာ အသားလုံးအသားပေါင်းများ ပြုလုပ်ကာ ရောင်းချကြလေသည်။

ကာယကံရှင်များကတော့ ထိုအကြောင်းများကိုမသိကြပေ။ မည်သူမှလည်း ညဥ့်နက်သန်းခေါင်စောင့်ကာ မိမိတို့အလောင်း သဂြိုဟ်သလား၊ မသဂြိုဟ်သလား စောင့်ကြည့်မနေကြပေ။ စောင့်ကြည့်ခွင့်လည်းမရှိပေ။

သို့ကြောင့် မသိနိုင်ကြခြင်းဖြစ်လေသည်။

တစ်ကြိမ်မှာတော့ သေဆုံးသူ၏ဝိညာဉ်က မိသားစုများကို လာရောက်ပြောပြတော့မှ အကြောင်းစုံသိကြရလေတော့သည်။

"ကျွန်မရဲ့ ဆံပင်ကို ဖြတ်ယူကြတယ်၊ အ[illegible]က်အစားတွေကိုလည်း ချွတ်ယူကြတယ်၊ ပြီးတော့ တစ်ကိုယ်လုံး အသားတွေကို လှီးဖြတ်ယူကြတယ်"

ထိုသို့ သေဆုံးသူ ဝိညာဉ်ကလာရောက်ပြောသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တာလက်ရှင်များက မကျေနပ်သဖြင့် သက်ဆိုင်ရာသို့တိုင်ကြားလေသည်။

သက်ဆိုင်ရာအာဏာပိုင်များက သန်းခေါင်ယံကျော်မှ မီးသဂြိုဟ်သော စက်ရှိရာသို့ သွားရောက်စစ်ဆေးကြရာ သုဘရာဇာ ကျုးလွန်နေသော အပြစ်များကို လက်ပူးလက်ကြပ် မိကြသဖြင့် ထိုသုံးယောက်ကို ကြီးလေးသော အပြစ်ဒဏ်များ ပေးလိုက်လေသည်။

အထက်ဖော်ပြချင်များမှာ သေဆုံးပြီးသောသူ၏ ဝိညာဉ်မှ လာရောက်ပြောပြသဖြင့် ပေါ်ပေါက်ခဲ့သော အမှုအခင်းအချို့ပင် ဖြစ်ပေတော့သည်။







## အခန်း(၂)

## သမိန်ဗရမ်းနှင့် ဝိညာဉ်ကလဲ့စား

ရှေးအခါကပင် ရာဇဝင်တွင်သော သူရဲကောင်းများစွာတို့ ပေါ်ပေါက်ခဲ့ရာ မွန်သူရဲကောင်း သမိန်ဗရမ်းလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။

တရုတ်စစ်သူကြီး ဂါမဏီနှင့် စီးချင်းတိုက်ရာတွင် အနိုင်ရသဖြင့် ဦးခေါင်းတို ဖြတ်ယူနိုင်ခြင်း၊ တရုတ်အမတ်စစ်သူကြီး ဇလုံကျော်ခေါင်ကို အနိုင်တိုက်ခိုက်ပြီး ဦးခေါင်းကိုဖြတ်ယူနိုင်ခဲ့သောကြောင့် နာမည်ကြီးလှသောသူရဲကောင်းတစ်ဦးလည်း ဖြစ်

www.burmeseclassic.com



သည်။

ထိုတိုက်ပွဲများ တိုက်ခိုက်အောင်မြင်ခဲ့စဉ်က သမိန်ဗရမ်းသည်ရန်သူဘုရင်လက်သို့ ရောက်ရှိနေစဉ် အချိန်အခါလည်းဖြစ်သည်။

ဘုရင်သီဟသူရလည်း အားရတော်မူသဖြင့် သူကောင်းပြုလိုသော ဆန္ဒရှိသဖြင့် မေးသည်။

"ငါ့ထံမှာ အမှုတော်ထမ်းရွက်ပါက မှူးကြီးမတ်ကြီးတို့နှင့်အတူ သူကောင်းပြုပေမည်၊ နင့်သဘောကိုငါ့အား လျှောက်တင်လော့"

"အရှင်မင်းကြီး သနားသဖြင့် လွှတ်တော်မူပါက သားသမီး သားမယားတို့ မျက်နှာကို မြင်လိုပါသည်ဘုရား"

ထိုသို့လျှောက်တင်သဖြင့် ဘုရင်သီဟသူရလည်း အဆောင်အယောင်အခမ်းအနားများ ချီးမြှင့်ပေးသနားတော်မူပြီး လှော်ကားလက်ပြည့်ဖြင့် သမိန်ဗရမ်းအား ဟံသာဝတီသို့ ပြန်ပို့ပေးစေသည်။

ရှေးဘုရင်များသည် ရန်သူသုံ့ပန်းပင် ဖြစ်စေကာမူ သူရဲကောင်းများကို နှစ်သက်မှုရှိသောကြောင့်သာ မိမိလက်သို့ရောက်ပြီး သူရဲကောင်းကို နေရပ်သို့ ပြန်ပို့ပေးခြင်းသာ ဖြစ်ပေသည်။

ထိုကဲ့သို့ ပြန်ပို့ပေးသဖြင့် ဟံသာဝတီပြည့်ရှင်ဓမ္မစေတီမင်းကလည်း ကျေးဇူးတင်ကြောင်း စာသဝဏ်လွှာနှင့်အတူ အ





ထူးထူးအပြားပြား လက်ဆောင်ပဏ္ဏာများ ဆက်သပေးလိုက်သည်။

ထို့နောက် သမိန်ဗရမ်းအား ရှေ့တော်မှောက်သို့ခေါ်ကာ ဤသို့မိန့်တော်မူလေသည်။

"သမိန်ဗရမ်း သူ့လက်သို့ရောက်ပြီးမှ ငါတို့လက်သို့ပြန်ရောက်သည်မှာ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စမျိုးသာဖြစ်ပေသည်၊ ငါ့အား လျှောက်တင်လော့"

ထိုအခါ သမိန်ဗရမ်းက ၎င်းတိုက်ခိုက်ပေးခဲ့သော စီးချင်းတိုက်ပွဲများ ရန်သူတို့ကို တိုက်ခိုက်ပေးခဲ့သော အကြောင်းများအပြင် သာကေတစ်ခုအနေဖြင့် ရှေးကပုံဝတ္ထုတစ်ခုအကြောင်းကို ရှိသေစွာဖြင့် တင်လျှောက်လေသည်။

ရှေးအခါက မိန်းမတစ်ယောက်သည် ၎င်း၏လင်ယောက်ျား အနာရောဂါပြင်းသဖြင့် နက္ခတ်ဗေဒင် ကျွမ်းကျင်သော ပုဏ္ဏားတို့ထံသို့ သွားရောက်မေးမြန်းရာ. . .

"ဘာမှမစိုးရိမ်လင့် ညည်းလင်သည်မင်းဖြစ်ပြီးမှ သေလိမ့်မည်"

ဟုပြောသဖြင့် ကျေနပ်စွာဖြင့် မိမိနေအိမ်သို့ ပြန်လာလေသည်။ သူ အိမ်သို့ပြန်ရောက်ပြီးနောက် လင်ယောက်ျားသေလေသည်။

သားချင်းများက အလောင်းကိုချမည်ပြုရာတွင် ထိုမိန်းမက အလောင်းကိုဖက်ထားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ပညာရှိများက ညည်းလင်မင်းဖြစ်ပြီးမှ သေမည်ဟု ဟောထားပါသည်၊ မချဖါနှင့် ထားပါဦး"

ဟုတားသဖြင့် ဆွေမျိုးသားချင်းများက ထားရလေသည်။

ထိုညဥ့်အခါတွင် နတ်နှစ်ပါးတို့က အငြင်းအခုန်ဖြစ်ကြလေသည်။

နတ်တစ်ပါးက

"နှစ်သစ်သာယာသည်"

ဟုဆိုသော် ကျန်နတ်တစ်ပါးက. . .

"နှစ်ဟောင်းသာယာသည်"

ဟု ငြင်းခုန်ကြသည်။

သို့ဖြစ်သဖြင့် သေသူကိုရှင်စေအောင်လုပ်ပြီး အဆုံးအဖြတ်ခံယူကြမည်ဟု သဘောတူကြလျှက် သေနေသူကို ပြန်ရှင်အောင် ပြုစေလျှက် အဆုံးအဖြတ်ခံယူကြသည်။

ထိုသူက. . .

"နှစ်ဦးသည် ဝဿန္တမိုးလဖြစ်သဖြင့် ကုန်း၌ပေါက်သောသစ်ပင်၊ မြေ၌ပေါက်သောသစ်ပင်တို့ အညွန့်သွန်းသွန်း ထွက်လျှက် မြင်ရသူတို့ လူမှစ၍ ကျေးငှက်သတ္တဝါတို့ နှလုံးပျော်မွေ့နှစ်သက်မှု ရှိကြပေ၏၊

နှစ်ဟောင်းမှာလည်း ဟေမန္တဥတု ဆောင်းလရာသီ ရောက်သည်နှင့် အေးမြခြင်း ဆီးနှင်းကျလျှက် ရေတက်ရေကျ





တို့နှင့် ကြုံရပေသည်၊

သို့ကြောင့် ကုန်း၌ရှိသောသစ်ပင်၊ မြေ၌ရှိသောသစ်ပင်တို့ အရွက်မနုမရင့်ရှိကာ အသီးအပွင့်တို့ဖြင့် ပြည့်စုံခြင်းရှိသဖြင့် နှလုံးပျော်မွေ့ နှစ်သက်ဖွယ်ရာ ရှိကြပေ၏"

ထိုကဲ့သို့ ဆုံးဖြတ်ပေးသည်ကို နတ်နှစ်ပါးက သဘောကျနှစ်သက်ကြသဖြင့်. . .

"ကျေးဇူးကြီးလှပါပေတယ်၊ သင်သည် အသက်ရှင်ခြင်း ထက်ပိုပြီး ထိုက်တန်မှုရှိပါပေသည်"

ဟု ပြောဆိုချီးမွမ်းကာ ရွှေငွေအများ ပေးကမ်းကာ ဆက်လက်၍ အသက်ရှင်ခွင့် ပေးခဲ့ကြသည်။

"ကျွန်တော်မျိုးလည်း ၎င်းတို့ကျေနပ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် သေလူဖြစ်ပြီးကာမှ အသက်ရှင်ခွင့်ရကာ အရှင့်ခြေတော်ရင်းသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်ဘုရား"

ဟုလျှောက်တင်ရာ မဖွစေတီမင်းလည်း အားရတော်မူသဖြင့် ကိုယ်လုပ်တစ်ယောက်ကိုပေးကာ စစ်တောင်းမြို့ကို စားစေသည်။

သမိန်ဗရမ်းသည် စစ်တောင်းမြို့ကို စားရသော်လည်း ဟံသာဝတီမြို့နှင့် လူဆက်၊ မြင်းဆက် မပြတ်ထားစာ မပြတ် ခစားမှုပြုလေသည်။

တစ်ခါသော် ဟံသာဝတီမြို့တွင် ငပြောဟိန်အမည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော သူရဲကျော်သူခိုးကြီးတစ်ယောက် ထကြွသောင်းကျန်းခြင်းရှိလေရာ သမိန်ဗရမ်းကိုယ်တိုင် နောက်လိုက်များနှင့်အမိဖမ်းတာ အပြစ်ရှိသည်အလျောက်တံကျင်လျှိုး၍ သတ်ဖြတ်သုတ်သင်စေပြီး ဟံသာဝတီမြို့ပြင်တစ်နေရာ၌ ထားလေသည်။

တစ်နေ့တွင် သမိန်ဗရမ်းသည် နန်းတော်ကအပြန် ချိန်နောက်ကျသဖြင့် မြင်းကိုအပြင်းနှင်၍ ပြန်လေရာ နောက်လိုက်နောက်နောက်ပါတို့ပင် အတော်ဝေးဝေး၌ ကျန်ခဲ့ကြလေသည်။

မြို့ပြင်သို့ ရောက်သောအချိန်တွင် မိုးချုပ်စအချိန်သို့ရောက်နေပေပြီ။

တံကျင်သို့၍ သတ်ထားသောသူအနီးသို့ ရောက်သောအခါ အသံတစ်သံကြားရသည်။

"ဟေ့လူ ပြန်လာခဲ့ဦး"

ထိုအသံကြားသဖြင့် မြင်းကိုတုန့်ခနဲ ရပ်တန့်ကာကြည့်သည်။ ပတ်ဝန်းကျင်တွင် တံကျင်သို့၍ သတ်ထားသောလူသေကောင်မှလွဲပြီး အခြားမည်သူမှမရှိသဖြင့် လူသေအနီးသို့ပြန်လှည့်လာသည်။

"ငါကဲ့သို့သော အမတ်ကြီး သမိန်ဗရမ်းကို နင်ဟဲ့ဟုခေါ်လျှင် ငါ ခံမည်လော"

ဟုပြောလျှင် လူသေကကြည့်နေသည်။

"ဘယ်သို့အကြောင်းနှင့် ငါ့ကိုခေါ်သနည်း"

ဟု မေးလျှင် လူသေက လျှာထုတ်ပြလေသည်။





သမိန်ဗရမ်းက တံကျင်ကိုဆွဲယူပြီး ထုတ်ပြသောလျှာကိုဓားဖြင့်ဖြတ်မည် ပြုသောအခါ ပြန်သွင်းသွားလေသည်။

"နင်သွားနဲ့ကိုက်ယူမှ ငါ့လျှာပေးမည်"

သမိန်ဗရမ်းလည်း ရဲရင့်ကြမ်းကြုတ်သူဖြစ်သဖြင့် ဓားကိုပြန်သွင်းလျက် လူသေပါးစပ်မှလျှာကို မိမိသွားဖြင့် ကိုက်ယူလေသည်။ ပြီးမှ တံကျင်လျှိုထားသော အလောင်းကောင်၏ဦးခေါင်းကို ဓားဖြင့်ဖြတ်ယူ၍ မြင်းကုန်းနှီး၌ချိတ်ဆွဲကာ ပြန်လေသည်။

စစ်တောင်းမြို့ နေအိမ်သို့ရောက်ပြီး မြင်းပေါ်မှ ဆင်းသောအချိန်တွင် ချိတ်ဆွဲလာသော လူသေဦးခေါင်းက သမိန်ဗရမ်း၏တင်သားကို သွားချင်းစေ့သည်အထိ ကိုက်ထားလေတော့သည်။

သွားချင်းစေ့အောင်ကိုက်ထားသော လူသေဦးခေါင်းဖြတ်အား ၎င်းကိုယ်တိုင် ဖယ်ခွာ၍ မရနိုင်ပဲရှိလေရာ ပိုက်ညဲနှင့်ရိုတရုတ်အမည်ရှိသော အမတ်နှစ်ယောက်ကိုဖယ်ခွာခိုင်းရာကိုက်ထားသောသွားကို ဓားဖြင့်ကပ်၍ ခွာသော်လည်း မကျွတ်ပဲရှိလေသည်။

သမိန်ဗရမ်းလည်း နာကျင်ခြင်းကြီးစွာ ခံရလေသည်။

"ရန်သူ သူရဲကောင်းတို့၏ ဦးခေါင်းကို အကြိမ်ကြိမ်ဖြတ်ယူနိုင်ခဲ့သောငါသည် လူသေဦးခေါင်းကိုတော့ ဖယ်ခွာရန်မတတ်နိုင်ခဲ့ချေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုရေရွတ်ရင်း တစ္ဆေကိုက်သောဒဏ်ရာနှင့်ပင် အနိစ္စ ရောက်ရလေသည်။

ထိုအကြောင်းကို ဓမ္မစေတီမင်း ကြားသဖြင့် မေးမြန်းရာ လှံ့သေတွင်ပူးကပ်နေသော တစ္ဆေကိုက်သဖြင့် သမိန်ဗရမ်း သေဆုံးရကြောင်း လျှောက်တင်ကြရာ မင်းကြီးလည်း များစွာ တုန်လှုပ်ချောက်ချားမှုဖြစ်ကာ သူရဲကောင်းတစ်ယောက် စစ်ပွဲတွင် မသေရပဲ တစ္ဆေကိုက်သဖြင့် သေရခြင်းအတွက် များစွာ နှမြောမှု ဖြစ်လေသည်။

ထို့နောက် သမိန်ဗရမ်းအလောင်းကို ပြဿဒ်များဖြင့် ကောင်းမွန်စွာသဂြိုဟ်စေရာ ဓမ္မစေတီမင်းမှာ ငိုကြွေးတော်မူ၏။

ထိုအခြင်းအရာကို အတုလဝါသာသံဃရာဇာ ဆရာတော်သိသောအခါ. . .

“မင်းကြီး ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ဘုရင်မင်းမြတ်တို့သည် လူအများရှေ့တွင် မျက်ရည်ကျခြင်း၊ ပြင်းစွာငိုကြွေးခြင်းမျိုး မပြုသင့်ပေ”

ဟုဆုံးမတော်မူမှ ဓမ္မစေတီမင်းလည်း မျက်ရည်စကို သိမ်းတော်မူလေသည်။

ဟံသာဝတီတွင် ဓမ္မစေတီမင်းစိုးစံနေစဉ် တိုက်ပွဲအလီလီကို အောင်မြင်အောင်စွမ်းဆောင်နိုင်ခဲ့ပြီး ရန်သူ့လက်သို့ ပါသွားပြီးမှ အသက်မသေပဲ မိမိမြို့သို့ကောင်းမွန်စွာ ပြန်ရောက်ခဲ့သော သူရဲကောင်း သမိန်ဗရမ်းသည် မတန်မရာသောကိစ္စကို





ဒေါသအလျောက် ပြုလုပ်မိသောကြောင့် ဖုတ်ဝင်နေသည့် လူသေဦးခေါင်းပြတ်က သွားဖြင့်အတိုက်ခံရသဖြင့် အသက်သေခဲ့ရခြင်းလည်းဖြစ်ပေသည်။

ထိုအကြောင်းအရာမှာ လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်က ထုတ်ဝေထားခဲ့သည့် (၁၉၀၅-ခုနှစ်က မန္တလေးမြို့ တာရာသတင်းစာတိုက်မှ ထုတ်ဝေခဲ့သော)လှေသင်းအတွင်းဝန်မင်း ရေးသားစီရင်ခဲ့သော ‘တဏှတ္တဒီပဏီကျမ်း’၌ ဖော်ပြခဲ့သော အကြောင်းအရာလည်းဖြစ်ပေသည်။

ထို့ပြင် ဆရာကြီးနိုင်ပန်းလှရေးသားသော ‘ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း’၌လည်း သူရဲကောင်း သမိန်ဗရမ်း တစ္ဆေကိုက်သဖြင့် သေခဲ့ရသောအကြောင်းကို ထည့်သွင်းဖော်ပြထားသေးသည်။

တဏှတ္တဒီပဏီကျမ်းတွင် ဖော်ပြထားသော အကြောင်းအရာများနှင့် နေရာအချက်အလက်များနှင့် ရေးသားတင်ပြပုံ အနည်းငယ် ကွဲလွဲမှုရှိစေကာမူ သူရဲကောင်း သမိန်ဗရမ်း တစ္ဆေကိုက်သဖြင့် သေဆုံးရသော အချက်ကတော့ အတူတူပင် ဖြစ်ပေသည်။

ထိုအကြောင်းအရာကို လေ့လာကြည့်သောအခါ သေဆုံးသူတို့၏ဝိညာဉ်မှာ ရုပ်ခန္ဓာမပျက်မချင်း ထိုနေရာတစ်ဝိုက်တွင် ရှိနေတတ်သည်ဆိုသောအချက်နှင့်. . .

တမလွန်သို့ရောက်နေကြသော ဝိညာဉ်တို့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အခြားဘုံဘဝတစ်ခုသို့မရောက်မချင်း မိမိအား ဒုက္ခပေးခဲ့သူ၊ သတ်ဖြတ်ခဲ့သူတို့အား အခဲမကျေပဲ အလျင်းသင့်ပါက ပြန်လည်ကလဲ့စားချေတတ်သော အချက်များကို တွေ့ရပေသည်။

ဆက်လက်ရေးသားမည့် အကြောင်းအရာမှာ ဝိညာဉ်ကလဲ့စားနှင့် ဆက်စပ်နေသော အကြောင်းအရာများပင် ဖြစ်ကြပေတော့သည်။







# အခန်း(၃)

# ရေနှမ်ခမ်းမနှင့်မှတ်တမ်းများ

**ဒေါက်**တာမင်းထင်ကျော်တို့ စီးလာသော ကားကလေးသည် မြို့ပြင်သို့ ထွက်လာခဲ့ပြီးနောက် အဝေးပြေးလမ်းမကြီးပေါ်၌ ပြေးလွှားနေလေသည်။

ကားပေါ်မှာတော့လူသုံးယောက် ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့်အတူ ဟယ်ရိုပန်ဆိုက်နှင့် ဝီလီယန်တို့နှစ်ယောက်လည်း အတူပါလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သုံးယောက်စလုံးမှာ လန်ဒန်မြို့ရှိ မနောသုတေသနအသင်းကြီး (Btitish, Societyfor Psychical Research) မှအဖွဲ့ဝင်များဖြစ်ကြသည်။

ကားမောင်းသူက ဝီလီယန်ဖြစ်ပြီး ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်ရီပရိုက်က နောက်ခန်းမှစကားပြောရင်းနှင့် ထိုင်လိုက်လာကြသည်။ ဟယ်ရီပရိုက်မှာ မနောသုတေသနအသင်းကြီး၏ အတွင်းရေးမှူးတာဝန် ယူထားသူဖြစ်သည်။

၎င်းတို့ သွားကြမည့်နေရာမှာ လန်ဒန်မြို့မှ မိုင်အနည်းငယ်ဝေးသော နော်ဖော့မြို့ရှိရာသို့ဖြစ်သည်။

နော်ဖော့မြို့ အစွန်တစ်နေရာတွင် ကျေးလက်စံအိမ်ကြီးတစ်လုံးရှိသည်။ ထိုအိမ်ကြီး၌ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များ ဖြစ်နေသည်ဟု သတင်းကြားကြသဖြင့် သွားရောက်စုံစမ်းရန်အတွက် ထွက်လာကြခြင်းဖြစ်သည်။

မနောသုတေသီအသင်း၌ ရှိကြသော အဖွဲ့သားများကို အများအားဖြင့်တော့ ပရလောကမုဆိုးများ (Ghost Hunters) ဟုခေါ်ဝေါ်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နာနာဘာဝနှင့် ဖတ်သက်သည့် အကြောင်းများကို လေ့လာရာ၌သော်လည်းကောင်း၊ ပရလောကသားများနှင့် တွေ့ဆုံရန် ရှာဖွေကြရာတွင် များစွာကျွမ်းကျင်မှုရှိကြသဖြင့် ထိုအမည်ကို ပေးထားကြခြင်းဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော် အပါအဝင် မနောသု





တေသနအသင်းဝင်အားလုံးတို့မှာ ဝိညာဉ်လောကနှင့် သက်ဆိုင်သော ကိစ္စများကို များစွာစိတ်ဝင်စားကြသည်။

သရဲခြောက်သည်ဟု နာမည်ကြီးလှသော နေရာများသို့ လှည့်လည်သွားလာကာ သုတေသနပြုကြခြင်း ဖြစ်သည်။ ထိုသို့ သုတေသနပြုရာတွင် ထူးခြားဆန်းကြယ်သော အကြောင်းများနှင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသောအကြောင်း များစွာတို့နှင့်လည်း တွေ့ကြုံခဲ့ကြရပေသည်။

ယခုလည်း အင်္ဂလန်နိုင်ငံအတွင်းရှိ သရဲခြောက်သောနေရာများကို လိုက်လံရှာဖွေ သုတေသနပြုကြရင်းမှ နော်ဖော့မြို့သို့ ရောက်လာကြခြင်း ဖြစ်သည်။

နော်ဖော့မြို့၌ရှိသော ကျေးလက်စံအိမ်ကြီးတစ်လုံးမှာ သရဲခြောက်လှန့်မှုကြမ်းသော နေရာများထဲတွင် တစ်နေရာပါဝင်သောကြောင့် ထိုနေရာ၌သုတေသနပြု လေ့လာကြရန် လာကြခြင်းလည်းဖြစ်သည်။

ကျေးလက်စံအိမ်ကြီးမှာ လူနေထိုင်သော နေရာများနှင့် အတော်ပင်ဝေးလှပြီး ကျယ်ဝန်းလှသော မြေကွက်ကြီးအတွင်း၌ တည်ဆောက်ထားသော စံအိမ်လည်းဖြစ်သည်။

စံအိမ်ကြီးရှိသောနေရာသို့ သွားသောကားလမ်းမှာ ကျယ်ဝန်းသည့်အပြင် ညီညာပြန့်ပြူးမှုလည်းရှိသည်။ ကားလမ်းဘေးတစ်ဖက်တစ်ချက်တွင် မြက်ခင်းစိမ်းများ ရှိသည့်အပြင် စိမ်းလန်းသော တောအုပ်များကလည်း သွယ်တန်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညာလှသောကားလမ်းသည် စံအိမ်ကြီးရှိရာသို့ တဖြောင့်တည်း ဦးတိုက်သွားကာ ဝင်ပေါက်နေရာရောက်တော့ အဆုံးသတ်သွားလေသည်။

ထိုစံအိမ်ကြီး၏ မူလပိုင်ရှင်မှာ မစ္စတာတောင်းရှင်းဆိုသူဖြစ်ပြီး စံအိမ်ကြီးအတွင်းတွင် မြင့်မြတ်သော မျိုးနွယ်များကို ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးလေ့ရှိသည့် ခန်းမဆောင်ကြီးတစ်ဆောင်ရှိသည်။

ရေနမ်ခန်းမ (Raynham Hall)ဟု အမည်ပေးထားသည့် နာမည်ကျော်ကြားလှသော ထိုခန်းမဆောင်ကိုပင် အစွဲပြုလျှက် 'ရေနမ်ခန်းမစံအိမ်ကြီး'ဟုပင် အလွယ်တကူအမည်ပေးကာ ခေါ်ဝေါ်အသုံးပြုကြလေသည်။

ထိုစံအိမ်ကြီးသို့ ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ရောက်နေပြီဖြစ်၏။ ကားကို သင့်တော်သောနေရာတွင် ရပ်ထားပြီး ကားပေါ်တွင်ပါလာသောပစ္စည်းများကို အပြင်သို့ထုတ်ကြလေသည်။ ၎င်းတို့ ယူဆောင်လာသော ကိရိယာများမှာ နည်းစံနစ်မြင့်မားသော အသံဖမ်းကိရိယာအချို့နှင့် ကင်မရာ စသည်တို့ဖြစ်ကြသည်။

၎င်းတို့ လာရောက်နေထိုင်ကြမည့်အကြောင်း ကြိုတင်စာရင်းပေးပို့ထားပြီးဖြစ်သော ထိုအိမ်ကို စောင့်ရှောက်နေသူများက ကောင်းမွန်စွာ လက်ခံကြိုဆိုပြီး အိမ်ကြီးအတွင်းသို့ လိုက်ပို့ပေးကြလေသည်။





"ကျွန်တော်တို့က ဒီအိမ်ကြီးကို စောင့်ရှောက်ပေးဖို့ တာဝန်ကျနေတဲ့သူတွေ ဖြစ်ပါတယ်၊ ဆရာတို့နဲ့တွေ့ရတာလည်း ဝမ်းသာပါတယ်၊ ကျွန်တော်တို့ကို ခိုင်းစရာရှိရင် ခေါ်ခိုင်းနိုင်ပါတယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ငွေအချို့ကိုပေးလိုက်ရာ ကျေးဇူးတင်ကြောင်းပြောလျှက် အရိုအသေပေးကာ ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ သုံးယောက်သား ပါလာသော အထုပ်အပိုးများကိုချပြီး ဧည့်ခန်းတွင် ဝင်ရောက်နားကြလေသည်။

ကျေးလက်စံအိမ်ကြီးမှာ အပြင်ကကြည့်စဉ် ခန့်ထည်မှုရှိသလောက် အတွင်းရောက်သောအခါမှာလည်း ခမ်းနားထည်ဝါမှုများကို တွေ့ကြရသည်။

လူသူနေထိုင်ခြင်းမရှိသည်မှာ အတော်ကြာခဲ့ပြီဟု ကြားသိရသော်လည်း အတွင်းမှာတော့ အသုံးအဆောင်ပရိဘောဂများက ခြေရာလက်ရာမပျက်ပင် ရှိကြသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ နံနက်လင်းစကတည်းက ကားဖြင့်ထွက်ခဲ့ကြသဖြင့် ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်ရာ ဆိုဖာများပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ကာ စကားပြောနေကြသည်။

"ဒီလို အိမ်ကြီးအိမ်ကောင်းတစ်လုံးမှာ နေတဲ့သူ မရှိတာတော့ စိတ်ဝင်စားစရာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဝီလီယန်ကပြောသည်။

"ဒါကတော့ အိမ်ကြီးက ဘယ်လောက်ပဲ ကောင်းပေမယ့် ဒီမှာရှိနေတဲ့ ပရလောကသားတွေက မနေနိုင်အောင် ခြောက်လှန့်နှောက်ယှက်နေမယ်ဆိုရင်တော့ ကြာရှည်နေနိုင်ကြမယ် မထင်ဘူး"

မနောသုတေသနအသင်းကြီး၏ အတွင်းရေးမှူး တစ်ယောက်ဖြစ်သူ ဟယ်ရီပရိုက်စကားကို ထောက်ခံသည့်အနေဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"မှန်ပါတယ်၊ ဝိညာဉ်တွေရဲ့ ခြောက်လှန့်မှုမရှိခဲ့ဘူးဆိုရင်တော့ ဒီမှာနေရတာ ပျော်စရာကောင်းမှာပါ။ ဝယ်ထားတဲ့လူတွေက ငွေကြေးအမြောက်အများ အကုန်ခံပြီး ဝယ်ထားကြပေမယ့် မနေနိုင်လောက်တဲ့အကြောင်းတွေ ရှိနေလို့သာ အခုလို စွန့်လွှတ်ထားကြတာ ဖြစ်ပါလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း အေးအေးဆေးဆေး ပြောပြလိုက်သည်။

"ဒေါက်တာမင်းထင်ကျော်ပြောတာ အများကြီးဖြစ်နိုင်ပါတယ်၊ ဝယ်တဲ့လူတွေအဆက်ဆက် ဘာကြောင့်မနေနိုင်ကြသလဲဆိုတဲ့ အဖြေတစ်ခုတော့ရှိမှာပါ"

"ဒီအခြေအနေကိုသိအောင်လည်း ကြိုးစားကြည့်ရမယ်ဗျ"

"ကျွန်တော်တို့နဲ့ ဆက်စပ်မှုရှိရင်တော့ တွေ့ရမယ် ထင်





ပါတယ်၊ ဒီညကစပြီး ကြိုးစားကြတာပေါ့၊ ဒါထက် ကျွန်တော်တို့ ဘယ်လိုနေကြမလဲ"

"သုံးယောက်စုပြီး နေကြတာနဲ့စာရင် တစ်ယောက်တစ်ခန်းစီခွဲနေရင် ဝိညာဉ်နဲ့တွေ့ရတာ ပိုပြီးနီးစပ်မယ်ထင်ပါတယ်၊ မကောင်းဘူးလား"

ဒေါက်တာမင်းထင်ကျော်ပြောသည်ကို ကျန်နှစ်ယောက်ကပါ သဘောတူလက်ခံကြသည်။

"ကိုမင်းထင်ကျော်ပြောတာကို လက်ခံပါတယ်၊ ကင်မရာတစ်လုံး အသံဖမ်းစက်တစ်လုံးစီနဲ့ ကိုယ့်အခန်းနဲ့ကိုယ်နေပြီး လွတ်လွတ်လပ်လပ် လေ့လာကြည့်ကြတာပေါ့"

ဝီလီယန်က အားတက်သရော ဝင်ပြောလေသည်။

ထို့နောက် အစောင့်နှစ်ယောက်ကိုခေါ်ပြီး အထုပ်အပိုးများကို အပေါ်ထပ်အခန်းများသို့ လိုက်ပို့ခိုင်းကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့်ပါလာသော အစောင့်မှာ 'မိုက်ကယ်'ဆိုသောသူဖြစ်ပြီး ထိုအိမ်ကြီးသို့ ရောက်နေသည်မှာ နှစ်အတော်ကြာပြီဖြစ်ကြောင်း နောက်တွင်သိရလေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းကို ငွေအချို့ထပ်ပေးပြီး သုံးယောက်အတွက် ညစာစီစဉ်ခိုင်းရင်း သိချင်သောအချက်များကို မေးကြည့်သည်။

"ဒီအိမ်ကြီးမှာ ဘယ်လိုခြောက်လှန့်မှုတွေ ရှိနေတာလဲ"

ထိုသို့မေးသောအခါ မိုက်ကယ်က အရေးမကြီးသော



www.burmeseclassic.com

www.burmeseclassic.com



အမူအယာမျိုးဖြင့် ပြန်ပြောသည်။

"တစ္ဆေက များများမရှိပါဘူး တစ်ကောင်တည်းပါပဲ၊ ဒါပေမယ့် သူက ကြမ်းတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာပြုံးလိုက်သည်။

"သူက ဘယ်လိုခြောက်လှန့်တာလဲ"

"သိပ်ကြမ်းကြမ်းတမ်းတမ်းတော့ မဟုတ်ပါဘူး၊ ရုပ်ချောတဲ့ တစ္ဆေမလေးက ဒီအိမ်ကိုလာတဲ့သူတွေကို မိတ်ဖွဲ့ချင်တဲ့ သဘောမျိုးလောက်သာရှိတာပါ"

မိုက်ကယ်က ဒေါက်တာမင်းထင်ကျော်၏ ပစ္စည်းများကို အခန်းအတွင်း၌ နေရာချပေးနေရင်းမှ အရေးမကြီးသော အမူအရာမျိုးဖြင့် ပြန်ပြောသည်။

ဒေါက်တာမင်းထင်ကျော် ကြားရသလောက်တော့ ထိုစံအိမ်ကြီးမှာ သရဲအခြောက်ဆုံး နေရာများထဲတွင် တစ်နေရာအဖြစ် ပါဝင်ပြီး ခြောက်လှန့်မှုလည်း အတော်ပင် ကြမ်းသည်ဆိုသော သတင်းများပင် ဖြစ်သည်။

"ဒါထက် သူဘယ်သူလဲဆိုတာရော မင်းသိသလား"

"သေသေချာချာတော့ မသိဘူးဗျ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဟိုဗီရိုထဲမှာတော့ ဒီအိမ်ကြီးနဲ့ပတ်သက်တဲ့အကြောင်းတွေကို မှတ်တမ်းရေးထားတာတွေတော့ ရှိတယ်၊ ခင်ဗျားစိတ်ဝင်စားရင်တော့ ယူပြီးလှေ့လာကြည့်ပေါ့"





ထိုသို့ပြောပြပြီးနောက် မိုက်ကယ်က အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ အတော်ပင်ဝမ်းသာသွားရလေသည်။ ထိုအိမ်ကြီးနှင့်ပတ်သက်သော အကြောင်းများကို ကြိုတင်သိထားခြင်းကပင် မည်သို့မည်ပုံ ကြိုတင်ပြင်ဆင်ထားရမည်ကို သိနိုင်သောကြောင့် ဖြစ်လေသည်။

အချိန်ကလည်း နေဝင်ချိန်သို့ ရောက်လာပြီ ဖြစ်ပေသည်။ နေရာအနှံ့တွင် လျှပ်စစ်မီးပွင့်များ ထွန်းထားသော်လည်း နေရာအတော်များများကတော့ အလင်းရောင်မရောက်ပဲ မှောင်နေသည်။

ဒေါက်တာမင်းထင်ကျော်က ပါလာသော ပစ္စည်းများကို အိတ်ထဲမှထုတ်ပြီး စားပွဲပေါ်တွင် နေရာချထားသည်။

အရေးအကြောင်းပေါ်လာပါက ချက်ချင်းအသုံးပြုနိုင်ရန် အဆင်သင့် ပြင်ဆင်ထားခြင်းဖြစ်၏။

ထို့နောက် အခန်းထောင့်တစ်နေရာ၌ရှိသော ဗီရိုကို ဖွင့်ကြည့်လိုက်ရာ သားရေအဖုံးဖြင့် ချုပ်ထားသော မှတ်တမ်းစာအုပ်ကိုတွေ့သဖြင့် ယူလာပြီး ဖွင့်ဖတ်ကြည့်သည်။

ရေနမ်ခန်းမစံအိမ်ကြီးနှင့် ပတ်သက်သော ဖြစ်ပျက်ခဲ့ပြီးသောမှတ်တမ်းများကို ရေးသားထားခြင်းက စိတ်ဝင်စားဘွယ်ရာ ကောင်းလှသည်။

"အညိုရောင် မိန်းကလေး"ဆိုသည်မှာ ဝိညာဉ်တစ်



www.burmeseclassic.com

www.burmeseclassic.com



တောင်၏ အမည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ နော်ဖော့မြို့ရှိ ရေနမ်ခန်းမတွင် ခြောက်လှန့်နေပါသည်ဟု နှစ်ပေါင်း(၂၅၀)အတွင်း သတင်းပို့မှု အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သည့် အင်္ဂလန်နိုင်ငံမှ ကျော်ကြားသော ဝိညာဉ်ဇာတ်လမ်းတစ်ခုပင်ဖြစ်သည်။

ထူးခြားသည်မှာ ယင်းအဖြစ်အပျက်တွင် ဝိညာဉ်၏ ဓါတ်ပုံကို ဖလင်ကော်ပြားတစ်ချပ်ပေါ်တွင် ဖမ်းယူရရှိခဲ့ခြင်းပင်ဖြစ်သည်။

"အညိုရောင် မိန်းကလေးဟု အမည်တွင်ရခြင်းမှာလည်း ဓာတ်ပုံတွင်ပေါ်လွင်နေသော ဝိညာဉ်၏ပုံစံသည် မိန်းကလေးတစ်ဦးနှင့် ပုံစံတူပြီး ယင်းဝတ်ဆင်ထားသည်မှာလည်း အညိုရောင်ဘရိုကိတ် ဂါဝန်ရှည်ဖြစ်သည်ဟု ရေလာသူများက သုံးသပ်သောကြောင့် ဖြစ်သည်။

ယင်းအညိုရောင် မိန်းကလေးမှာ မည်သူမည်ဝါဖြစ်သည်ဟု အတိအကျ မဖော်ပြနိုင်သော်လည်း ထိုအိမ်၏ နံရံတွင် ချိတ်ဆွဲထားသည့် ဓါတ်ပုံရှင်ဖြစ်သည့် လေဒီဒိုရိုသီ ဝေါ(လ)ပိုး(လ)(LadyDorothy Walpole)ဖြစ်သည်ဟု သုတေသီများက ယူဆခဲ့သည်။ ယင်းမိန်းကလေးမှာ သာမန်မိန်းကလေးတစ်ဦး မဟုတ်ခဲ့ပေ။

သူမသည် အင်္ဂလန်နိုင်ငံ၏ မှူးမတ်သူကောင်းမျိုးနွယ် ချား(လ)(စ)တောင်းရှင်း (Charles Town Shend)၏ ဒုတိယဇနီးဖြစ်ပြီး ပါလီမန်အဖွဲ့ဝင် ရောဘတ်ဝေါ(လ)ပိုး(လ)၏သမီး





ဖြစ်သည်။ ထို့ပြင် သူမသည် အင်္ဂလန်နိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဟု ယူဆထားကြသည့် ဆာရောဘတ် ဝေါ(လ)ပိုး(လ)(Sir Robert Walpole)၏ ညီမတစ်ဦးဖြစ်သည်။

အထက်ဖော်ပြပါ ရေနမ်ခန်းမသည် သူကောင်းမျိုးနွယ် တောင်းရှင်းနေထိုင်ရာ အိမ်ကြီးမှ ခန်းမအမည်ဖြစ်သည်။

၁၇၈၆-ခုနှစ်တွင် မစ္စတာတောင်းရှင်းသည် အင်္ဂလန်နိုင်ငံ၏ သူကောင်းမျိုးနွယ်စာရင်းဝင် ဖြစ်လာခဲ့ပြီး လော့(ဒ)(Lord)ဘွဲ့ကို ရရှိခဲ့သည်။

သူနေထိုင်ရာ ရေနမ်ခန်းမသည် မြင့်မြတ်သော မျိုးနွယ်တို့၏ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားလျက်ရှိခဲ့သော ခန်းမကြီးတစ်ခုပင် ဖြစ်သည်။

လော့(ဒ)တောင်းရှင်း၏ ငယ်ချစ်မှာ အထက်တွင်ဖော်ပြခဲ့သော လေဒီဒိုရိုသီဝေါ(လ)ပိုး(လ)ဖြစ်သည်။

လော့(ဒ)တောင်းရှင်း၏ ပထမဇနီး ကွယ်လွန်သွားပြီးစတွင် လော့(ဒ)တောင်းရှင်းသည် စိတ်ဝေဒနာခံစားနေခဲ့ရသည်။

နောက်ပိုင်းတွင် သူ၏ငယ်ချစ်ဖြစ်သူ ဒိုရိုသီဝေါ(လ)ပိုး(လ)နှင့် လက်ထပ်ခဲ့သည်။

သို့သော် ငယ်ချစ်နှစ်ဦး ပြန်လည်ပေါင်းဖက်မှုမှာ ကြာရှည်မခံခဲ့ပေ။

သူတို့နှစ်ဦးလက်ထပ်ပြီးမကြာမီမှာပင် ဒိုရိုသီဝေါ(လ)ပိုး(လ)သည် သူနှင့်လက်ထပ်ခြင်းမပြုမီ အတန်ကြာကပင် လော့

www.burmeseclassic.com



(ဒ)ဝါတွန်(Lord Wharton)နှင့် လက်ထပ်ခဲ့ဘူးကြောင်းကို လော့(ဒ)တောင်းရှင်း သိသွားခဲ့သည်။

ဒေါသအိုးပေါက်ကွဲခဲ့သော လော့(ဒ)တောင်းရှင်းသည် ဒိုရိုသီအား အပြစ်ပေးသည့်အနေနှင့် အခန်းတစ်ခုထဲတွင် ပိတ်လှောင်ထားခဲ့လေသည်။

ဇာတ်လမ်းအတိအကျမှာ ဤမျှသာဖြစ်သည်။

နောက်ပိုင်း ဖြစ်ပေါ်လာခဲ့သော ဒိုရိုသီ၏ ဇာတ်လမ်းမှာမူ အမျိုးမျိုးပင်ဖော်ပြထားကြသည်။

မှတ်တမ်းအချို့တွင် ဒိုရိုသီသည် ပြင်းထန်သောအသည်းကွဲဝေဒနာဖြင့် သေဆုံးသွားသည်ဟု ဖော်ပြခဲ့သည်။

အခြားမှတ်တမ်းတစ်ခုတွင်မူ ဒိုရိုသီသည် လှေခါးမှလိမ့်ကျခဲ့သည်ဟု ဖော်ပြထားသည်။

ကျန်မှတ်တမ်းများတွင် ဒိုရိုသီသည် ကျောက်ရောဂါဖြင့် သေဆုံးခဲ့သည်ဟုဖော်ပြခဲ့သည်။

ထိုသို့ သေပုံသေနည်းကို အမျိုးမျိုးဖော်ပြထားကြသော်လည်း သေချာသည့်အချက်မှာမူ ၁၇၃၄-ခုနှစ်၊ အထက်ပါ အိမ်တော်ကြီးအား အခြားသူတစ်ဦးသို့ နောက်ဆုံးမရောင်းချမီအချိန်အထိ လေဒီဒိုရိုသီ၏ ပန်းချီကားကို အထက်ပါခန်းမကြီးတွင် ချိတ်ဆွဲထားခဲ့သည်ဟု ဆိုကြသည်။

ယင်းပန်းချီကားထဲမှပုံတွင် ဒိုရိုသီသည် အညိုရောင်ဘရိုကိတ်အင်္ကျီနှင့် လက်တွင်အမြိတ်ပါသော အပေါ်ထပ်အင်္ကျီ





ကို ဝတ်ဆင်ထားသည်။

သူမ၏ မျက်လုံးတို့မှာမူ ကြီးမားပြီး တောက်ပလှသည်။

အဆိုပါပန်းချီကားသည် နေ့ဘက်တွင်ကြည့်ပါက ပုံမှန်ပင်ဖြစ်သော်လည်း ညပိုင်း ဖယောင်းတိုင် အလင်းရောင်အောက်တွင် သရဲပုံပေါက်လာပြီး သူမ၏ချစ်စဖွယ်မျက်နှာမှာလည်း မျက်လုံးမပါသော ဦးခေါင်းခွံရိုးပုံစံကိုသာ မြင်ရသည်ဟု ဆိုသည်။

"အညိုရောင်မိန်းကလေး"ပုံပြင်တို့သည် ရာစုနှစ်ပေါင်းများစွာ အမျိုးမျိုးပေါ်ပေါက်ခဲ့သည်။

သို့သော် ထင်ရှားလူသိများလှသော အဖြစ်အပျက်သည် မင်းစိုးရာဇာဂျော့ချ်(၄)(George IV) ထိုစံအိမ်သို့ လာရောက်လည်ပတ်စဉ်တွင် ဖြစ်ပေါ်ခဲ့သည်။

ထိုစံအိမ်သို့ ဂျော့(ချ)လာရောက်သည့်အခါက ထိုစံအိမ်တော်ကြီးတွင် အရာရှိမင်းများ လာရောက်ပါက အိပ်စက်တည်းခိုရန် စီစဉ်ထားသောအခန်းတွင် နေရာပေးခဲ့သည်။

သူသည် ထိုအခန်း၌ အိပ်စက်နေစဉ် ညလယ်လောက်တွင် လန့်နိုးလာခဲ့သည်။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့အိပ်ယာဘေးတွင်အညိုရောင်အဝတ်အစားများ ဝတ်ဆင်လျက် ဆံပင်များ ဖရိုဖရဲကျနေကာ ဖျော့တော့ပြီးမဲပြာရောင်ရှိနေသော မျက်နှာဖြင့် သူ့အားငုံ့ကြည့်ကာ မတ်တပ်ရပ်နေသည့် အမျိုးသမီးကို တွေ့မြင်လိုက်ရသည်။

အလွန်အမင်းထိတ်လန့်ကြောက်ရွံ့သွားသော ဂျော့(ချ)



www.burmeseclassic.com

www.burmeseclassic.com



သည့် အိပ်ယာမှထရပ်လိုက်သောအခါတွင်ကား ထိုအမျိုးသမီးသည် ပျောက်ကွယ်သွားခဲ့သည်။

ထိုအဖြစ်အပျက်ကို ကြုံတွေ့ရပြီးနောက်တွင်မူ ဂျော့(ချ)သည် "နောက်နောင်တွင် ဤကဲ့သို့ ကျိန်စာသင့်နေသော အိမ်တွင် တစ်စက္ကန့်မျှ မနေလိုပါ"ဟုဆိုခဲ့သည်။

နောက်ကာလတွင် အဆိုပါ အညိုရောင်မိန်းကလေးအား တွေ့မြင်ရသည်ဆိုသော အဖြစ်အပျက်များ အချိန်အတော်ကြာ ရပ်တန့်ခဲ့လေသည်။

၁၈၃၅-ခုနှစ်တွင် မြင်တွေ့ရသူ ထပ်မံပေါ်ပေါက်လာခဲ့သည်။ တွေ့ရသည့်အချိန်မှာ ခရစ္စမတ်အချိန်ဖြစ်သည်။

ထိုစဉ်က ခရစ္စမတ်ပွဲတော်ဆင်နွှဲရန်အတွက် လော့(ဒ)တောင်းရှင့်သည် ဧည့်သည်အများအပြား ဖိတ်ထားပြီး ခန်းမကြီးအတွင်း နေရာချထားခဲ့သည်။

ဖိတ်ကြားခံရသူများတွင် ကာနယ်လော့(ဖ)တပ်(စ) (Colonel Loftus)လည်းပါဝင်ခဲ့သည်။

ယင်းကာနယ်သည် အညိုရောင်မိန်းကလေးအား ညဖက်တွင် (၂)ကြိမ်တိုင်တိုင် တွေ့မြင်ခဲ့ရသည်။

ပထမအကြိမ်တွင် သူမသည် လေဒီတောင်းရှင်း၏ အနောက်ဘက်တွင် မတ်တပ်ရပ်နေခဲ့ပြီး ကာနယ်က သူမနောက်သို့ လိုက်ပါသွားသည့်အခါတွင် သူမသည်ကော်ရစ်ဒါဘက်သို့ ဆင်းသွားခဲ့ပြီး ပျောက်ကွယ်သွားခဲ့သည်။





နောက်တစ်ညတွင် သူသည် အညိုရောင်မိန်းကလေးအား မီးအိမ်ကိုကိုင်လျက် အနေအထားဖြင့် လှေခါးပေါ်တွင် တွေ့မြင်ခဲ့ရသည်။

ကာနယ်က အညိုရောင် မိန်းကလေးအကြောင်း ဖော်ပြရာတွင်. . .

"သူမသည် လှပသော အညိုရောင် ဘရိုကိတ်ဝတ်စုံကို ဝတ်ထားပြီး ဦးခေါင်းတွင် ကက်(ပ)ဦးထုပ်တစ်လုံးကို ဆောင်းထားခဲ့သည်" ဟု ဆိုသည်။

သို့သော် သူမ၏ မျက်လုံးများမှာမူ မျက်လုံးအိမ်ကို မတွေ့ရဘဲ ဟောင်းလောင်းပေါက် ဖြစ်နေသည်ဟု ဆိုခဲ့သည်။

ယင်းပုံအား ဧည့်သည်အားလုံး စုဆုံသည့် နံနက်စာစားပွဲတွင် ကာနယ်က ပုံတူဆွဲပြခဲ့သည်။

နောက်များမကြာမီတွင် အညိုရောင်မိန်းကလေးအား မြင်တွေ့ခဲ့ရသူမှာ ကက်ပတိန် ဖရက်ဒရစ်မားရပ်(Captain Frederick Marryat)ဖြစ်သည်။

သူသည် ကျော်ကြားသော ဝတ္ထုရေးဆရာတစ်ယောက်ဖြစ်သည်။ သူ့အားလည်း အထက်ဖော်ပြပါ ခန်းမသို့ ဖိတ်ခေါ်ခြင်းခံခဲ့ရခြင်း ဖြစ်သည်။

ထိုခန်းမတွင် တည်းခိုသော ညတစ်ညတွင် မားရပ်နှင့် လော့(ဒ)တောင်းရှင်း၏ တူနှစ်ယောက်တို့သည် ကော်ရစ်ဒါတစ်ခုတွင် အညိုရောင်မိန်းကလေးနှင့် မျက်နှာချင်းဆိုင် တွေ့ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမသည် ထွန်းညှိထားသော မီးအိမ်တစ်ခုကို ကိုင်ဆောင်ကာ မားရပ်အား ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြုံးပြနေခဲ့သည်။

ထိုအချိန်တွင် မားရပ်သည် ပစ္စတိုတစ်လက် အသင့်သယ်ဆောင်လာခဲ့သည်ဖြစ်၍ ကြောက်လန့်တကြားဖြင့် ပစ္စတိုနှင့်ချိန်ရွယ်ကာ ပစ်ခတ်လိုက်တော့သည်။

မားရပ်က သူ၏ ပစ္စတိုကျည်ဆံသည် အညိုရောင်မိန်းကလေးအား အသေအချာထိမှန်ပြီး ဖောက်ထွက်သွားခဲ့သည်ဟု ကျိန်တွယ်ပြောခဲ့သည်။ အညိုရောင်မိန်းကလေး ရပ်နေသည့်နေရာနောက်တွင် သေနတ်မှန်ထားသည့်နေရာကို တွေ့ခဲ့ရသည်။

ထို့နောက် အညိုရောင် မိန်းကလေးတွေ့ရှိမှု သတင်းတို့သည် ၁၉၃၆-ခုနှစ်ထိ ပျောက်ကွယ်နေခဲ့သည်။

၁၉၃၆-ခုနှစ် စက်တင်ဘာလ ၁၉-ရက်နေ့တွင် လန်ဒန်အခြေစိုက် ဓါတ်ပုံဆရာ ကက်ပ်တိန် ဟူးဘတ်စီပရိုဘင် (Captain Jubert C.Provan)နှင့် သူ၏လက်ထောက် အင်ဒရေးရှီးယား(Indre Shira)တို့သည် ကျေးလက်ဘဝ(Country life) မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်အတွက် ရေနမ်ခန်းမကြီးအတွင်း ဓာတ်ပုံများ ရိုက်ကူးလျက်ရှိသည်။

သူတို့အဆိုအရ သူတို့သည် ပင်မလှေခါးကြီးအား ဓာတ်ပုံရိုက်ကူးရန် ချိန်ရွယ်နေစဉ်တွင် ရှီးရားက. . ပထမတွင် အခိုးအငွေ့များ လွင့်မြောနေရာမှ တဖြည်းဖြည်းနှင့် မိန်းမပျိုတစ်ယောက်ပုံစံသို့ ပြောင်းလဲသွားပြီး ယင်းအမျိုးသမီး ပုံသဏ္ဌာန်သည် သူတို့ထံသို့ လှေကားထက်မှ ဆင်းသက်လာသည်ကို တွေ့လိုက်ရသည်။

ရှီးရား၏ အလန့်တကြား သတိပေးညွှန်ပြချက်များအတိုင်း ပရိုဘင်က ချိန်ရွယ်လျှက် ကင်မရာ အဖုံးကိုဖွင့်လိုက်ပြီး ကင်မရာမီးခွက်ကို လျှပ်တပြက် ဖွင့်လိုက်သည်။

ဓာတ်ပုံရိုက်ယူလိုက်ပြီး ဖလင်ကူးယူပြီးသည့်နောက်တွင် ကမ္ဘာတလွှား နာမည်ကြီးလှသော အညိုရောင်မိန်းမငယ်၏ နာမည်ကျော်ဓါတ်ပုံကို ရရှိခဲ့တော့သည်။

ယင်းဓါတ်ပုံအား ၁၉၃၆-ခုနှစ် ဒီဇင်ဘာ(၂၆)ရက်နေ့ထုတ် ကျေးလက်ဘဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

ထို့နောက် ရိုက်ကူးရေး အချက်အလက်များကို ဖော်ပြလျှက် ၁၉၃၇-ခုနှစ် လိုက်(ဖ)မဂ္ဂဇင်းတွင်လည်း ဖော်ပြခဲ့သည်။

ထိုအချိန်က နာမည်ကျော်ကြားသော သဘာဝလွန်အဖြစ်အပျက်များအား လေ့လာနေသော ပညာရှင် ဟာရီပရိုက်(စ)(Harry Price)က အဆိုပါဓါတ်ပုံနှင့် ဓါတ်ပုံဆရာနှစ်ဦးအား မေးမြန်းစူးစမ်းခဲ့သည်။

သူက အသေအချာ မေးမြန်းလေ့လာပြီးနောက်. .

"အလွန်သဘာဝကျစရာကောင်းသော ဓာတ်ပုံအစစ်အမှန်တစ်ခုဖြစ်ပြီး ရိုက်ကူးသူနှစ်ယောက်မှာလည်း လုံးဝလိမ်







www.burmeseclassic.com

www.burmeseclassic.com



လည်လှည့်ဖြားခြင်းမရှိ"

ဟု မှတ်ချက်ချခဲ့သည်။

ယင်းဓါတ်ပုံအား မယုံကြည်သူများရှိသော်လည်း ကမ္ဘာတစ်ဝှမ်းမှ ဓါတ်ပုံကျွမ်းကျင်ပညာရှင်များသည်လည်း ကြိမ်ဖန်များစွာပင် စစ်ဆေးခဲ့ကြပြီး အစစ်အမှန်ဓါတ်ပုံဖြစ်ကြောင်း ထောက်ခံမှုများ ပေးခဲ့ကြသည်။

ထူးဆန်းအံ့သြဖွယ်ကောင်းသော ဝိညာဉ်အကြောင်းအရာများတွင် ယင်းပုံနှင့် အဖြစ်အပျက်များသည် ပဟေဠိဆန်လှပေသည်။

အထက်ပါမှတ်တမ်းများမှာ ရေနမ်ခန်းမစံအိမ်ကြီးနှင့် ပတ်သက်သော ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားသော အကောင်းအရာများပင် ဖြစ်ပေသည်။

ထိုမှတ်တမ်းများထဲတွင် ရေနမ်ခန်းမနှင့် ပတ်သက်သော(ဝိညာဉ်နှင့် ပတ်သက်ခဲ့သော)အကြောင်းများတွင် အမိကကျသော လေဒီဗိုရိုသီဝေါလ်ပိုးလ်နှင့် ပတ်သက်သောအကြောင်းအရာများကတော့ သာမန်လောက်သာတွေ့ရပြီး ပြည့်စုံစွာ ဖော်ပြထားသည်ကိုတော့ မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က မှတ်တမ်းစာအုပ်ကို ပိတ်ကာ မျက်စိမှိတ်ထားလျက် စဉ်းစားနေသည်။

ဓါတ်ပုံမှတ်တမ်း၌ ဖော်ပြထားသော ဗိုရိုသီ၏ ရုပ်ပုံလွှာမှာ အတော်ပင်ချောမောလှပလေသည်။





မြင့်မြတ်သော မျိုးရိုးအစဉ်အဆက်မှ မွေးဖွားကြီးပြင်းလာပြီး ချောမောလှပသည့် ရုပ်ဆင်းအင်္ဂါကို ပိုင်ဆိုင်ခွင့်ရခဲ့သော ဘဝကံအကျိုးပေး မကောင်းခဲ့သဖြင့် ဘဝဆိုးနှင့် ကြုံတွေ့ခဲ့ရသော မိန်းမချောကလေး ဗိုရိုသီ၏အကြောင်းကို စိတ်ဝင်စားနေမိပေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

# အချစ်ကံဆိုးရှာသောဝိညာဉ်

ညဦးပိုင်းအချိန်ကျော်တော့ မိုက်ကယ်တို့စီစဉ်ပေးသော အစားအသောက်များကို စားသောက်ကြပြီးနောက် သုံးယောက်စလုံး မိမိတို့ အခန်းများရှိရာသို့ ပြန်လာကြလေသည်။ သူတို့သုံးယောက်စလုံး တစ်နေကုန်ခရီးပင်ပန်းလာကြသော်လည်း ထိုညအဖို့တော့ အိပ်ကြရမည်မဟုတ်ပေ။

ခြောက်လှန့်နေသော သရဲတစ္ဆေနှင့်တွေ့ရန် ကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြရဦးမည်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က မိမိအခန်းသို့ ပြန်ရောက်သောအခါ တံခါးကိုစေ့ရုံသာစေ့ထားပြီး ကုတင်ပေါ်၌ လဲလျောင်းကာ ဖတ်လက်စမှတ်တမ်းစာအုပ်ကို ပြန်လည်ဖတ်ရှုနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မည်သည့်အသံမှ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ လူသူနေထိုင်မှုနှင့် ဝေးသောနေရာ ဖြစ်သဖြင့်လည်း လူသံကားသံများ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က မှတ်တမ်းများကိုဖတ်နေရင်း စားပွဲပေါ်တွင်ချထားသော ကင်မရာနှင့် အသံဖမ်းစက်ကိုလည်း ဖွင့်ထားသည်။

ညဉ့်နက်ပိုင်းရောက်လာတော့ အခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံကို စတင်ကြားလာရသည်။ အဖော်နှစ်ယောက်ဖြစ်သော ဝီလီယန်နှင့် ဟယ်ရီပရိုက်တို့ ခြေသံဖြစ်လေမလားဟု နားစွင့်ကြည့်သော်လည်း မဟုတ်နိုင်ပေ။

ခြေသံက လွတ်လွတ်လပ်လပ်လျှောက်လာသော ခြေသံမျိုးမဟုတ်ပဲ ခပ်ဖွဖွနင်းလျှောက်လာသော ခြေသံမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဖတ်လက်စမှတ်တမ်းစာ





အုပ်ကို စားပွဲပေါ် ပြန်တင်ထားလိုက်ပြီး ဖွင့်ထားသော မီးများကို ပိတ်လိုက်သည်။ မီးပိတ်လိုက်သောအခါ အခန်းတွင်း၌ မှောင်သွားလေသည်။

စကြံန်လမ်းတွင် ထွန်းထားသော မီးအလင်းရောင်က တံခါးအောက်ခြေမှ အခန်းတွင်းသို့ တစွန်းတစ်စ ဝင်ရောက်နေရာ အခန်းတွင်းမှအခြေအနေကိုတော့ အနည်းငယ်မြင်နိုင်သေးသည်။

တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်နေစဉ် စောစောက ကြားလိုက်ရသော ခြေသံက ပြန်ကြားလာရပြန်သည်။

တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံက အခန်းပေါက်ဝရောက်တော့ ရပ်တန့်သွားသည်။

လှုပ်ရှားနေသော ပုံရိပ်ကိုတော့ မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ မျက်စိမှိတ်လျက် အာရုံပြုကာ မေတ္တာပို့ပေးလိုက်သည်။

ထိုကဲ့သို့ မျက်စိမှိတ်ထားစဉ် စေ့ထားသော တံခါးချပ်၏ တဖြည်းဖြည်းပွင့်သွားသောအသံကို နားထဲမှာ ကြားနေရသည်။

ဒေါက်တာမင်းထင်ကျော်က မျက်စိမဖွင့်သေးပဲ ငြိမ်သက်နေသည်။ တံခါးချပ်ပွင့်သွားသောကြောင့် အပြင်ဘက်မှ တိုးဝင်လာသော လေနှင့်အတူ ရေခဲတုံးတမျှ အေးစိမ့်နေသော အငွေ့အသက်တစ်ခုပါ ပါနေသည်ကို စိတ်ထဲမှခံစားရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စိတ်ကိုတည်ငြိမ်စွာထားပြီး မျက်စိကိုဖြည်းဖြည်းချင်းဖွင့်ကြည့်လိုက်သည်။

စကြိန်လမ်းဘက်တွင် ထွန်းထားသော မီးရောင်အချို့က အခန်းပေါက်ဝအထိ ရောက်နေသည်။ မီးရောင်မရောက်သည့် အခန်းတွင်းမှာတော့ အမှောင်ရိပ်များ ရှိနေသည်။

ထိုအမှောင်ရိပ်များရှိနေသည့် အခန်းပေါက်ဝမှာတော့ ပုံရိပ်တစ်ခုရှိနေလေသည်။

အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာရှိနေသည့် အသံဖမ်းစက်၊ ခလုတ်ကို ဖွင့်ထားလိုက်ပြီး ကင်မရာကိုယူလိုက်ကာ ကင်မရာဖြင့် ကြည့်လိုက်သည်။

ညဘက် ရိုက်ကူးရန်ပြင်ဆင်ထားသော မှန်ဘီလူးဖြင့် ကြည့်သောအခါမှာတော့ အံ့သြဖွယ်ရာ မြင်ကွင်းကိုတွေ့ရသည်။

ပထမတော့ အခန်းပေါက်ဝတွင် မီးခိုးငွေ့များကဲ့သို့ ပျံ့ဝဲနေသော အခိုးအငွေ့များကို အရင်တွေ့ရသည်။ ထိုကဲ့သို့ ပျံ့ဝဲနေသည့် အခိုးအငွေ့များတွင် မတည်မငြိမ်ဖြစ်နေသည့် လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကိုလည်း တွေ့နေရသည်။

မိန်းမပျို တစ်ယောက်၏ ပုံပန်းသဏ္ဌာန်မျိုးဖြစ်၏။ ဒေါက်တာမင်းထင်ကျော်က ကင်မရာဖြင့်ချိန်ကာ တစ်ကွက်ရိုက်လိုက်သည်။





ထိုသို့ ရိုက်နေရင်းမှပင် လွင့်မျောပြန့်လွင့်နေသော အခိုးအငွေ့များအဖြစ်မှ တဖြည်းဖြည်းနှင့် စုစည်းသွားပြီးနောက် ချောမောလှပသော မိန်းမပျိုတစ်ယောက်၏ ပုံပန်းသဏ္ဌာန်မှာ အတော်ပင် ရုပ်လုံးပီပြင်လာသည်။

ဒေါက်တာမင်းထင်ကျော်က နောက်တစ်ကွက် ထပ်ရိုက်လိုက်သည်။

နောက်တစ်ချက် ရိုက်ပြီးချိန်မှာတော့ ပွင့်နေသောတံခါးက အလိုလိုပြန်ပိတ်သွားသောကြောင့် အခန်းထဲတွင် အလင်းရောင်မရှိတော့ပဲ မှောင်သွားလေသည်။ ကင်မရာ မှန်ဘီလူးဖြင့် ကြည့်၍ မသဲကွဲတော့ပေ။ သို့ကြောင့် ကင်မရာကို ဖယ်လိုက်ပြီး ကြည့်လိုက်သည်။

ထိုသို့ကြည့်တော့မှ အမှောင်ထဲတွင် သူနှင့် မနီးမဝေးနေရာတွင် ရပ်နေသော မိန်းမပျိုတစ်ယောက်၏ ပုံရိပ်ကို ပီပီပြင်ပြင် တွေ့မြင်ရလေသည်။

ချောမောလှပပြီး ကိုယ်လုံးကိုယ်ထည်ဖွံ့ဖြိုးလှပသော မိန်းမပျိုတစ်ယောက်ပင် ဖြစ်လေသည်။

သူမသည် ရွှေရောင်ဆံပင် ရှိသည့်အပြင် အဖြူရောင်အကျီနှင့် ပိုးပျော့ဂါဝန်တစ်ခုတို့ကို ဝတ်ဆင်ထားလေသည်။

ထိုအခြေအနေမှာတော့ သူမ၏ ပုံပန်းသဏ္ဌာန်ကို ပီပီပြင်ပြင်တွေ့မြင်နေရပြီ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် အနေဖြင့် သူမကိုယ်ခုမှသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးခြင်းဖြစ်သော်လည်း ပထမဦးစွာ တွေ့ရခြင်းတော့ မဟုတ်ပေ။

တစ်ချိန်က ရေနံမီခန်းမတွင် ချိတ်ဆွဲထားသောပန်းချီကားကြီးတစ်ချပ် ရှိခဲ့သည်။ ထိုပန်းချီကားကို ဓာတ်ပုံဖြင့်ကူးယူပြီး မှတ်တမ်းစာအုပ်၌ ထည့်သွင်းထားသည်ကို တွေ့ခဲ့ဖူးသည်။

မှတ်တမ်းစာအုပ်က အိပ်ယာနံဘေးမှ စားပွဲပေါ်၌ပင် ရှိနေသေးသည်။ သူမ၏ နာမည်အပြည့်အစုံမှာ 'လေဒီဒိုရိုသီ ဝေါလ်ပိုးလ်'(Lady Dorothy Wapole)ပင်ဖြစ်ပေသည်။

ထိုသို့တအံ့တဩဖြင့် ကြည့်နေစဉ်မှာ သူမက အတော်ပင်နီးသောနေရာအထိ ရောက်လာလေသည်။

သူမနှင့် နီးကပ်လာသောအချိန်တွင် ရေခဲတမျှ အေးလှသော အအေးလှိုင်းတစ်ခုက လာရောက်ထိတွေ့နေလေသည်။ လေတိုးသံလိုလို လေချွန်နေသော အသံမျိုးဖြစ်သည်။

"ရှင်က ကျွန်မအကြောင်းကို သိချင်လို့ လာပြီးလေ့လာနေတာလား"

"ဟုတ်ပါတယ်၊ မင်းက ဒိုရိုသီ မဟုတ်လား"

"ဟုတ်ပါတယ်၊ နာမည်က ရှိနေသေးပေမယ့် ကျွန်မရဲ့ ရုပ်ခန္ဓာ ပျက်ဆီးသွားခဲ့တာတော့ အတော်ကလေး ကြာခဲ့ပါပြီ"

"မင်းရဲ့အကြောင်းကို သိရတာ စိတ်မကောင်းပါဘူး၊ မင်း ဘယ်လိုသေခဲ့ရတယ်ဆိုတာကို ပြောပြပေးနိုင်မလား"

သူမထံမှ တော်တော်နှင့် စကားသံထွက်မလာပေ။





အတန်ကြာတော့မှ ပြတ်တောင်းပြတ်တောင်းနှင့် စကားသံအချို့ ထွက်လာသည်။

"အချစ်နဲ့ပတ်သက်ရင် ဝန်တိုမှုများတဲ့ လူတစ်ယောက်ကြောင့် သေခဲ့ရတာပါ"

ဟု အစချီကာ သူမနှင့်ပတ်သက်သည့် ကြေကွဲဖွယ်ရာအကြောင်းအချို့ကို ပြန်ပြောပြသည်။

ဒိုရိုသီ၏ ဘဝအစပိုင်းကာလများမှာ ရွှေပေါ်မြတင်နေခဲ့ရသော ဘဝမျိုးဖြင့် စတင်ခဲ့လေသည်။

မြင့်မြတ်သော မျိုးနွယ်စုတစ်စုမှ မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည်။ ဖခင်မှာ ပါလီမန်အဖွဲ့ဝင် ရောဘတ်ဝေါလ်ပိုးဖြစ်ပြီး အစ်ကိုဖြစ်သူမှာ ဆာရောဘတ်ဝေါလ်ပိုးပင်ဖြစ်သည်။

သူမ အရွယ်ရောက်လာသောအချိန်တွင် ချစ်သူတစ်ယောက်နှင့် ဆုံတွေ့ခဲ့သည်။ သူကောင်းမျိုးနွယ်မှ မွေးဖွားကြီးပြင်းခဲ့သော တောင်ရှင်းဖြစ်သည်။

သို့သော် သူတို့နှစ်ဦးမှာ ဖူးစာမဆုံခဲ့ကြပေ။

နောက်တော့ တောင်ရှင်းက ချားလ်တောင်ရှင်း (Charles Town Shend)ဖြစ်လာပြီး အမျိုးသမီး တစ်ဦးနှင့် လက်ထပ်ခဲ့သည်။

ဒိုရိုသီကလည်း လော့ဒ်ဝါတွန်(Lord Whorton)ဆိုသူနှင့် လက်ထပ်ခဲ့သည်။ ထိုအကြောင်းကိုတော့ ချားလ်တောင်ရှင်းက မသိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ချားလ်တောင်ရှင်း၏ ပထမဇနီး ကွယ်လွန်သွားပြီး မရှေးမနှောင်းမှာပင် ဒိုရိုသီကလည်း လော့ဝါတွန်နှင့် ကွာရှင်းပြတ်စဲခဲ့သည်။

နောက်ပိုင်း ချားလ်တောင်ရှင်းက အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေးလောကတွင် တဖြည်းဖြည်းနှင့် နေရာရလာပြီးနောက် အင်္ဂလန်နိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်အဖြစ် တင်ပေးခံရသည့် အခြေအနေထိ ရောက်လာသည်။

ထိုအချိန်ရောက်မှ ချားလ်တောင်ရှင်းနှင့် ဒိုရိုသီတို့ ပြန်လည်ဆုံတွေ့ခဲ့ကြသည်။ ငယ်ချစ်ဦးနှစ်ယောက် ပြန်လည်ဆုံတွေ့ခြင်းက သူတို့နှစ်ဦးအတွက် ကောင်းသောတွေ့ဆုံခြင်းလား၊ ဒါမှမဟုတ် မကောင်းသောတွေ့ဆုံခြင်းလား ဆိုတာတော့ . ထိုအချိန်က ဒိုရိုသီတစ်ယောက် မသိခဲ့ရှာပေ။

ထိုသို့တွေ့ဆုံပြီး မကြာခင်မှာပင် သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြသည်။ ငယ်ချစ်ဦးနှစ်ဦး ပြန်လည်တွေ့ဆုံခြင်းက ပျော်ရွှင်စရာကောင်းသည်ဟု ထင်စရာရှိသော်လည်း ၎င်းတို့၏ ပျော်ရွှင်မှုက ခဏသာဖြစ်ခဲ့သည်။

မကြာမီ လော့တောင်းရှင်းက ဒိုရိုသီတစ်ယောက် သူနှင့်လက်မထပ်ခင်အချိန်က အခြားယောကျ်ားတစ်ဦးနှင့် လက်ထပ်ခဲ့ပြီဖြစ်ကြောင်းကို သိသွားလေသည်။

ထိုသို့သိခဲ့ရပြီး နောက်မှာတော့ များစွာဒေါသဖြစ်ကာ ဒိုရိုသီအား စံအိမ်ကြီး အတွင်းမှာရှိသော အခန်းတစ်ခန်းထဲတွင်





ပိတ်လှောင်ထားခဲ့လေသည်။

ပြင်ပလူများနှင့်လည်း တွေ့ခွင့်မပေးတော့ပေ။

ဒိုရိုသီဘဝမှာ အပြစ်မရှိပဲ အကျဉ်းစံဘဝ ရောက်ခဲ့ရလေသည်။

“အဲဒီအချိန်ကစပြီး စံအိမ်ကြီးရဲ့ အရှင်သခင် ဘဝကနေ အကျဉ်းသားဘဝ ရောက်ခဲ့ရတာပါပဲ၊ အစားအသောက်ပို့ပေးရုံကလွဲပြီး ဘယ်သူနဲ့မှ တွေ့ခွင့်မရတော့ပါဘူး”

“ခင်ဗျားအကြောင်းကြားရတာ စိတ်မကောင်းပါဘူး။ ဒါထက် အဲဒီလို အခန်းထဲမှာ ပိတ်လှောင်ခံထားရပြီး နောက်မှာ သူနဲ့ရော ထပ်တွေ့ရသေးသလား”

“အရက်မူးနေတဲ့အချိန်မှာတော့ တစ်ခါတစ်ရံ လာလေ့ရှိတယ်၊ အဲဒီလိုလာရင်လည်း မကျေနပ်တာတွေပြောပြီး အမျိုးမျိုး နှိပ်စက်တော့တာပါပဲ”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

“တစ်နေ့တော့ ကျွန်မလည်း သူနှိပ်စက်တာကို မခံနိုင်တော့တာနဲ့ အခန်းထဲက ထွက်ပြေးရင်းနဲ့ လှေခါးပေါ်ကချော်ကျပြီး သေခဲ့ရတာပါပဲ”

ဟု တိုးညှင်းသောလေသံဖြင့် ပြောလေသည်။

“ဒါဖြင့် ဒီအိမ်ကြီးမှာ မကျွတ်မလွတ်တဲ့ ဝိညာဉ်ဘဝနဲ့ နေခဲ့ရတာ အတော်ကြာခဲ့ပြီပေါ့နော်”

“နှစ်ပေါင်း-၂၅၀ ကျော်ခဲ့ပြီပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူမအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးမည့်သူမရှိ၊ အမျှအတန်း ပေးဝေမည့်သူ မရှိသဖြင့် မကျွတ်မလွတ်သော ဘဝမျိုးနှင့် နေရရှာသော ဒိုရိုသီအတွက် စိတ်မကောင်း ဖြစ်ရုံမှလွဲပြီး အခြားဘာမှ မတတ်နိုင်ခဲ့ပေ။

နောက်တော့. . . အခန်းတွင်းမှာရှိနေသော ဒိုရိုသီ၏ ဝိညာဉ်ပုံရိပ်က တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှပင် သက်ပြင်းချနိုင်လေတော့သည်။ နာရီကြည့်လိုက်တော့ ညဉ့်ဦးပိုင်းအချိန် ကျော်လွန်ခဲ့ပြီဖြစ်သောကြောင့် အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ဝီလီယန်နှင့် ဟယ်ရီပရိုက်တို့ အသီးသီး ရှိနေကြသော အခန်းများထက်မှလည်း မည်သည့်အသံမှ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြသည်။

ရင်းတို့လည်း ငြိမ်သက်စွာဖြင့် ဝိညာဉ်နှင့်တွေ့ရန် စောင့်ဆိုင်းနေကြဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က အသံဖမ်းစက်ကိုပိတ်ကာ တိတ်ခွေကို ပြန်ရစ်လိုက်ပြီးမှ ဖွင့်ကြည့်သည်။

ပထမတော့ တရှဲရှဲနှင့် အသံများလောက်သာကြားရပြီး အခြားဘာသံမှ မကြားရပေ။

နောက်မှ တဖြည်းဖြည်းနှင့် လေတိုးသံကဲ့သို့သော အ





သံများ တဖြည်းဖြည်းနှင့် ကြားလာရသည်။

ထိုအသံများထဲမှ တိုးညှင်းသော စကားသံအချို့လည်း ကြားရသည်။ သို့သော် ပြတ်တောင်းပြတ်တောင်းနှင့်သာ ဝိုးတဝါး ကြားနေရခြင်း ဖြစ်သည်။

အသံချဲ့ပြီး ဂရုစိုက်ပြီး နားထောင်တော့မှ စောစောက ဒိုရိုသီပြောသွားသော စကားသံအချို့ကို ကြားရသည်။

သို့သော် ပီပီပြင်ပြင်တော့ မဟုတ်ပေ။

တစ်ခါတစ်ရံ ကြားရပြီး တစ်ခါတစ်ရံ ပြတ်သွားသည်။

သေသေချာချာ နားထောင်လျှင်တော့ စကားသံအချို့ကို ကြားနေရသည်။ ဒေါက်တာမင်းထင်ကျော်က ကျေနပ်စွာဖြင့် အသံဖမ်းစက်ကို ပြန်ပိတ်လိုက်သည်။

ကင်မရာထဲမှာလည်း ဒိုရိုသီကိုရိုက်သောဖလင်များ ရှိနေလေသည်။ ကူးဆေးသည့်အခါ ဓါတ်ပုံအဖြစ် ထွက်မည် မထွက်မည်တော့ မသိနိုင်သေးပေ။

ထိုညအဖို့မှာတော့ နောက်ထပ်ထူးခြားမှုများနှင့် မတွေ့ရတော့ပေ။ နောက်တစ်နေ့ နံနက်လင်းတော့မှ ဝီလီယန်၊ ဟယ်ရီပရိုက်တို့နှင့် တွေ့ဆုံပြီး အကျိုးအကြောင်း မေးမြန်းကြည့်ရလေသည်။

"ကျွန်တော်တို့လည်း တစ်ညလုံး မအိပ်ပဲနဲ့ စောင့်ကြတာပါပဲ၊ ဒါပေမယ့် ဘာမှ ထူးခြားမှုမတွေ့ကြရဘူး"

"ဒါထက် ခင်ဗျားရော ဘယ်လိုထူးခြားမှုမျိုးတွေ တွေ့



www.burmeseclassic.com

www.burmeseclassic.com



သေးသလဲ”

ဟယ်ရီပရိုက်က မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ညက ဒေါ်ရီသီနှင့်တွေ့ခဲ့သော အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်စကား နားထောင်ပြီးသောအခါ ကျန်နှစ်ယောက်မှာ များစွာအံ့သြသွားကြလေသည်။

“ခင်ဗျားဆီမှာ မှတ်တမ်းတစ်ခု ရလိုက်တော့လည်း ကောင်းပါတယ်၊ ဒါထက် မေးရဦးမယ်၊ ကျွန်တော်တို့ သုံးယောက်စလုံး တစ်အိမ်ထဲမှာ စောင့်နေကြတာပဲ၊ ဝိညာဉ်က ဘာကြောင့် ခင်ဗျားဆီကိုမှ ရွေးပြီး ရောက်လာရတာလဲ”

ဒေါက်တာမင်းထင်ကျော်က ထွေထွေထူးထူး စဉ်းစားနေစရာမလိုပဲ ပြန်ပြောလိုက်သည်။

“မေတ္တာပို့ပေးလို့ ဖြစ်မှာပါ”

“ရှင်းပြပါဦးဗျ၊ ကျွန်တော်တို့ ယုံကြည်တဲ့ဘာသာမှာတော့ သေဆုံးသူအတွက် ဆုတောင်းပေးတာပဲရှိတယ်၊ မေတ္တာပို့တော့ ဘယ်လိုထူးခြားသလဲ”

ဟု ဝီလီယန်က မေးသည်

“ဆုတောင်းပေးတာနဲ့ မေတ္တာပို့ပေးတာ၊ အမျှအတန်းပေးဝေတာက သဘောချင်းတူသယောင်ရှိပေမယ့် မတူဘူးဗျ၊ ပရလောကသားတွေက မေတ္တာပို့ပေးတာကို ပိုပြီးနှစ်သက်သဘောကျကြတယ်၊ ဘယ်လောက်ကြမ်းတဲ့ နေရာမျိုးကိုပဲသွား





သွား အဲဒီနေရာမှာရှိတဲ့ ပရလောကသားတွေကို ရည်မှန်းပြီး မေတ္တာပို့ပေးထားရင် ကိုယ့်ကိုခြောက်လှန့်ပြီး အနှောက်အယှက်မပေးကြဘူး”

“အတော်ထူးဆန်းတာပဲ”

“သိပ်တော့ မထူးဆန်းပါဘူး၊ ပရလောကသားတွေတင်မဟုတ်ပါဘူး၊ လူလူချင်းလည်း မေတ္တာနဲ့ ပြောဆိုဆက်ဆံရင် အားလုံးနဲ့ အဆင်ပြေတာပါပဲ”

“ခင်ဗျားပြောတာကို လက်ခံပါတယ်၊ အနောက်နိုင်ငံတွေမှာတော့ ရုပ်ဝတ္ထုတွေကိုပဲ ဦးစားပေးနေကြတော့ တစ်ဦးနဲ့တစ်ဦး မေတ္တာထားဖို့တောင် မေ့နေကြသလိုပါပဲ”


ဟယ်ရီပရိုက်က ညည်းညည်းညူညူနှင့်ပင် ပြောသည်။

သူတို့သုံးယောက်မှာ ရေနမ်ခန်းမစံအိမ်ကြီးမှာ နောက်ထပ် နှစ်ညခန့်ဆက်နေပြီး စိတ်ဝင်စားဖွယ်ကောင်းသော ထူးခြားဆန်းကြယ်သော ဝိညာဉ်နှင့်ပတ်သက်သည့် အကြောင်းများကို မှတ်တမ်းတင်နိုင်ခဲ့ကြပြီးမှ ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

# တန္တရ၊ မန္တရနှင့် မဟာယာနအကြောင်း

နှစ်စဉ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလသို့ ရောက်လာလျှင်၊ အနောက်နိုင်ငံများတွင် ဈော်ပွဲရှင်ပွဲများ ကျင်းပကာ အတော်များများ အားလပ်ရက်များ ရကြသည်။

အမေရိကန်ပြည်ထောင်စုကဲ့သို့သော မြို့ကြီးများတွင် ကျေးဇူးတော် ချီးမွမ်းခြင်း၏ အခမ်းအနားကို နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသည် ခရစ်တော်၏ ကျေးဇူးတော်များကို ချီးမွမ်းရသော ဘာသာရေးပွဲတော်တစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံး စုစုစည်းစည်း ညီညီညွတ်ညွတ် ပါဝင်ကြသော ပွဲတော်လည်း ဖြစ်ပေသည်။

ထိုပွဲတော်တွင် ကြက်ဆင်သားသည် လူကြိုက်အများဆုံး အစားအစာတစ်မျိုးလည်း ဖြစ်သည်

ဒဏ္ဍာရီအရဆိုလျှင် ဘုရားဖူးများနှင့် အမေရိကန်ဇာတိသားများသည် ပထမဆုံး ကျေးဇူးတော်ချီးမွမ်းပွဲတွင် ကြက်ဆင်သားဖြင့် ပသခဲ့ကြသည်ဟု ဆိုသည်။

၎င်းတို့သည် ထိုနှစ်က ဖြစ်ထွန်းခဲ့သော ကောက်ပဲသီးနှံများအတွက်လည်း ကျေးဇူးတော်ကို ချီးမွမ်းခဲ့ကြသည်။

ကျေးဇူးတော်ချီးမွမ်းပွဲ အခမ်းအနားသည် အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးမှာသာမကပဲ အခြားနေရာများ၌လည်း ကျင်းပပြုလုပ်ကြသည်။

အမေရိကန်ပြည်ထောင်စု ယူနိုက်တက်ကင်းဒမ်း၊ (United Kingdom)ဟု ခေါ်ဝေါ်သော လန်ဒန်မြို့ကြီးရှိရာ အင်္ဂလန်တစ်ဝှမ်းလုံးမှာလည်း ခရစ်ယာန်ဘာသာဝင်အများဆုံးရှိကြသဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားများကို ပြုလုပ်လေ့ရှိကြသည်။

အနောက်နိုင်ငံများ၌ နိုဝင်ဘာလတွင် ကျေးဇူးတော်ချီးမွမ်းပွဲ အခမ်းအနားများကို တက်ညီလက်ညီကျင်းပပြုလုပ်ကြ





ပြီးနောက် ဒီဇင်ဘာလရောက်လာပြန်တော့ ခရစ်စမတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကြိုတင်ပြင်ဆင်မှု ပြုလုပ်ကြသဖြင့် နှစ်တစ်နှစ်၏ နောက်ဆုံးရက်များမှာ အနောက်နိုင်ငံသားများအတွက်တော့ ပျော်ရွှင်စရာနေ့ရက်များ ဖြစ်ကြလေသည်။

အနောက်နိုင်ငံသားများက ဒီဇင်ဘာလတွင် နှစ်သစ်ကူးပွဲများ ကျင်းပကြသလို မြန်မာနိုင်ငံမှာတော့ နှစ်စဉ်တန်ခူးလရောက်လျှင် သင်္ကြန်ပွဲတော်များ ကျင်းပကာ နှစ်ကူးကြသည်။ ရှေးအခါကတော့ ဘာသာရေးနှင့် ကုသိုလ်ကောင်းမှုများကို ဦးစားပေး ပြုလုပ်ကြသော်လည်း ယခုအခါ ကာလမှာတော့ ပျော်ပွဲရွှင်ပွဲများကို ဦးစားပေးကာ ပြုလုပ်လာကြပေသည်။

နိုဝင်ဘာလ၏ အားလပ်ရက်တွင် လန်ဒန်မြို့၏ မနေသုတေသနအသင်းကြီး၌ ဒေါက်တာမင်းထင်ကျော် ရှိနေစဉ် ၎င်းနှင့်လုပ်ဖော်ကိုင်ဖက်အဖော်နှစ်ဦးဖြစ်သူ ဟယ်ရီပရိုက်နှင့် ဝီလီယန်တို့နှစ်ယောက် ရောက်လာလေသည်။

သူတို့ ရောက်လာသော အချိန်က ဒေါက်တာမင်းထင်ကျော်က သရဲတစ္ဆေနှင့်ပတ်သက်ပြီး ရေးသားမှတ်တမ်းတင်ထားသော သုတေသနမှတ်တမ်းများကို တစ်ယောက်တည်း လေ့လာနေသော အချိန်ဖြစ်သည်။

၎င်းတို့နှစ်ယောက်မှာ လွတ်လပ်ပေါ့ပါးသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး တက်ကြွပျော်ရွှင်နေကြပုံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထင်ကျော် အလုပ်တွေ မပြီးသေးဘူးလားဗျ၊ အပြင်သွားမလို့ ခင်ဗျားကို လာခေါ်ကြတာ"

"ဘယ်သွားကြမလို့လဲ"

"ကျွန်တော့်ချစ်သူရဲ့အိမ်မှာ ကျေးဇူးတော်ချီးမွမ်းပွဲ လုပ်ကြမယ်၊ အဲဒါ ကျွန်တော်တို့ နှစ်ယောက်သွားကြမယ်၊ ဝီလီယန်ရဲ့ ချစ်သူနဲ့လည်းတွေ့ဖို့ အဲဒီမှာချိန်းထားတယ်"

ဝီလီယန်နှင့် ဟယ်ရီပရိုက်တို့ နှစ်ယောက်စလုံးမှာ ချစ်သူကိုယ်စီ ရှိနေကြသည်ကိုသိကြသဖြင့် သဘောကျစွာ ပြုံးလိုက်သည်။

"ကျွန်တော်လိုက်လို့ ဖြစ်ပါ့မလား၊ တော်ကြာ ခင်ဗျားတို့ကြားမှာ ကန့်လန့်ကန့်လန့် ဖြစ်နေရင် အားနာစရာ ဖြစ်နေလိမ့်မယ်"

"မဖြစ်ပါဘူးဗျာ၊ ဟိုရောက်တော့ ခင်ဗျားနဲ့ အဖော်ရအောင် တစ်ယောက်နဲ့ မိတ်ဆက်ပေးပါ့မယ်"

"ဘယ်သူများလဲဗျာ"

"ဟိုရောက်တော့ သိရမှာပေါ့၊ ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ့်သူက ဗမာပြည်ကိုလည်း ရောက်ဖူးတယ်၊ ဗမာစကားနဲ့ ဗမာတွေရဲ့ ဓလေ့တွေရဲ့ ဓလေ့တွေကိုလည်း အတော်ကလေး သိတယ်ဗျ"

ထိုသို့ပြောသဖြင့် မိမိအခန်းရှိရာသို့ ပြန်သွားပြီး ရေချိုး အဝတ်အစားလဲသော ကိစ္စများကို ခပ်သုတ်သုတ်ပင် ပြီးစီး





အောင် ဆောင်ရွက်ရလေသည်။

ဒေါက်တာမင်းထင်ကျော် ငှားရမ်းနေထိုင်သော အခန်းမှာ အသင်းတိုက်ရှိသောနေရာနှင့် မဝေးလှပေ။ ၎င်းအဝတ်အစားလဲနေစဉ် ကျန်နှစ်ယောက်က ကားထဲမှပင် စောင့်နေကြသည်။

ဒေါက်တာမင်းထင်ကျော် ပြီးတော့မှ သုံးယောက်သား ကားဖြင့်ထွက်လာကြသည်။

"ကျွန်တော်တို့သုံးယောက် ခရီးထွက်ရင် တစ္ဆေသရဲတွေ ရှိတဲ့နေရာကိုပဲ သွားနေကြတာဆိုတော့ ပျော်စရာဘယ်ကောင်းပါ့မလဲ၊ ဒီလိုချစ်သူနဲ့တွေ့ဖို့ သွားကြတာကတော့ ပျော်ပျော်ပါးပါး နေကြတာ ပိုကောင်းမယ်"

ဟယ်ရီပရိုက်က မောင်းနေရင်းနှင့် ပြောသည်ကို နောက်ဘက်တွင် ဒေါက်တာမင်းထင်ကျော်နှင့်အတူ ထိုင်နေသောဝီလျံကလည်း အပြည့်အဝပင် ထောက်ခံလေသည်။

"ကိုမင်းထင်ကျော်ကရော ဘယ်လိုသဘောရသလဲဗျ"

"ကျွန်တော်က ချစ်သူမရှိသေးတော့ သိပ်မသိသေးဘူးဗျ၊ ဒါပေမယ့် ချစ်သူနဲ့တွေ့ရတာပဲ သရဲတစ္ဆေတွေနဲ့ တွေ့ရတာထက်တော့ ပိုပြီးပျော်စရာကောင်းမယ်ထင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ကျန်နှစ်ယောက်က သဘောကျစွာဖြင့် ရယ်မောလိုက်ကြလေသည်။

၎င်းတို့ သွားသောနေရာမှာ ခြံကျယ်ဝန်းကျယ်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သီးခြားနေထိုင်သော နေရာဖြစ်သည်။ ခြံဝန်းတစ်ခုနှင့်တစ်ခု ခြံစည်းရိုးများသာ ခြားထားပြီး ဆောက်ထားသော အိမ်ပုံစံများ ကလည်း တစ်ပုံစံတည်းတူကြသည်။

လမ်းမဘက်မှသစ်ပင်များ သွယ်တန်းစိုက်ထားသော လမ်းအတိုင်း မောင်းဝင်သွားရာ မြက်ခင်းစိမ်းများရှိသည့် ခြံဝန်းကျယ်တစ်ခုအတွင်းသို့ ရောက်သွားသည်။

ခြံဝန်းထဲတွင် မီးရောင်စုံများထွန်းထားပြီး လူအချို့လည်း ရောက်နေကြပြီဖြစ်၏။

ကားကိုတစ်နေရာမှာရပ်ပြီး ဆင်းနေကြစဉ် အမျိုးသမီးတစ်ယောက်ရောက်လာပြီး ဟယ်ရီပရိုက်ကို ပွေ့ဖက်နှုတ်ဆက်လေသည်။

ထို့နောက်ဟယ်ရီပရိုက်ကပင် ထိုအမျိုးသမီးနှင့် မိတ်ဆက်ပေးသည်။

"သူ့နာမည်က မော်လီပိုးလ်လို့ခေါ်ပါတယ်၊ မော်လီလို့ပဲ ခေါ်နိုင်ပါတယ်၊ သူက ဝီလီယန်၊ သူကတော့ ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါတယ်"

ထိုသို့ မိတ်ဆက်ပေးတော့ မော်လီပိုးလ်က ခင်မင်စရာကောင်းသော အပြုံးဖြင့် ဦးခေါင်းညိတ်ကာ အသိအမှတ်ပြုလေသည်။

မော်လီပိုးလ်မှာ အသက် ၂၅-နှစ်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်ချောမောလှပသူတစ်ဦးဖြစ်လေသည်။





ထို့နောက် သူမကပင် ဒေါက်တာမင်းထင်ကျော်တို့အား စားပွဲတစ်လုံး၌ နေရာချပေးနေစဉ်မှာ နောက်ထပ်အမျိုးသမီးနှစ်ယောက်ရောက်လာကြသည်။

တစ်ယောက်က ဝီလီယန်၏ချစ်သူ 'ရှယ်လီလောရင့်' ဖြစ်ပြီး ကျန်တစ်ယောက်က 'မာရီယာ'ပင်ဖြစ်သည်။

ရှယ်လီလောရင့် ရောက်လာသောအခါ ဝီလီယန်က နေရာမှထကာ ပွေ့ဖက်နှုတ်ဆက်လိုက်သည်။

ထို့နောက် ဟယ်ရီပရိုက်ကပင် ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့ နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။

မာရီယာမှာလည်း အသက် ၂၅-နှစ်အရွယ်ခန့်ရှိပြီး ဆွဲဆောင်မှုရှိသောရုပ်ရည်မျိုးဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် အနောက်တိုင်းသူတစ်ဦးနှင့် မတူလှပဲ အရှေ့တိုင်းသူများကဲ့သို့ အိန္ဒြေရှိသော အလှမျိုး ဖြစ်လေသည်။

"မာရီယာ သူက ငါတို့နဲ့ အတူတွဲပြီးအလုပ်လုပ်နေတဲ့ ဒေါက်တာမင်းထင်ကျော်ပဲ၊ မြန်မာနိုင်ငံသား တစ်ယောက်ပါပဲ"

သူမက အိန္ဒြေရစွာဖြင့် ပြုံးကာ ခေါင်းညိတ်အသိအမှတ်ပြုသည်။

"ကိုမင်းထင်ကျော် သူက မာရီယာ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ကဲ အဖော်မရှိတဲ့သူချင်း အဖော်ရပြီဆိုတော့ ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး အေးအေးဆေးဆေးစကားပြောနေကြပေါ့၊ ခဏနေရင် အစားအသောက်တွေ ပို့ပေးလိုက်မယ်၊ ကျွန်တော်တို့ကတော့ ဆုတောင်းပွဲအတွက် သွားလုပ်လိုက်ဦးမယ်"

ထိုသို့ပြောပြီး ဟယ်ရီပရိုက်နှင့် မော်လီပိုးက တစ်တွဲ၊ ဝိလီယန်နှင့် ရှယ်လီလောရင့်တို့ကတစ်တွဲ လက်ချင်းတွဲကာ အိမ်ဘက်သို့ လျှောက်သွားကြလေသည်။

စားပွဲမှာတော့ သူတို့နှစ်ယောက်သာ ကျန်ခဲ့ကြသည်။ စားပွဲချထားသောနေရာမှာ အိမ်နှင့် အနည်းငယ်ဝေးပြီး မီးရောင်စုံများ ထွန်းထားသော ထင်းရှူးပင်ကြီးအောက်၌ဖြစ်သည်။

အချိန်က ညဦးပိုင်းအချိန် ရောက်လာပြီဖြစ်သော ကြောင့် နှင်းမှုံနှင်းဖွဲများ ကျစပြုလာပြီး အေးစပြုလာပေပြီ။

"ဒေါက်တာက ဆရာဝန်တစ်ယောက်လား"

"မဟုတ်ပါဘူး၊ သုတေသနသမားတစ်ယောက်ပါ၊ ဒီမှာ လာပြီး ဟယ်ရီတို့နဲ့တွဲပြီး သုတေသနလုပ်နေတာပါ"

"သူတို့က ဝိညာဉ်တွေအကြောင်း လေ့လာနေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"စိတ်ဝင်စားစရာပဲနော်၊ ဒါထက် ကိုမင်းထင်ကျော် ကျေးဇူးတော်ချီးမွမ်းပွဲ မသွားဘူးလား"

"အနှောက်အယှက် ဖြစ်မှာစိုးလို့ပါ"

"ကျွန်မလည်း ဒီလိုပါပဲ၊ မဟုတ်ရင်တစ်ယောက်တည်း





အတော်ကလေးနေရတာခက်နေဦးမယ်၊ အခု ကိုမင်းထင်ကျော် နဲ့ စကားပြောဖော်ရတော့ ပိုကောင်းတာပေါ့"

"ကျွန်တော်ကလည်း မာရီယာနဲ့ စကားပြောခွင့်ရတာ ဝမ်းသာပါတယ်၊ ဒါထက် မာရီယာရော မသွားဘူးလား"

"ကျွန်မက ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ၊ နောက်ပြီး ကျွန်မက ဗမာသွေးပါတဲ့ အရှေ့တိုင်းသူ တစ်ယောက်ပါ"

"အခုလိုနေရာမျိုးမှာ အရှေ့တိုင်းသားအချင်းချင်း တွေ့ ဆုံခွင့်ရတာတော့ ဝမ်းသာစရာပါပဲ"

ဟုပြောဆိုနေစဉ် လူတစ်ယောက်က အစားအသောက် များကို လာရောက်ပို့ပေးလေသည်။ သောက်စရာအချို့နှင့် ကြက်ဆင်သားဖြင့် စီမံချက်ပြုတ်ထားသည့် အစားအသောက် များဖြစ်သည်။

နှစ်ယောက်သား စားသောက်ရင်းနှင့် စကားပြောဆိုကြ သည်။ မာရီယာက သူသိချင်သော မြန်မာပြည်နှင့် ပတ်သက် သော အကြောင်းများကို မေးမြန်းလေသည်။

အချိန်ကာလမှာ ၁၉၄၀-ဝန်းကျင် ဖြစ်သောကြောင့် မြန်မာနိုင်ငံမှာ အင်္ဂလိပ်လက်အောက်၌ပင် ရှိနေသေးပြီး ဂျပန် များဝင်ရောက်လာတော့မည်ဆိုသော သတင်းများကြောင့် စစ် ရိပ်စစ်ငွေ့သမ်းကာ မငြိမ်မသက် ဖြစ်နေသော အကြောင်းများ ကို ပြောပြလိုက်သည်။

"ပြောရရင်တော့ ဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံမှာ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးခြား ဘာသာခြားတွေက နှစ်တစ်ရာလောက် အုပ်ချုပ်ခဲ့တော့ ဘာသာရေးနဲ့သက်ဆိုင်တာတွေ အတော်ကလေးချို့ယွင်းလျော့ပါးသွားတာကတော့ စိတ်မကောင်းစရာပေါ့"

"ကျွန်မလည်းသတင်းကြားသင့်သလောက် ကြားပါတယ်၊ ကိုမင်းထင်ကျော်က သုတေသနသမားဆိုတော့ အခုလို အချိန်ရတုန်း မေးချင်တာရှိတယ်"

"မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာထွန်းကားခဲ့တဲ့ နိုင်ငံဟာ လူမျိုးခြား ဘာသာခြားတွေ လက်အောက်ကို ရောက်နေရတယ်ဆိုပေမယ့် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားအောင် လုပ်နေသူတွေလည်း အများကြီးရှိသေးတယ်မဟုတ်လား"

"ရှိတော့ ရှိကြပါတယ်၊ ဒါပေမယ့် တခြားလူမျိုးတွေရဲ့ နှောက်ယှက်ဟန့်တားတာတွေအပြင် ပြည်တွင်းမှာ အမြစ်တွယ်နေတဲ့ အယူဝါဒအချို့ကြောင့်လည်း ဗုဒ္ဓဘာသာဟာ တိုးတက်သင့်သလောက် မတိုးတက်ပဲ မှေးမှိန်နေရတယ်ဆိုရင် မမှားပါဘူး"

"စိတ်ဝင်စားစရာပါပဲ၊ ဘယ်လိုအယူဝါဒတွေလဲဟင်"

"ဗုဒ္ဓအယူဝါဒနဲ့ ဗီလာဆန့်ကျင်တဲ့ အယူဝါဒတွေပါပဲ၊ လူမျိုးအသီးသီးရှိကြတဲ့ နေရာမှာ ကိုယ်ယုံကြည်နှစ်သက်တဲ့ ဘာသာကို လွတ်လွတ်လပ်လပ်ကိုးကွယ်ခွင့် ရှိကြပါတယ်၊ ကမ္ဘာပေါ်မှာ လူမျိုးပေါင်းများစွာ ရှိကြတယ်ဆိုပေမယ့် အဓိကဘာသာ





ကြီးလေးမျိုးကိုပဲ ယုံကြည်ကိုးကွယ်ကြတာများပါတယ်"

"ကျွန်မ လေ့လာကြည့်တော့ ဒါအပြင်တခြားဘာသာတွေလည်း အများကြီး ရှိသေးတယ်မဟုတ်လား"

"ရှိပါတယ်၊ ဗုဒ္ဓဘာသာမှာဆိုရင် စင်ပြိုင်ပေါ် ပေါက်တဲ့ မဟာယာနလို အယူဝါဒတွေလည်းရှိကြတယ်၊ လူတွေက လွတ်လပ်မှုရှိတဲ့ မဟာယာနအယူဝါဒက ဆင်းသက်လာတဲ့တန္တရမန္တရလိုဝါဒတွေကိုလည်း နှစ်သက်မှုများကြပါတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဟာ တဖြည်းဖြည်းနဲ့ မှေးမှိန်လျော့ပါးသွားတာ ဖြစ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ဆော်ဒါရေစပ်ထားသော ဝီစကီထည့်ထားသော ဖန်ခွက်ကိုယူပြီး သောက်လိုက်ပြီးမှ စကားပြန်ဆက်သည်။ မာရီယာကတော့ သူသိလိုသောအကြောင်းများကို သိရသဖြင့် များစွာကျေးဇူးတင်နေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော် ပြောပြသော အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

တိဗက်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်လာပုံကို အကျဉ်းမျှ ဖော်ပြပါမည်။

တိဗက်ပြည်သို့ ရောက်လာသော ဗုဒ္ဓဘာသာ မဟာယာနဂိုဏ်းသည် အိန္ဒိယကပင် တိုက်ရိုက်ရောက်ရှိလာသည်။ ရောက်ရှိလာသည့် အချိန်ကာလမှာ သာသနာ-၁၁၉၃ ခန့်တွင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာသနာ-၁၁၀၀ ကျော်မှ ၁၇၀၀ ကျော်အထိ (7th Centuryto 12thCen)အိန္ဒိယတွင် ထွန်းကားနေသော မဟာယာနဂိုဏ်းသည် တိဗက်ပြည်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ထိုမဟာယာနမျိုးမှာ ယောဂစာရဝါဒ၊ ဝဇ္ဇာယာန၊ တန္တရဝါဒ၊ စုန်း၊ နတ်၊ ပယောဂတို့ဖြင့် ရောပြွမ်းကာ အတန်ပျက်စီးနေသော အမျိုးအစားမျိုး ဖြစ်လေသည်။

တိဗက်ပြည်သို့ မဟာယာနဂိုဏ်း ရောက်ရှိလာသော အခါ ရှိရင်းစွဲဖြစ်သော စုန်း၊ နတ်၊ ပယောဂ၊ ဂါထာ၊ မန္တာန်၊ အယူဝါဒတို့နှင့် ထပ်၍ရောနှောသွားလေရာ များစွာပြောင်းလဲပျက်စီးပြီး ဗုဒ္ဓဘာသာ အယူဝါဒ စစ်မှန်မှုသည် အနည်းငယ်သာ ကျန်ရှိပေတော့သည်။

သို့ဖြစ်၍ တိဗက်ပြည်ရှိ မဟာယာနတို့သည် တရုတ်ပြည်၊ ဂျပန်ပြည်ရှိ မဟာယာနတို့နှင့် မတူလှပေ။ ပိုမိုရောနှောပျက်စီးနေသော မဟာယာနမျိုး ဖြစ်လေသည်။

အမှန်မှာ လာမဘုန်းကြီးများက ကြီးကဲလွှမ်းမိုးပြီး မင်းအဖြစ်ဖြင့်ပင် တိုင်းပြည်ကို အုပ်စိုးနေသည့်အတွက် လာမယာန (လာမဂိုဏ်း)ဟုပင် ခေါ်လောက်ပေသည်။

သမိုင်းဖြစ်စဉ်အကျဉ်းကို ဖော်ပြပါမည်။

သာသနာ-၁၂၀၀ ခန့် (7th Cen)မတိုင်မီက တိဗက်ပြည်သည် စာပေမရှိသေးပဲ အတန်ရိုင်းသေးသော တိုင်းပြည် ဖြစ်သည်။





စုန်း၊ နတ်၊ တစ္ဆေ၊ ပယောဂစသည်တို့ဖြင့် ရောပြွမ်း၍ လူကိုပင် ယဇ်ပူဇော်သော အခြေအနေအထိ ရိုင်းလေသည်။

ထို သာသနာ-၁၂၀၀ ပြည့်ကာနီး တိဗက်ပြည်ဘုရင် ဆရုန်ဆန်ဂန်ပိုသည် သာသနာ-၁၁၈၂(၆၃၈) တွင် နီပေါပြည်ဘုရင် အံသုဝါမန်၏သမီးတော် ဘရိကုဋိနှင့် လက်ထပ်သည်။

သာသနာ-၁၁၈၅(၆၄၁)တွင် တရုတ်မင်းသမီး ဝင်ချေအင်နှင့် လက်ထပ်သည်။

ထိုမိဖုရားနှစ်ပါးသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး အလွန်သဒ္ဓါကြီးမားအားသန်သူများ ဖြစ်ကြ၏။

မကြာမီပင် ထိုမိဖုရားနှစ်ပါး၏ ပြောပြောကြိုးစားမှုကြောင့် ဘုရင်ဆရုန်စံဂံပိုသည် သာသနာ-၁၁၈၅(၆၄၁)တွင် ဗုဒ္ဓဘာသာဝင် ဖြစ်လာလေသည်။

ဘုရင်မင်းမြတ်သည် ဗုဒ္ဓဘာသာဖြစ်လာသောအခါ ထိုမိဖုရားနှစ်ပါး၏ အကြံပေးချက်အရ ပိဋကစာပေနှင့် သာသနာပြုရဟန်းများ ရနိုင်ရန် အိန္ဒိယ၊ နီပေါနှင့် တရုတ်ပြည်တို့သို့ တမန်များ စေလွှတ်၏။

ဤတွင် အိန္ဒိယပြည်သို့ သွားရသူမှာ သုန်မိသံဘိုတ (သံဘုတ)ဖြစ်သည်။ သံဘုတ၏အဓိပ္ပါယ်မှာ ကောင်းသော ဘုတ၊ ဘုတန် သို့မဟုတ် တိဗက်လူမျိုးဖြစ်သည်။

သံဘုတသည် အိန္ဒိယတွင် ကာလအတန်ကြာနေ၍ စာပေပညာများ သင်ကြားပြီးလျှင် ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com



စာများကိုယူ၍ သာသနာ-၁၁၉၄(၆၅၀)ခုနှစ်တွင် တိဗက်သို့ ပြန်ခဲ့သည်။

ဗုဒ္ဓကျမ်းစာများအပြင် ထိုအခါက အိန္ဒိယပြည်မြောက်ပိုင်းတွင် အသုံးပြုသော စာလုံးအက္ခရာများကိုလည်း သယ်ဆောင်လာခဲ့သည်။ တိဗက်ပြည်တွင် ထိုခေတ်ထိုအခါမှ စတင်သုံးစွဲလျက်ရှိသော စာလုံးအက္ခရာများကို ယခုတိုင် သုံးစွဲလျက်ရှိသည်။

သုန်မိသံဘူတသည် ထိုအက္ခရာစာတို့ဖြင့် (စ်ကြဟိ-ဗ်စတန်-ဒ်ချ,အိုစ်-စုံ-ချ-အု-ပ)ခေါ် သဒ္ဒါကျမ်းကိုလည်း ရေးသားပြုစုခဲ့သည်။

ထို့ပြင် ကျမ်းစာတို့ကို တိဗက်ဘာသာသို့ ပြန်သည်။

ပထမပြန်သောကျမ်းမှာ ကရဏ္ဍဗျူဟာသုတ္တကျမ်း ဖြစ်သည်။ ထိုကျမ်းသည် နီပေါပြည်တွင်လည်း လူကြိုက်များသောကျမ်းဖြစ်သည်။

ဘုရင် ဆရုန်ဆန်ဂံပိုသည် ဗုဒ္ဓသာသနာတော် ရောက်စေခြင်း၊ စာပေအရေးအသားစသော ယဉ်ကျေးမှုများ ရောက်စေခြင်းတို့ကြောင့် တိဗက်ပြည်တွင် အကြီးအကျယ်အထင်ရှားဆုံး မင်းတစ်ပါးဖြစ်လေသည်။

ထိုဘုရင်နတ်ရွာစံပြီးသောအခါ လူကြည်ညိုမှုအများဆုံးဖြစ်သော အဝလောကိတေသွာရဘုရားအလောင်း ဝင်စားလာသူဟု ယုံကြည်ကိုးကွယ်ကြလေသည်။





ထိုမင်းကို ဗုဒ္ဓဘာသာဖြစ်စေခြင်း၊ ထိုမင်းနှင့် အတူတကွ သာသနာတော်ကို ပြုစုပျိုးထောင်ခြင်းတို့ကို ပြုပေးသော မိဖုရားနှစ်ပါးကိုလည်း တိုင်းသူပြည်သားများက မမေ့ကြပေ။

အဝလောကိတေသွာရ၏ ကြင်ယာဖြစ်သော ကရုဏာရှင် တာရာနတ်သမီးဝင်စားလာသော အဖြစ်ဟူ၍ ယူမှတ်ပြီး ကိုးကွယ်ကြသည်။

တရုတ်မင်းသမီး မိဖုရား ဝင်ချ,အင်ကို (တာရာနတ်သမီးဖြူ) နီပေါမင်းသမီး မိဖုရား ဘရိကုဋိကို(တာရာနတ်သမီးစိမ်း)ဟု အမည်ပေးကာ ကိုးကွယ်ကြသည်။

ဘုရင် ဆရုန်ဆန်ဂံပို နတ်ရွာစံပြီးနောက် ဗုဒ္ဓဘာသာသည် များစွာမတိုးတက်တော့ပေ။ အကြောင်းရင်းမှာ စုန်း၊ နတ်၊ တစ္ဆေ၊ ပယောဂအတတ်စသော မိရိုးဖလာဘာသာ ဟောင်းက လွှမ်းမိုးလျက်ရှိသောကြောင့် ဖြစ်သည်။

သို့ရာတွင် ထိုဘုရင်နတ်ရွာစံပြီးနောက် အနှစ် ၁၀၀ခန့် အကြာ သာသနာ-၁၂၉၄(၇၅၀)ခန့်တွင် သာသနာပြုမင်း နန်းတက်လာသဖြင့် ဗုဒ္ဓဘာသာ အားပြည့်ခိုင်မြဲ တိုးတက်လာလေသည်။

လာမဘုန်းကြီး ဘာသာလည်း ဤအချိန် ၁ပ၆ အစပြုခဲ့သည်။

ထိုသာသနာပြုမင်းသည် စရုန်ဆန်ဂန်ပိုဘုရင်၏ အဆက်အနွယ်ဖြစ်၍ သိ-စရုန်ဒက်စတန်အမည်ရှိ၏။ သံတော်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုသော တရုတ်မင်းသမီးကြီး ဖြစ်၏။

ထိုမင်းသည် အလွန်တန်ခိုးကြီး၍ ယူနန်နယ်နှင့် စီချွမ် အင်နယ် အားလုံးနီးပါးခန့်ကို အုပ်စိုးရသည့်ပြင် ထိုအခါက တရုတ်မြို့တော် ချန်ဂန်မြို့ကိုပင် သိမ်းယူလေသည်။

သိ-စရုန်ဒက်စတန်မင်းသည် သာသနာကို ကျနစွာ ပြုစုရန် ရဟန်းတစ်ပါးအလိုရှိ၍ အိန္ဒိယသို့ စေလွှတ်ပြန်သည်။

ထိုအခါက ထိုမင်းကိုးကွယ်လျက်ရှိသော သန္တရိက္ခိတ မထေရ်က ဂုရုပဒုမသမ္ဘဝမထေရ်ကို ပင့်ဆောင်ရန် အကြံပေး တိုက်တွန်းလေသည်။ အရှင်ဂုရုပဒုမသမ္ဘဝမထေရ်သည် အရှင် သန္တရိက္ခိတနှင့် ယောက်ဖတော်စပ်လေသည်။ ထိုအရှင်သည် တန္တရ-ယောဂစာရဂိုဏ်းဝင်ဖြစ်၍ ထိုအခါက နာလန္ဒကျောင်း ကြီးတွင် သီတင်းသုံးနေသည်။

ဘုရင်မင်းမြတ်သည် သန္တရိက္ခိတမထေရ် အကြံပေး သည့်အတိုင်း ပင့်ဆောင်ခဲ့ရာ သာသနာ-၁၂၉၁(၇၄၇)တွင် တိဗက်ပြည်သို့ ရောက်လာလေသည်။

ထိုအရှင်သည် ယခုတည်လျက်ရှိသော လာမာဘာသာ ကိုစ၍ တည်ထောင်လေသည်။

ယခုအခါမူကား ဗုဒ္ဓဘုရားကဲ့သို့ပင် ကိုးကွယ်ခြင်းကို ခံရ၏။

ပဒုမသမ္ဘဝါဆိုသည်မှာ "ပဒုမ္မာကြာမှ ဖွားအပ်၊ မြင်





အပ်သောအရှင်"ဟု အဓိပ္ပါယ်ရသည်။ တိဗက်စကားအရ (ဂု-ရု-ရင်-ပို-ချ-အိ)ဟု ခေါ်လေ့ရှိသည်။ အဓိပ္ပါယ်မှာ ရတနာဆရာ (သို့မဟုတ်)ဆရာရတနာဟု ဆိုလိုသည်။

တစ်ခါတစ်ရံတွင် အကိုကောက်(လို-ပုန်း)(ဆရာ)ဟု ခေါ်လေ့ရှိ၏။

အရှင်ဂုရုပဒုမသမ္ဘဝသည် ကသ္မီးရားပြည်၏ အ နောက်မြောက်ရှိ ယဇနီ-အနီ တပိုက်ဖြစ်သော ဥဒယာန-စ်ာန(သို့မဟုတ်)အာဂျန်အရပ်သား ဖြစ်သောကြောင့် ဥဂျန်(သို့ မဟုတ်)အာဂျန်ဟုလည်း ခေါ်တွင်သည်။

ဥဂျာနအရပ်မှာ စုန်း၊ နတ်၊ မှော်၊ ပယောဂအတတ် တို့တွင် အလွန်တတ်ကျွမ်းထက်မြက်သည်ဟု ကျော်စောလှ၏။

တရုတ်ရဟန်းတော်၊ ဟိယန်ဆိုင်(သာသနာ-၁၂၀၀၊ 7th(Cen)နှင့် ခရီးသည်မာကိုပိုလို(သာသနာ-၁၈၀၀ ကျော်) (13thCen)တို့၏ မှတ်တမ်းများတွင် ထိုအရပ်များ၌ ထိုအတတ် များ အလွန်ထင်ရှားထက်မြက်ကြောင်း ရေးမှတ်ထားကြသည်။

မာကိုပိုလို၏ မှတ်တမ်းတွင် "ကသ္မီရာအရပ်ရှိ လူတို့ သည် စုန်း-နတ်-မှော် အတတ်တို့ကိုတတ်ကြခြင်း၊ ရုပ်တုများကို စကားပြောစေခြင်း၊ ရာသီဥတုကို ပြောင်းလွဲစေခြင်း၊ မှောင်ချ ခြင်းတို့ကို ပြုလုပ်နိုင်သည်" ဟုရေးမှတ်ထားလေသည်။

အရှင်ပဒုမသမ္ဘဝကို တိဗက်ပြည်က ချက်ချင်းကြည် ညိုကြပြီး ဘုရားကဲ့သို့ ကိုးကွယ်ခြင်းမှာ တိဗက်ပြည်တွင် ထို



www.burmeseclassic.com

www.burmeseclassic.com



စုန်း၊ နတ်၊ မှော်၊ ပယောဂအတတ် အပြည့်ရှိနှင့်ပြီး ဖြစ်သည်။ ထိုအရှင် ကြွရောက်လာသောအခါ အဆိုပါ စုန်းဆိုး၊ နတ်ဆိုး စသည်တို့ကို နှိမ်နင်း၍ "သင်တို့ ဘုရားသာသနာကို ကူညီရမည်၊ သင်တို့ကိုလည်း ကျေးမွေးပူဇော်ပသစေမည်"ဟု ဆိုကာ သုတ်သင်ရှင်းလင်းပေးသောကြောင့်ဖြစ်သည်။

ထိုသို့သော အကြောင်းများကြောင့် တိဗက်ပြည်သူပြည်သားများသည် အရှင်ပဒုမသမ္ဘဝကို ရဟန်းတော်အဖြစ်ထက် ဗယောဂဆရာကြီးအဖြစ်ဖြင့် ကြည်ညိုကိုးကွယ်ကြခြင်း ဖြစ်ဟန်တူသည်။

တစ်နည်းအားဖြင့် ထိုစုန်းနတ်တို့ကို ဗုဒ္ဓဘာသာအတွင်းသို့ သိမ်းသွင်းယူခြင်းဖြစ်သည်။

ထိုအရှင်ပဒုမသမ္ဘဝသည် စုန်းဆိုး၊ နတ်ဆိုးတို့ကို နှိမ်နင်းရာ၌ အသုံးပြုသော လက်နက်မှာ ဝဇီရ၊ ဝရဇိန်လက်နက် (ခေါ်)မိုးကြိုးလက်နက်ဖြစ်၍ ဆေးဝရဇိန်လက်နက်ဖြစ်သည်။

ထိုလက်နက်မျိုးကို တိဗက်က "ဒေါ်ဂျီ"ဟု ခေါ်သည်။

ဟိမဝန္တာတောင်စောင်းရှိ ဒါဂျီလင်မြို့တည်မည့်နေရာတွင် ရှေးက ဝရဇိန်လက်နက်တစ်ခု တွေ့ရသည်ဟု ဆိုသည်။ ထို့ကြောင့် ထိုလက်နက်တွေ့ရသောနေရာတွင် မြို့တည်သောအခါ "ဒါဂျီလင်မြို့"ဟု တိဗက်ဘာသာစကားဖြင့် အမည်ပေးခဲ့လေသည်။

ဘုရင်သိ-စရုန်ဒက်စတန်သည် တိဗက်ပြည်တွင် ပထမ





ရဟန်းကျောင်းဖြစ်သော စံယီကျောင်းတော်ကြီးကို ခ... နာ-(၁၂၉၃)(၇၄၉)တွင် ဆောက်လုပ်လှူဒါန်း၍ ရှင်သန္တရက္ခိတသည် ပထမကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်သည်။

ထိုအချိန်မှစ၍ အရှင်ပဒုမသမ္ဘဝသည် ရှင်သန္တရက္ခိတ၏ အကူအညီဖြင့် "လာမဂိုဏ်း"ကို တည်ထောင်ခဲ့သည်။

"လာမ"ဆိုသည်မှာ တိဗက်ဘာသာဖြင့် "မြင့်မြတ်သောပုဂ္ဂိုလ်"ဟု အဓိပ္ပါယ်ရသည်။ "အရိယ"ဟူသောစကားကို တိုက်ရိုက်ဘာသာပြန်ထားသော စကားဖြစ်သည်။

ဤလာမဘာသာဂိုဏ်းတွင် ရှင်သန္တရက္ခိတသည် ပထမအကြီးအမှူး သာသနာပိုင် ဖြစ်လေသည်။ သာသနာပိုင်ဖြစ်သည့်အချိန်မှစ၍ ၁၃-နှစ်တိုင်တိုင် သာသနာရေး သာသနာမှုများကို အားသွန်ခွန်စိုက် ကြိုးစား၍ ဆောင်ရွက်လေသည်။

သို့ဖြစ်၍ ယခုအခါ ထိုအရှင်ကို အာစရိယဗောဓိသတ္တ (ဆရာဘုရားလောင်း)ဟူသော ဘွဲ့ထူးကို ပေးထားလေသည်။ အရှင်သန္တရက္ခိတနောက်တွင် အရှင်ပါ(လ)ဗင်က ဆက်ခံသည်။

သို့ရာတွင် လာမဂိုဏ်းတွင် ပထမဆုံး လာမရဟန်းအဖြစ်ခံသူမှာ အရှင်ဗျစရိ(ဂ)ဖြစ်သည်။

ထိုခေတ်က ပညာအတတ်ဆုံး ပုဂ္ဂိုလ်ကား အရှင်ဝေရောစနဖြစ်သည်။ အရှင်ဝေရောစနသည် သက္ကတဘာသာ ပိဋကတ်စာပေကျမ်းဂန်များစွာကို တိဗက်ဘာသာသို့ ပြန်ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိရိုးဖလာဘာသာဖြစ်သော "ဘုန်ပဘာသာ၏ ဘုန်၊ ဘုန်းကြီးတို့ မနာလို၍ ဂုန်းချောကြသည်ကို မိဖုရားက ယုံကြည်သည်။

သို့ဖြစ်၍ အပြစ်မဲ့လေရာ အရှင်ဝေရောစန ပြည်နှင်ဒဏ်ခံရလေသည်။ ဤသို့ ပြည်နှင်ဒဏ် ပေးလိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် ထိုမိဖုရားမှာ နူနာစွဲလေသည်။

ထိုအခါ အရှင်ဝေရောစနကို တိုင်းပြည်သို့ ပြန်ပင့်၍ နူနာရောဂါကို ကုသပေးပါရန် မိဖုရားက လျှောက်ထားသည်။ အရှင်ဝေရောစနက ဆေးကောင်းဆေးဝါးများဖြင့် ကုသပေးလေရာ မိဖုရား၏ နူနာရောဂါ ပျောက်ကင်းသွားလေသည်။

မိဖုရားသည် အရှင်ဝေရောစနကို အပြစ်ပေးခြင်းကို ပယ်ဖျက်၍ ကြည်ညိုစွာ ကိုးကွယ်လေသည်။

အရှင်ဝေရောစနကို မြတ်စွာဘုရား၏ ညီတော် ရှင်အာနန္ဒာဝင်စားသည်ဟု ပြည်သူပြည်သားက ယုံကြည်ကြသည်။

အရှင်ပဒုမသမ္ဘဝ၏ဝါဒမှာ မိမိ၏နေရင်းဒေသ ဥဂျာနနှင့် ကသျှမီရာပြည်တွင် ထိုအခါက ပြန့်ပွားထင်ရှားနေသော စုန်း-နတ်-မှော်အတတ်တို့ဖြင့် ပွမ်းသော တန္တရယာန၊ မဟာယာနဂိုဏ်းမျိုး ဖြစ်သည်။

ထိုအယူဝါဒသည် တိဗက်ပြည်သို့ ရောက်လာသောအခါ တိဗက်ပြည်တွင် ရှိနှင့်ပြီးဖြစ်သော ဘုန်ပ(ခေါ်)စုန်း၊ နတ်၊ တစ္ဆေ၊ မှော်နှင့် ပယောဂအတတ်ဘာသာနှင့် ရောနှောသွားသ





ဖြင့် ဗုဒ္ဓဘာသာ၏ အနှစ်သာရများ လျော့ပါးသွားလေသည်။

သို့ဖြစ်၍ လာမဘာသာသည် သီဗ(ခေါ်)ပချမိသွာရ ဟိန္ဒူနတ်အယူဝါဒ၊ မန္တန်မန္တရားဝါဒ၊ အိန္ဒိယနှင့် တိဗက်ပြည်တို့ရှိ စုန်း၊ နတ်၊ မှော်ဝါဒများ ရောပြွမ်းနေပြီး ဗုဒ္ဓဘာသာ၊ မဟာယာနဝါဒဖြင့် ပါးပါးလွှမ်းအုပ်ထားသောဘာသာဟု ဆိုနိုင်ပေသည်။

မူလပင်ရင်းဘာသာဖြစ်သော ဘုန်ပဘာသာက ဗုဒ္ဓဘာသာကို မလိုလားသဖြင့် ကန့်ကွက်သေးသည်။

အကြောင်းမှာ ဘုန်ပဘာသာမှာ စုန်း၊ နတ်၊ တစ္ဆေ စသည်တို့ကို ရှေးအခါက လူစသော သက်ရှိတို့ကိုသတ်၍ ယဇ်ပူဇော်လေ့ရှိခဲ့ရာ ဗုဒ္ဓဘာသာရောက်မှ ထိုသက်သတ်မှုမျိုးကို မင်းမိန့်ဖြင့် တားမြစ်ခဲ့သည်။ ထိုအခါ လူအစစ်၊ တိရိစ္ဆာန် အစစ်အစား မုန့်မှုန့်ဖြင့် ပြုအပ်သော လူရုပ်၊ တိရိစ္ဆာန်ရုပ်တို့ကိုသာ ပူဇော်ကြရသောကြောင့် ဖြစ်သည်။

အရှင်ပဒုမသမ္ဘဝသည် တိဗက်ပြည်တွင် ဗုဒ္ဓဘာသာ မဟာယာနဝါဒ၊ လာမဂိုဏ်းကို တည်ထောင်ပြီး၍ တိဗက်ပြည်တွင် အနှစ်-၅၀ခန့် နေခဲ့ပြီးနောက် . . .

"အခြား . . ဘီလူးသဘက်၊ နတ်ဆိုးနတ်ဝါး ပေါသော တျွန်းသို့ သာသနာပြု သွားရဦးမည်"

ဟုဆိုကာ သာသနာ-၁၃၄၆(၈၀၂)တွင် ထွက်ခွာကြွသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနှင့်တကွ၊ တိုင်းသူပြည်သားတို့သည် အလွန်ကြေကွဲဝမ်းနည်း ကျန်ရစ်ကြကုန်သည်။

ထိုအရှင်ပဒုမသဗ္ဗဝကို တိဗက်ပြည်က ဒုတိယဗုဒ္ဓဘုရားဟု ဘွဲ့အမည် ပေးထားကြသည်။

လာမာဘာသာကို ၃-ပိုင်း အကြမ်းအားဖြင့် ခွဲခြားနိုင်သည်။

(၁) မူရင်း လာမဘာသာ။

အရှင်ပဒုမသမ္ဘဝသည် သာသနာ-၁၂၉၁(၇၄၇)တွင် စ၍ တည်သည်မှ ဘုရင်သိစရုန်၊ ဒက်သတန်နန်းကျသည့် သာသနာ-၁၄၄၃(၈၉၉)အထိဟု သတ်မှတ်နိုင်ပါသည်။

(၂) အလယ်ခေတ် လာမဘာသာ။

သာသနာ-၁၄၄၄(၉၀၀)မှ သာသနာ-၁၅၈၂(၁၀၃၈) အထိကို လာမဘာသာအားပြန်၍ ပြုပြင်သော အလယ်ခေတ်ဟု သတ်မှတ်နိုင်ပါသည်။

(၃) ယခုခေတ် လာမဘာသာ။

သာသနာ-၂၂၀၀ခန့် (17th Cen)တွင် ရဟန်းအဖြစ်မင်းအဖြစ် တွဲ၍ဖြစ်သော "ဒါလယ်လာမရဟန်းမင်းအဖြစ်" ခေတ်ဟု သတ်မှတ်နိုင်ပါသည်။

လာမဘာသာ စ၍တည်ခဲ့သော ဘုရင်သိစရုန်ဒက်စတန်၏မြေး ရလ်ပချန်ဘုရင်လက်ထက် သာသနာ-၁၄၀၀ကျော် (9thCen)ကုန်ခါနီးတွင် ကျမ်းစာများကိုဘာသာပြန်မှု အတန်





ပြီးစီးထမြောက်၏။ ရှင်နာဂဇုန၊ ရှင်အေးရိယဒေဝ၊ အရှင်ဝါသုဗန္ဓု စသော ထင်ရှားသောပုဂ္ဂိုလ်တို့၏ အဋ္ဌကထာကျမ်းစာတို့ကို ဘာသာပြန်ကြကုန်၏။

ဘာသာပြန်သူတို့မှာ ရှင်ဇိနမိတ္တ၊ ရှင်သီလိန္ဒဗောဓိ၊ ရှင်သုရိန္ဒဗောဓိ၊ ရှင်ပညာဝါမန္ဒ၊ ရှင်ဒါနသီလ၊ ရှင်ဗောဓိမိတ္တ တို့ဖြစ်၏။ ဘာသာပြန်ဆိုရာတွင် တိဗက်ပြည်သား ပါလ်ဘရိတ်၊ စက်(ဂ်)(စ်)ယေစအိ(စ)ဒီ၊ ချအို(စ)ကျို၊ ဂယလိတ်စ(န)တို့က ကူညီ၏။

ထိုစဉ်က ကျောင်းကန်ဘုရားများလည်း များစွာတိုးပွား၏။ အထူးကား တိဗက်ရာဇဝင်ကို ဤမင်းလက်ထက်မှစ၍ ကျကျနန ရေးသားပြုစုခဲ့သည်။

အဆိုပါ သာသနာပြုမင်းဖြစ်သော ဘုရင်ရ(လ)ပချန်ကို သာသနာ-၁၄၄၃(၈၉၉)တွင် ရင်း၏ညီ လင်ဒါမက လုပ်ကြံ၍ နန်းတက်လေသည်။

ထိုမင်းသည် ဗုဒ္ဓဘာသာကို မကြည်ညိုပဲ ကျောင်းကန်တို့ကို ဖျက်ဆီးခြင်း၊ ဗုဒ္ဓကျမ်းစာတို့ကို မီးရှို့ပစ်ခြင်း၊ ဘုန်းကြီးများကိုသတ်ဖြတ်ခြင်း စသည်ဖြင့် ဘာသာကိုပျက်စီးအောင် အမျိုးမျိုး ဆောင်ရွက် နှိမ်နင်းခဲ့သည်။

လင်ဒါမမင်းသည် နန်းသက်-၃နှစ်တွင် လာမဘုန်းကြီးတစ်ပါးက မြှားဖြင့်ပစ်သတ်သဖြင့် သေဆုံးခဲ့ရလေသည်။

ထိုမင်းမရှိတော့သည့်အခါတွင် ဗုဒ္ဓသာသနာ ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားပြန်သည်။

ဒေါက်တာမင်းထင်ကျော်က မဟာယာနမှ ဆင်းသက်လာသော တန္တရ၊ မန္တရများအကြောင်းကိုပါ သင့်တော်သလောက် ပြောပြလိုက်ပြီးမှ စကားကိုအဆုံးသတ်လိုက်လေသည်။

အချိန်က ညဦးပိုင်းသို့ ရောက်လာပြီဖြစ်သောကြောင့် နှင်းများ ကျလာရုံမကပဲ အအေးဓါတ်က ပိုများလာသည်။ အိမ်ဘက်မှ သီချင်းသံများ ပြန့်လွင့်လာသည်။

ယခုအချိန်ထိတော့ အတူလာသောအဖော်နှစ်ယောက်က ရောက်မလာကြသေးပေ။

"အခုလို စိတ်ရှည်လက်ရှည်ပြောပြပေးတာ ကိုမင်းထင်ကျော်ကို ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ကျွန်မက ဝိဉာဉ်တွေအကြောင်းလည်း စိတ်ဝင်စားပါတယ်၊ ကိုမင်းထင်ကျော်တို့က ဝိညာဉ်တွေအကြောင်းကို လေ့လာနေကြတာဆိုတော့ သူတို့နဲ့တွေ့ရသလားဟင်"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စဖန်ခွက်ကို စားပွဲပေါ်ပြန်ချထားလိုက်ပြီးမှ ခေါင်းညိတ်ပြလိုက်လေသည်။

"တွေ့ရပါတယ်"

"ဝိညာဉ်ဆိုတာ သရဲတစ္ဆေတွေကို ပြောတာမဟုတ်လား၊ သူတို့က ကြောက်စရာကောင်းသလားဟင်"

"ဝိညာဉ်ဘဝ ရောက်နေကြတဲ့ တစ္ဆေသရဲတွေတိုင်းတော့ ကြောက်စရာမကောင်းပါဘူး၊ တချို့ဆိုရင် သနားစရာ





ကောင်းကြတယ်"

ဒေါက်တာမင်းထင်ကျော်က မကြာသေးခင် အချိန်ကာမှ ရေနမ်ခမ်းမစံအိမ်ကြီး၌ တွေ့ခဲ့ရသော သနားစရာကောင်းလှသည့် ဒိုရိုသီအကြောင်းကိုပါ ပြောပြလိုက်သည်။

ထိုအခါ မာရီယာက ပြောသည်။

"ကျွန်မက တစ္ဆေသရဲဆိုရင် ကြောက်စရာ ကောင်းတယ်လို့ပဲ ထင်နေတာ၊ ဘာကြောင့်လည်းဆိုတော့ အရှေ့နိုင်ငံတွေမှာ သိပ်မတွေ့ရပေမယ့် အနောက်နိုင်ငံတွေမှာတော့ နှစ်တိုင်း သရဲပွဲတော်လုပ်ကြတယ်၊ အဲဒီမှာ သရဲတစ်ကောင်လို ဝတ်ထားပြီး သရဲမျက်နှာဖုံးတွေတပ်ထားကြတာ မြင်ရတာနဲ့တင် ကြောက်စရာကောင်းလှတယ်"

"ဟုတ်ပါတယ်၊ ဒီလိုကြောက်စရာကောင်းအောင် သရဲမျက်နှာဖုံးလုပ်တဲ့သူတွေဆီမှာ ငွေပေးပြီး တကူးတက လုပ်ခိုင်းကြရတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒီည ဒီကိုလာရတာ ကျွန်မသိချင်တာတွေ သိရလို့ ကျေနပ်စရာပါပဲ၊ စိတ်ရှည်လက်ရှည်ပြောပြတဲ့ ကိုမင်းထင်ကျော်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်မမှာ မြန်မာနံမည် ရှိပါတယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာ ကြည့်လိုက်သည်။

"ဒီနာမည်က ကျွန်မတို့မိသားစုပဲ သိကြပါတယ်၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



သူတွေကို မပြောထားပါဘူး၊ ကျွန်မနာမည်က ခင်မြတ်ဆွေလို့ ခေါ်ပါတယ်”

“အခုလို မြန်မာနာမည်တစ်ခုခုနဲ့ သိခွင့်ရတာ ကျေးဇူးတင်ပါတယ်”

ထိုသို့ ပြောဆိုနေကြစဉ် ဟယ်ရီပရိုက်တို့ စုံတွဲနှစ်တွဲက ပြန်ရောက်လာကြသည်။

“ကိုမင်းထင်ကျော် အဆင်ပြေရဲ့လား”

ဝီလီယန်၏ မလွှတ်မလပ်စကားကြောင့် ဒေါက်တာမင်းထင်ကျော်က ပြုံးရုံသာပြုံးနေလိုက်သည်။

နောက်တော့ အမျိုးသမီးသုံးယောက်ကို နှုတ်ဆက်ပြီး ကားဖြင့်ပြန်လာကြသည်။ လမ်းရောက်တော့မှ ဟယ်ရီပရိုက်က ပြောသည်။

“မာရီယာက အိုနွေရှိတယ်၊ ယောက်ျားတွေနဲ့လည်း ရောရောနှောနှော နေလေ့မရှိဘူး ၊ခင်ဗျား သူနဲ့ ခင်မင်ရင်းနှီးခွင့်ရတာ ကံကောင်းတယ်”

ဟု ပြောသော်လည်း ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်ပြောမနေတော့ပဲ မာရီယာ အမည်ခံထားသော ခင်မြတ်ဆွေအကြောင်းကိုသာ ပြန်လည်တွေးတောနေမိလေသည်။







## အခန်း(၆)

# ထူးဆန်းသော သရဲမျက်နှာဖုံး

အင်္ဂလန်နိုင်ငံ၏ အရှေ့ဘက်တကြောမှာ ပင်လယ်ကမ်းခြေနှင့် နီးသော်လည်း လူနေထိုင်မှုမများလှပေ။

ကမ်းခြေနှင့်နီးသော နေရာဘက်တွင် လယ်ကွင်းများ၊ ယာတောများ၊ သစ်တောအုပ်များ(ထိုသစ်တောအုပ် တစ်ခုတွင် သချိုင်းဟောင်းတစ်ခုလည်းရှိသည်။) ကျောက်ဆောင်များ၊ တောင်ကုန်းများနှင့် နက်ရှိုင်းသော ကမ်းခြေချောက်ကြီးများ ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်တောအုပ်တစ်ခုအတွင်း၌ ရှေးနှစ်ပေါင်းများစွာက ရှိသော သင်္ချိုင်းဟောင်းတစ်ခုမှာ သရဲခြောက်သော နေရာများထဲတွင် ပါဝင်သဖြင့် မသွားလာဝံ့သောနေရာတို့တွင် ပါဝင်လေသည်။

ထိုနေရာတစ်ဝိုက်တွင် လယ်တောယာတောများရှိပြီး နေထိုင်သူတို့မှာလည်း မိမိတို့အိမ်များဖြင့် သီးခြားနေကြသကဲ့သို့ရှိသည်။

လန်ဒန်မြို့မှ မြို့အရှေ့ဘက်၌ရှိသော ကမ်းခြေဘက်သို့ တောက်လျှောက်ရောက်နိုင်သော အဝေးပြေးလမ်းမကြီးလည်းရှိသည်။ ထိုဒေသတစ်ဝိုက်မှာ နေကြသူတို့မှာ လန်ဒန်မြို့သို့ သွားလိုလျှင် အဝေးပြေးလမ်းမရှိရာသို့ ရောက်အောင်လာကြရပြီး ထိုမှတစ်ဆင့် သွားလာကြရသည်။

ကမ်းခြေနှင့်နီးသော နေရာဘက်တွင် တောအုပ်တစ်အုပ်ရှိသည်။ ကြီးကြီးမားမား မဟုတ်သော်လည်း ထိုတောအုပ်အတွင်း၌ ရှေးနှစ်ပေါင်းများစွာကပင် ရှိနေခဲ့သော သင်္ချိုင်းဟောင်းတစ်ခုရှိသည်။

ထိုသင်္ချိုင်းဟောင်းတွင် နောက်ထပ်လူသေမြှုပ်နှံခြင်း မပြုတော့သော်လည်း ရှေးအခါက မြှုပ်နှံထားခဲ့သော ဂူဟောင်းများတော့ ရှိနေသေးသည်။

ထိုသင်္ချိုင်းဟောင်းမှာ လာရောက်သူတို့ကို အမျိုးမျိုးခြောက်လှန့်နှောက်ယှက်သဖြင့် ထိုတောအုပ်ကို နာနာဘာဝ





တောအုပ်ဟုပင် အမည်ပေးထားကြသည်။

ထိုတောအုပ်နှင့် မဝေးလှသောနေရာတွင် အိမ်ဟောင်းကြီးတစ်လုံးရှိသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်လုပ်ထားသော အိမ်ဟောင်းကြီးမှာ အဝေးမှကြည့်လျှင် တင့်တယ်မှုတော့ မရှိလှပေ။

တစ်ခါတစ်ရံ အဝေးပြေးလမ်းပေါ်မှ ဖြတ်သွားသော ကားများမှာ ထိုနေရာရောက်လျှင် အိမ်ဟောင်းကြီးဆီမှမီးရောင်များမြင်ရခြင်း၊ တောအုပ်ရှိသောဘက်မှ အော်ဟစ်စံများ ကြားကြရသည်ဟု ဆိုသည်။

သို့ကြောင့် ထိုနေရာများဘက်သို့ အကြောင်းမရှိပဲနှင့် မည်သူမှ မလာလိုကြပေ။

သို့သော် တစ်ခါတစ်ရံမှာတော့ ထိုအိမ်ဟောင်းကြီးရှိသောနေရာသို့ ကားဖြင့်ရောက်လာတတ်ကြသည်။

ခြောက်စရာကောင်းသော တောအုပ်အနီးတွင် ရှိနေသော အိမ်ဟောင်းကြီးတွင် အစဉ်သဖြင့် နေထိုင်သူတစ်ဦးတော့ ရှိပေသည်။

အိုင်ဗင်(Irving)ဆိုသော အဘိုးကြီးတစ်ယောက်ပင်ဖြစ်သည်။ အိုင်ဗင်မှာ အသက်-၆၀ အရွယ်လောက်သာ ရှိသေးသော်လည်း အရွယ်နှင့်မမျှအောင် အိုမင်းရင့်ရော်နေသူ တစ်ဦးဖြစ်သည်။

ဦးခေါင်းပေါ်မှ ကျိုးတို့ကျဲတဲဆံပင်အချို့က မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ငှလာက်အထိ ကျနေသည်။

မျက်နှာမှာလည်း ပိန်လှသဖြင့် ရုတ်တရက်ကြည့်လျှင် အရိုးခေါင်းတစ်လုံးနှင့် တူလှသည်။ ပြူးကျယ်လှသောမျက်လုံး၊ ချိုင့်ဝင်နေသော နှာခေါင်းနှင့် ကျိုးတို့ကျဲတဲ သွားအချို့က အပြင်သို့ခေါ်ထွက်နေရာ နာနာဘာဝမျက်နှာမျိုးနှင့် များစွာဆင်လှသည်။

၎င်းသည် နာနာဘာဝတောအုပ်နှင့် မနီးမဝေး၌ရှိနေသော အိမ်ဟောင်းကြီးတွင် တစ်ဦးတည်း နေထိုင်သော်လည်း သုဘရာဇာတစ်ယောက်တော့ မဟုတ်ပေ။

အိုင်ဗင်၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ သရဲမျက်နှာဖုံး ပြုလုပ်ရောင်းချသောအလုပ်ဖြစ်သည်။

အင်္ဂလန်တစ်နိုင်ငံလုံးမှာ သရဲအခြောက်ဆုံးနေရာ အတော်များများရှိကြရာ လူအတော်များများက တစ္ဆေသရဲတို့ကို စိတ်ဝင်စားကြသည်။

ထို့ကြောင့် မနောသုတေသနအသင်းအဖွဲ့မျိုး ထူထောင်ကာ တစ္ဆေသရဲတို့ရှိရာသို့ လိုက်လံသုတေသနပြုနေသော 'နာနာဘာဝမုဆိုး'များ ရှိနေကြခြင်းဖြစ်၏။

ထို့ပြင် အင်္ဂလန်နိုင်ငံတွင် တစ်နှစ်တစ်ကြိမ်လောက် ကြောက်စရာ ပျော်စရာကောင်းသော ပွဲတော်တစ်ခု ပြုလုပ်ကြသည်။

'သရဲပွဲတော်'ပင် ဖြစ်ပေသည်။





သရဲပွဲတော်ကျင်းပသည့်ရက် ရောက်လာလျှင် ကြောက်စရာကောင်းသော အဝတ်အစားများ၊ မျက်နှာဖုံးများ တပ်ဆင်ကာ မြို့တွင်းသို့ လှည့်လည်သွားလာကြသည်။

တစ်ဦးနှင့်တစ်ဦး ထိတ်လန့်သွားစေရန် ခြောက်လှန့်မှုများ ပြုလုပ်ကြသည်။ ၎င်းတို့ပြုလုပ်ထားသော သရဲမျက်နှာဖုံး အချင်းချင်း ပြိုင်ကြသည်။

ကြောက်စရာအကောင်းဆုံး သရဲမျက်နှာဖုံးက အနိုင်ရသော ယှဉ်ပြိုင်မှုမျိုးပင် ပြုလုပ်ကြသည်။

ထိုရက်မျိုးနီးလာလျှင် ယခင်က လူသူအသွားအလာကင်းမဲ့လှသော အိုင်ဗင်နေရာတွင် လူအဝင်အထွက် များလာတတ်သည်။

အိုင်ဗင်ပြုလုပ်ရောင်းချသော သရဲမျက်နှာဖုံး အမျိုးမျိုးနှင့် သရဲတစ္ဆေတို့ အသုံးပြုလေ့ရှိသော ပစ္စည်းကိရိယာတို့ကို လာရောက်ဝယ်ယူကြခြင်းဖြစ်သည်။

ထိုဝင်ငွေနှင့်ပင် တစ်ယောက်တည်းနေသော အိုင်ဗင်မှာ တစ်နှစ်လုံး စားမကုန်အောင် ရလေသည်။

အိုင်ဗင်က ၎င်းနေသောအိမ်ကြီးကို သရဲခြောက်သော အိမ်ကြီးတစ်လုံးနှင့်တူအောင် ပြုလုပ်ထားပြီး 'ဒရက်ကူလာ၏အိမ်'ဟု အမည်ပေးထားလေသည်။

ယခုလည်း သရဲပွဲတော်ကျင်းပရန် ရက်မဝေးတော့သဖြင့် အိုင်ဗင်နေထိုင်သော အိမ်ကြီးသို့ သရဲမျက်နှာဖုံးဝယ်ယူရန်



www.burmeseclassic.com

www.burmeseclassic.com



လူအချို့ ရောက်လာကြသည်။

အများအားဖြင့်တော့ အလင်းရောင်ရှိသောနေ့လည်ပိုင်းအချိန်မျိုး၌သာ ထိုနေရာသို့ လာဝံ့ကြသည်။ အချိန်မရှိတော့လျှင် မည်သူမှ ထိုနေရာသို့ မလာဝံ့ကြတော့ပေ။

တစ်နေ့တော့ နေဝင်ကာနီးအချိန် ရောက်တော့မှ အိုင်ဗင်နေသောအိမ်သို့ ကားတစ်စင်းရောက်လာသည်။

ကားမောင်းလာသူ တစ်ယောက်တည်းပင်ဖြစ်သည်။

၎င်းအမည်မှာ 'အိုက်စမင်'ဖြစ်ပြီး အသက်-၃၀ကျော်အရွယ်လောက်သာ ရှိပေသေးသည်။

၎င်းသည် သားသတ်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်သူဖြစ်ပြီး စိတ်ကြမ်းလူကြမ်းနှင့် ကြံ့ခိုင်သောကိုယ်ခန္ဓာမျိုး ရှိသည်။

၎င်းရောက်လာတော့ အိုင်ဗင်က ၎င်းနေထိုင်သော အခန်းထဲတွင် သရဲမျက်နှာဖုံးတစ်ခုကို စိတ်ဝင်စားစွာပြုလုပ်နေသောအချိန် ဖြစ်သည်။

သူသည် အချိန်မရှိတော့မှ ရောက်လာသော မော်တော်ကားစက်သံကြောင့် လုပ်လက်စအလုပ်များကို ထားခဲ့ပြီး အပြင်သို့ထွက်ကာ တံခါးဖွင့်ကြည့်လိုက်သည်။

ထိုအချိန်မှာ ကားပေါ်မှဆင်းလာသော အိုက်စမင်က တံခါးရှေ့သို့ ရောက်နေပြီဖြစ်၏။

"ဘာကိစ္စရှိလို့လဲ"

"သရဲမျက်နှာဖုံးကို လိုချင်လို့ပါ"





ထိုသို့ပြောသဖြင့် လမ်းဖယ်ပေးလိုက်ရာ အိမ်ထဲသို့ဝင်ရောက်လာသည်။

"ဒီမှာ ခင်ဗျားတစ်ယောက်တည်း နေတာလား"

အိုင်ဗင်က ခေါင်းညိတ်ပြလိုက်သည်။

"မကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲ"

"ဒီနေရာက နာနာဘာဝတော့အုပ်နဲ့ သိပ်မဝေးလှဘူး သရဲခြောက်မှာ မကြောက်ဘူးလား"

ထိုစကားကြောင့် အိုင်ဗင်က ကျိုးတိုးကျဲတဲသွားများပေါ်သည်အထိ ရယ်လိုက်သည်။

"ငါက သရဲတွေနဲ့ မိတ်ဆွေဖွဲ့ပြီး သရဲမျက်နှာဖုံး လုပ်နေတဲ့သူပဲ၊ သူတို့ကိုကြောက်စရာလား၊ ဒါထက် မင်းက ဘယ်လိုမျက်နှာဖုံးမျိုး ယူမှာလဲ"

"သရဲမျက်နှာဖုံးလေ"

"မင်းက တယ်လည်းနားဝေးတာပဲကိုး၊ သရဲမျက်နှာဖုံးတွေက အမျိုးမျိုးရှိတယ်၊ သရဲမျက်နှာဖုံး၊ တစ္ဆေမျက်နှာဖုံး၊ သွေးစုပ်ဖုတ်ကောင်မျက်နှာဖုံး၊ သေမင်းမျက်နှာဖုံး၊ မှင်စာမျက်နှာဖုံး၊ ကျတ်ဆိုးမျက်နှာဖုံး၊ မှော်ဆရာမျက်နှာဖုံး၊ စုန်းကဝေမျက်နှာဖုံး၊ သွေးစားဘီလူးမျက်နှာဖုံးဆိုပြီး အမျိုးမျိုးရှိတယ်လေ"

"ခင်ဗျားပြောတော့မှပဲ သရဲတစ္ဆေတွေနဲ့ ပတ်သက်တဲ့ နာမည်တွေ သိရတော့တယ်၊ ကျုပ်က ကြောက်စရာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုး မျက်နှာဖုံးမျိုးလိုချင်တာ၊ ဘယ်လိုမျက်နှာဖုံးဖြစ်ဖြစ် ရပါတယ်"

"ဟိုဘက်အခန်းထဲမှာ ငါလုပ်ထားပြီးသမျှ မျက်နှာဖုံးတွေနဲ့အဝတ်အစားတွေ အသုံးအဆောင်ပစ္စည်းတွေရှိတယ်၊ မင်းကြိုက်တာ ရွေးယူပေါ့၊ ဈေးကတော့ ကြောက်စရာကောင်းတဲ့အပေါ်မှာ မူတည်တယ်"

ထိုသို့ပြောသဖြင့် အိုက်စဗင်လည်း ထိုအခန်းတွင်းသို့ ဝင်ကြည့်လေသည်။

မီးရောင်ခပ်မှိန်မှိန်သာ ထွန်းပေးထားသော ထိုအခန်းထဲတွင် ပြုလုပ်ပြီးချိတ်ဆွဲထားသော မျက်နှာဖုံးအမျိုးမျိုး ရှိနေကြသည်။ အများအားဖြင့်တော့ ပါးလွှာသောသားရေပြားကို မကောင်းဆိုးဝါးမျက်နှာမျိုးနှင့် တူအောင်ပြုလုပ်ပြီး ဆေးရောင်များဖြင့် ရေးခြယ်ထားခြင်းဖြစ်သည်။ ဆံပင်တု၊ မျက်လုံးအတု၊ သွားအတု၊ အစွယ်အတုများလည်း တပ်ဆင်ထားသည်။

ရုတ်တရက်ကြည့်လျှင်တော့ ကြောက်စရာကောင်းသော သရဲမျက်နှာဖုံးများပင် ဖြစ်ကြလေသည်။

သို့သော် အိုက်စမင်က ထိုမျက်နှာဖုံးများကို စိတ်ထဲမှသဘောမကျလှပေ။ ထိုအချိန်တွင် အခန်းတွင်းသို့ အိုင်ဗင်က ဝင်ရောက်လာလေသည်။

"ဘယ်လိုလဲ သဘောကျတဲ့ မျက်နှာဖုံးမျိုး တွေ့ပြီလား"

"ဒီအခန်းထဲမှာရှိတဲ့ မျက်နှာဖုံးတွေတော့ သဘောမကျ





လှဘူး"

"မင်းက ဘယ်လိုမျက်နှာဖုံးမျိုး လိုချင်တာလဲ"

"ကျုပ် ခင်ဗျားကို ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ လာမယ့် သရဲပွဲတော်ရောက်ရင် ကျုပ်တို့အလုပ်ရုံမှာရှိတဲ့ အလုပ်သမားအချင်းချင်း အလောင်းအစားပြုလုပ်ထားတာရှိတယ်၊ အလုပ်သမားတွေအချင်းချင်း သရဲမျက်နှာဖုံးတွေတပ်၊ အဝတ်အစားတွေဝတ်ပြီး ပြိုင်ကြမယ်၊ အနိုင်ရတဲ့သူကို ကျန်တဲ့သူတွေက တစ်လစာလုပ်အားခရတဲ့ငွေတွေ ပေးရမယ်လို့ လောင်းကြေးထပ်ထားကြတယ်"

ထိုစကားကြောင့် အိုင်ဗင်ဗင် တအံ့တသြဖြစ်သွားလေသည်။

"အလုပ်ရုံမှာ အလုပ်သမားက ၁၅-ယောက်လောက်ရှိတယ်၊ တကယ်လို့ဒီပွဲမှာ အနိုင်ရရင် တစ်နှစ်လုံး စားလောက်တဲ့ငွေမျိုးရမှာ၊ ဒီတော့ သာမန်မျက်နှာဖုံးတွေနဲ့တော့ မပြိုင်ချင်ဘူး"

"သရဲမျက်နှာဖုံး ဆိုတာကတော့ အမျိုးမျိုးရှိတာပေါ့ကွာ၊ ငါလုပ်တဲ့သရဲမျက်နှာဖုံးတိုင်းကတော့ မြင်တာနဲ့ကြောက်စရာကောင်းကြတာချည်းပါပဲ၊ ဘာကြောင့် ဒီလိုကြောက် ရာကောင်းတယ်ဆိုတာရော မင်းမသိချင်ဘူးလား"

ထိုသို့မေးတော့ အိုက်စမင်က မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသိသမျှတော့ သရဲပွဲတော်ဆိုတာ ပျော်ပွဲရွှင်ပွဲသဘောလောက်သာ ကျင်းပကြတာပါပဲ၊ မင်းတို့လို စီးပွားဖြစ် လောင်းကြေးထပ်တာမျိုးတော့ သိပ်မကြားမိပါဘူး"

"ခင်ဗျားဆီမှာ ဒီထက်ပိုပြီး ကြောက်စရာကောင်းတဲ့ သရဲမျက်နှာဖုံးမျိုး မရှိတော့ဘူးလား"

အိုက်စမင်က လိုရင်းကိုသာမေးလိုက်သည်။

"ဒါကတော့ ရောင်းဈေးပေါ်မှာမူတည်ပြီးတော့ နောက်ထပ်ကြောက်စရာကောင်းတဲ့ သရဲမျက်နှာဖုံးမျိုးလည်း ရှိပါသေးတယ်"

"ဒါဖြင့်လည်းပြဗျာ၊ ကျုပ်သဘောကျရင် ခင်ဗျားပြောတဲ့ဈေးကို ပေးမယ်"

"ဒါဖြင့် ငါ့နောက်ကို လိုက်ခဲ့ပါ"

အိုင်ဗင်က လက်ထဲတွင် မီးအိမ်တစ်လုံးကိုကိုင်လျှက် ရှေ့မှဦးဆောင်ပြီး ခေါ်သွားရာ အိုက်စမင်ကလည်း နောက်မှ လိုက်သွားလေသည်။

သာမန်သရဲမျက်နှာဖုံးများ ပြုလုပ်သောအခန်းကို ကျော်ဖြတ်သွားပြီးနောက် အတွင်းဘက်၌ရှိသော အခန်းတစ်ခန်းသို့ ရောက်သွားလေသည်။

ထိုအခန်းတွင်းမှာ သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခန်းတော့ မဟုတ်ပေ။

လေဝင်လေထွက် ကောင်းစွာမရှိသည့်အပြင် အလင်း





ရောင်ကလည်း မရှိပေ။ ထို့ပြင် အနံ့အသက်များကလည်း မကောင်းလှပေ။

ထိုအခန်း အလယ်မှာတော့ ချိတ်ဆွဲထားသောသရဲမျက်နှာဖုံးနှင့် ဝတ်စုံကိုတွေ့ရလေသည်။

မီးရောင်ဖြင့် မြင်ရစဉ်ကပင် စိတ်ထဲမှာအတော်ပင် ထိတ်လန့်သွားလေသည်။ ပထမတွေ့စဉ် အရိုးပေါ် အရေတင် ဘဝရောက်နေသည့် လူသေကောင်ကို တိုင်၌ချိတ်ဆွဲထားသည်ဟု စိတ်ထဲမှထင်လိုက်မိသည်။

"ဒီမျက်နှာဖုံးနဲ့ ဝတ်ရုံကိုတော့ မင်းသဘောကျမယ်ထင်ပါတယ်"

"ဒါ. . ဒါ လူတစ်ယောက်မဟုတ်လား"

"ဟုတ်ပါတယ်၊ အသက်ရှိတဲ့ လူတစ်ယောက်တော့ မဟုတ်တော့ဘူးပေါ့ကွာ၊ သေပြီးတဲ့လူတစ်ယောက်ရဲ့ အရေပြားတွေကို စိတ်ရှည်လက်ရှည်ခွာယူပြီးမှ ဒီမျက်နှာဖုံးကို လုပ်ထားတာပဲ"

"ကြိုက်တယ်၊ ဒီမျက်နှာဖုံးနဲ့ ဝတ်ရုံကိုကြိုက်တယ်၊ ကျုပ်ဝယ်သွားမယ်"

"ဒါကို မင်းသဘောကျလို့ ယူသွားတော့လည်း ငါ့အတွက် တာဝန်တစ်ခု အေးသွားတာပေါ့ကွာ"

ထိုစကားကြားတော့ အမိပ္ပါယ်ကို သဘောမပေါက်သဖြင့် အိုင်ဗင်ကိုတစ်ချက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတဲ့အဓိပ္ပါယ်က တခြားမဟုတ်ပါဘူး၊ ဒီမျက်နှာဖုံးရဖို့ အတော်ကြိုးစားပြီးလုပ်ခဲ့ရတာဆိုတော့ ပျက်စီးသွားမှာစိုးလို့ အတော်ကလေးဂရုစိုက်ရတယ်၊ မင်းယူသွားတော့ ငါဂရုစိုက်စရာ မလိုတော့ဘူးလို့ ပြောတာပါ"

ထိုစကားကြားတော့ အိုက်စမင်စိတ်ထဲ၌ ဘဝင်မကျလှပေ။ သရဲမျက်နှာဖုံးများ ပြုလုပ်ရဖန်များသဖြင့် ပြုလုပ်သူကိုယ်တိုင် သရဲသဘက်နှင့်ပင် ပုံသဏ္ဌာန်တူနေသော အဘိုးကြီးအိုင်ဗင်မှာ တစ်စုံတစ်ခုကို လျှို့ဝှက်ထားသည်ဟု စိတ်ထဲမှထင်မိလေသည်။

သို့သော် ထွေထွေထူးထူး ဘာမှထပ်မပြောတော့ပဲ ထိုမျက်နှာဖုံးနှင့်ဝတ်စုံကို အိုင်ဗင်ပြောသည့်ဈေးနှင့်ပင် ဝယ်ယူကာ ပြန်ခဲ့လေသည်။

သူပြန်လာတော့ ညဦးပိုင်းအချိန် ရောက်နေပြီဖြစ်ပေသည်။ အဝေးပြေးလမ်းတစ်လျှောက်မှာတော့ လူသွားလူလာမတွေ့ရတော့ပဲ ရှင်းလင်းလျက်ရှိနေလေသည်။

ကားက နာနာဘာဝတောအုပ်ဟု အမည်ပေးထားသော သချိုင်းဟောင်းရှိသောနေရာနှင့် မနီးမဝေးမှ ဖြတ်မောင်းလာရာ ထိုနေရာရောက်တော့ ဝင်ပေါက်တစ်နေရာတွင် မတ်တပ်ရပ်နေသော ပုံသဏ္ဌာန်တစ်ခုကို ဝိုးတဝါးမြင်ရသဖြင့် ကားကိုအရှိန်လျှော့ပြီး ကြည့်လိုက်သည်။

သချိုင်းအပေါက်ဝတွင် ရပ်နေသောပုံရိပ်က သူဝယ်





လာသောသူရဲမျက်နှာဖုံးနှင့် များစွာတူနေသည်ကို သတိပြုမိလိုက်သည်။

စိတ်ကြမ်းလူကြမ်းဖြင့် သားသတ်သမားအလုပ်ဖြင့် အသက်မွေးနေသော အိုက်စမင်မှာ ကြောက်ရွံ့တတ်သူတစ်ယောက်တော့ မဟုတ်ပေ။

သို့သော် ထိုပုံရိပ်သဏ္ဌာန်ကို မြင်လိုက်ရသောအခါ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထကာ ကျောထဲမှစိမ့်တက်သွားလေသည်။

နောက်တော့ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကားကိုအရှိန်မြှင့်ကာ မောင်းထွက်ခဲ့လေသည်။

နောက်ထပ်ရက်အနည်းငယ်ကြာသောအခါ အင်္ဂလန်နိုင်ငံတွင် နှစ်စဉ်ကျင်းပပြုလုပ်နေကြဖြစ်သော သရဲပွဲတော်ကို ကျင်းပပြုလုပ်ကြသည်။

မည်သူမည်ဝါမှန်းမသိအောင် ရုပ်ဖျက်ထားလျက်သရဲမျက်နှာဖုံးတပ်ဆင်ကာ သရဲတစ္ဆေအဝတ်မျိုး ဝတ်ဆင်ထားသောလူတို့သည် လမ်းမပေါ် ထွက်လာကာ တစ်ဦးနှင့်တစ်ဦး ခြောက်လှန့်ကာ ပျော်ကြသည်။

အချို့လည်း ညအချိန်ရောက်သည်အထိ တပ်ဆင်ထားသောသရဲမျက်နှာဖုံးများ မချွတ်ကြသေးပဲ တစ်ဦးနှင့်တစ်ဦး ကြောက်လန့်အောင် ခြောက်လှန့်ကြလေသည်။

သားသတ်ရုံတွင် အလုပ်လုပ်ကြသည့် အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



များမှာ အိုက်စမင်အပါအဝင် ၁၅-ယောက်ခန့်ရှိကြသည်။

ရင်းတို့သည် လောင်းကြေးထပ်ထားကြသဖြင့် ကြောက်စရာအကောင်းဆုံး သရဲမျက်နှာဖုံးများ ရှာဖွေတပ်ဆင်ကာ တစ်ဦးနှင့်တစ်ဦး ကြောက်လန့်အောင် ခြောက်လှန့်ကြလေရာ ထိုယှဉ်ပြိုင်မှုတွင် အိုက်စမင်က အနိုင်ရသဖြင့် ကျန်အလုပ်သမားများထဲမှ လစာငွေများ ရခဲ့လေသည်။

သို့သော် သူ့အတွက်ကတော့ နောက်ထပ်မမျှော်လင့်သော အန္တရာယ်ဆိုးများ ဝင်ရောက်လာလေတော့သည်။







# အခန်း(၅)

# မော့(ဂ်)လမ်းမှ နှစ်ဆောင်းပြိုင်သတ်မှု

အင်္ဂလန်နိုင်ငံတွင် သရဲပွဲတော် ကျင်းပခဲ့ကြပြီးနောက် ရက်အနည်းငယ် ကြာသောအခါမှာတော့ နေရာအနှံ့တွင် ထိတ်လန့်ဖွယ်ကောင်းသော အဖြစ်အပျက်အချို့ ပေါ်ပေါက်လာလေသည်။ လူနည်းစုနေသောအိမ်များ လူနေရပ်ကွက်နှင့် သီးခြားနေသော အိမ်များ၏ ပတ်ဝန်းကျင်တွင် အဝတ်မည်းကြီး ခြုံထားသည့် သရဲတစ်ကောင်ကို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရသည်ဆိုသော သတင်းပင်ဖြစ်သည်။

အချို့လည်း ထိုသတင်းကြားသောကြောင့် စိတ်ချလက်ချမနေဝံ့ကြပဲ အထိတ်တလန့် ဖြစ်နေကြလေသည်။

တစ်ရက်တွင် အမျိုးသမီးတစ်ယောက်သည် ပါတီပွဲတစ်ခုမှ ပြန်လာရာ လမ်းမပေါ်ရောက်မှ ထိုအကြောင်းကို သတိရလေသည်။ သူမပြန်လာသောအချိန်က ညဉ့်ဦးပိုင်းအချိန် ကျော်လာပြီ ဖြစ်သောကြောင့် မီးရောင်မရှိသောနေရာများတွင် အမှောင်ရိပ်များရှိနေလေသည်။

တစ်နေရာရောက်တော့ ကားလမ်းမပေါ်တွင် ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီး ပိုတွေ့ရသဖြင့် ရုတ်တရက် ကားကိုရပ်လိုက်မိသေးသည်။ ကားရပ်လိုက်တော့ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးက ကားရှိရာသို့ လျှောက်လာလေသည်။

ထိုအခြေအနေကိုမြင်တော့မှ ယခုတလောကြုံတွေ့နေရသော ထိတ်လန့်ဖွယ်ရာများကို သတိရသဖြင့် လီဗာကိုနင်းပြီး မောင်းထွက်လေသည်။

အရှိန်ဖြင့် ကားဝင်လာတော့ မည်းမည်းသဏ္ဍာန်ကြီးက နံဘေးသို့ရှောင်ပေးလိုက်ရာ လေအရှိန်ဖြင့် ဦးခေါင်းပေါ်မှာ ခြုံထားသောအဝတ်က လန်ကျသွားလေသည်။

ကြောက်စရာကောင်းသော ၎င်း၏မျက်နှာကို မြင်လိုက်ရသောအခါ များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

သူမမြင်လိုက်ရသောမျက်နှာမှာ လူတစ်ယောက် မျက်





နှာမျိုးမဟုတ်ပဲ သရဲသဘက်မျက်နှာမျိုးပင်ဖြစ်သည်။

ထိုကဲ့သို့သော သရဲသဘက်မျက်နှာမျိုး ဖြစ်နေသော လူတစ်ယောက်ကို ညအချိန်ရောက်လာသည်နှင့် မကြာခဏ တွေ့ကြရလေသည်။

တစ်နေ့တော့ 'သမာဓိဂေဇက်'သတင်းစာကြီးတွင် ထိတ်လန့်ဖွယ်ကောင်းသော သတင်းတစ်ပုဒ်ပါလာလေသည်။

## "ကြောက်မက်ဖွယ်ရာ လူသတ်မှုများ"

ယနေ့နံနက် (၃)နာရီအချိန်ခန့်တွင် ဆန်ရှ(ချ်)ရပ်ကွက်၌ နေကြသူများမှာ အလွန်ကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည့် စူးစူးဝါးဝါးအော်သံများကြောင့် အိပ်ယာမှ နိုးလာကြကြောင်း။

ထိုအော်သံများမှာ မော့(ဂ်)လမ်းအတွင်း၌ရှိသော နှစ်ထပ်အိမ်ကြီးတစ်လုံးမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း။

ထိုအိမ်ကြီး၌ အမျိုးသမီး နှစ်ဦးသာ နေထိုင်လျက် ရှိပါကြောင်း။ ထိုအော်သံကြောင့် ဝတ်ဝန်းကျင်၌ နေသူအချို့နှင့် ပတ္တရောင်လှည့်နေသော ပုလိပ်နှစ်ဦးတို့ ရောက်လာကြကာ အကူအညီပေးနိုင်ရန် ကြိုးစားကြကြောင်း။

ပိတ်ထားသော တံခါးရှေ့ရောက်ကြပြီး တံခါးခေါက်ကြည့်သော်လည်း အခြေအနေမထူးတော့မှ ပိတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုဖျက်၍ အတွင်းဝင်ခဲ့ကြရကြောင်း။

အောက်ထပ်၌ ထူးထူးခြားခြားမတွေ့ရသဖြင့် အပေါ် ထပ်သို့ တက်ကြည့်ကြရာ ကြောက်စရာကောင်းသောမြင်ကွင်းကို တွေ့ရလေသည်။ ကြမ်းပြင်နေရာအနှံ့တွင် စွန်းပေနေသော သွေးစက်များကို တွေ့ခဲ့ကြရကြောင်း၊ ပိတ်ထားသော အခန်းကို တံခါးခေါက်ကြည့်ရာ မထူးခြားသဖြင့် တံခါးကိုဖျက်ဆီးပြီးဝင်ကြည့်ရာ ကုတင်ပေါ်တွင် ရုပ်ပျက်ဆင်းပျက်သေဆုံးနေသော အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ကြရပါကြောင်း။

ယခုအခါ သက်ဆိုင်ရာစုံထောက်ဌာနမှ အခင်းဖြစ်ပွားသောအကြောင်းအရာနှင့် လူသတ်တရားခံအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

သတင်းစာ၌ပါသော အကြောင်းအရာမှာ ထိုမျှလောက်သာဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က နံနက်ပိုင်းအချိန် ကော်ဖီသောက်ရင်းနှင့် သတင်းစာ၌ပါသော အကြောင်းအရာများကို စိတ်ဝင်စားစွာ ဖတ်ရှုနေစဉ် တံခါးခေါက်သံကြားရသဖြင့် ထဖွင့်ပေးရာ ဝီလီယံနှင့် အခြားတစ်ယောက်တို့ကို တွေ့ရလေသည်။

အိမ်ထဲရောက်တော့ ဝီလီယံက မိတ်ဆက်ပေးလေသည်။

"ကိုမင်းထင်ကျော်၊ သူက စုံထောက်အရာရှိ ဂျက်ဖရီပါ။





ဂျက်ဖရီ၊ သူက ကျွန်တော်ပြောတဲ့ ဒေါက်တာမင်းထင်ကျော်"

သို့ကြောင့် နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ နှစ်ယောက်သား ကုလားထိုင်မှာဝင်ထိုင်ပြီးနောက် ဂျက်ဖရီကပြောသည်။

"ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ ခင်ဗျားအကြောင်းကိုတော့ ဝီလီယံက အတော်ကလေး ပြောပြထားပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း မေးလိုက်လေသည်။

"ဘာကိစ္စများ ရှိလို့လဲ၊ ကျွန်တော် ဘာများအကူအညီ ပေးနိုင်မလဲ"

ဂျက်ဖရီက စားပွဲပေါ်မှာချထားသော သတင်းစာကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဒေါက်တာလည်း သတင်းစာဖတ်ပြီးရောပေါ့၊ မော့(ဂ်) လမ်းထဲမှာ လူသတ်မှုတစ်ခုဖြစ်နေပါတယ်၊ အဲဒါ ဒေါက်တာနဲ့ ဝီလီယံတို့ လိုက်ပြီးကြည့်ပေးစေချင်ပါတယ်"

"ဒါပေမယ့်ကျွန်တော်တို့က နာနာဘာဝလောကအကြောင်းကိုပဲ လေ့လာသုတေသနပြုနေကြတာဆိုတော့"

"ကျွန်တော်တို့ စုံစမ်းစစ်ဆေးရသလောက်တော့ ဒီအမှုက သာမန်မဟုတ်နိုင်ဘူး၊ နာနာဘာဝတွေနဲ့ ပတ်သက်နေတယ်လို့ သိရပါတယ်၊ ဒါကြောင့် ဒေါက်တာတို့ကို လာပြီးအကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတာပါ"

ဟု ပြောသည်။

ထို့နောက် ပတ်ဝန်းကျင်မှာ နေကြသူများကို မေးမြန်းကြည့်ရာ ထိုရက်မတိုင်ခင်တုပင် ညအချိန်ရောက်လာလျှင် ထိုပတ်ဝန်းကျင်၌ သရဲနှင့်တူသောလူတစ်ယောက်ကို တွေ့ခဲ့ရကြောင်း ဂျက်ဖရီကဆက်ပြောပြသည်။

ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင်ကလည်း သရဲပွဲတော်ပြီးသွားသည့်နောက်တွင် သရဲနှင့်တူသော လူမည်းကြီးကို မကြာခဏတွေ့ခဲ့ကြသည်ဆိုသော သတင်းများကို စိတ်ဝင်စားနေလေသည်။

"အခင်းမဖြစ်ခင် ညဦးပိုင်းအချိန်က အဲဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားတဲ့ လူတစ်ယောက် ရိပ်ခနဲဖြတ်သွားတာကို မြင်လိုက်သူတွေရှိတယ်"

"ကျွန်တော်တို့ လိုက်ပြီးကြည့်ရင် စစ်ဆေးခွင့်ရနိုင်မလား"

"ခွင့်ပေးပါမယ်။ စိတ်ကြိုက်သာ စစ်ဆေးကြည့်ရှုနိုင်ပါတယ်၊ ဒေါက်တာက ဗမာပြည်မှာ နေစဉ်ကတည်းက အမှုအကြောင်းတွေကို စိတ်ဝင်စားတယ်လို့ ဝီလီယန်ကပြောပြထားပါတယ်၊ ဒီမှာလည်း အစိုးရဝန်ထမ်းမဟုတ်တဲ့ အလွတ်စုံထောက်တွေ ရှိကြပါတယ်"

ထိုသို့ခွင့်ပြုချက်ရတော့မှ အဝတ်အစားလဲကာ ရှင်း





တို့နှစ်ယောက်နှင့်အတူ လိုက်လာလေသည်။

မော့(ဂ်)လမ်းရှိသောနေရာမှာ သီးခြားရပ်ကွက်တစ်ခုအတွင်း၌ ဖြစ်သည်။ ရပ်ကွက်တစ်ခုလုံး သက်တမ်းရင့်ထင်းရှူးပင်ကြီးများ အပါအဝင် သစ်ပင်ကြီးများက အုံ့အုံ့ဆိုင်းဆိုင်းရှိနေကြပြီး ထိုအတွင်းမှာမှ ခြံဝန်းကျယ်များဖြင့် သီးခြားနေကြသည့် လူနေအိမ်များရှိသည်။

အခင်းဖြစ်ပွားသော နေရာမှာ ရပ်ကွက်အစွန်ဘက်၌ရှိသော နှစ်ထပ်တိုက်တစ်လုံး၌ ဖြစ်သည်။

ဒီအိမ်မှာ သားအမိနှစ်ယောက်ပဲ နေကြတယ်၊ ညက အော်သံကြားလို့ သွားကြည့်တော့ တံခါးပိတ်ထားတာတွေ့လို့ တံခါးဖျက်ဝင်ရတယ်"

အိမ်ရှေ့ရောက်တော့ ကားကို တစ်နေရာမှာရပ်ပြီး သုံးယောက်သား ကားပေါ်မှ ဆင်းလိုက်ကြသည်။ အိမ်ပတ်ဝန်းကျင်မှာ ပုလိပ်အချို့ရှိနေကြပြီး သတင်းထောက်များနှင့် မသက်ဆိုင်သူများ မဝင်စေရန် ဖဲကြိုးများဖြင့် ကာရံတားဆီးထားလေသည်။

"ဒါထက် ဒီမှာနှစ်ယောက်တည်းနေကြတာဆိုတော့ နှစ်ယောက်စလုံး အသတ်ခံလိုက်ရသလား"

"ညက တစ်ယောက်ပဲတွေ့သေးတယ်၊ တစ်ယောက်တော့မတွေ့ရသေးဘူး"

ထိုသို့ပြောပြီး လျှောက်လာရာ အိမ်ပေါက်ဝရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

"ခင်ဗျားတို့သဘောကျသလိုသာ စစ်ဆေးကြည့်ရှုကြပါ၊ ကျွန်တော်တို့ ဟိုဘက်မှာစစ်ဆေးစရာလေးတွေရှိလို့ သွားလိုက်ပါဦးမယ်"

ဂျက်ဖရီထွက်သွားတော့မှ နှစ်ယောက်သား အိမ်တွင်းသို့ဝင်လာကြသည်။ ဝင်ပေါက်တံခါးချပ်ကတော့ ညက ဖျက်ဆီးထားသောကြောင့် ပျက်စီးနေသည်မှလွဲပြီး အောက်ထပ်မှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ကြရပေ။

သို့ကြောင့် လှေခါးမှ အပေါ်ထပ်သို့ တက်လာကြသည်။

"ကျွန်တော်က ဒီလိုစုံစမ်းထောက်လှမ်းတာတွေ အတွေ့အကြုံမရှိလှဘူး"

"လေ့လာကြည့်ပေါ့၊ တကယ်လို့သာ ပရလောကသားတွေနဲ့ ပတ်သက်ခဲ့ရင် သဲလွန်စတွေ့ရမှာပါ"

ထိုသို့ပြောရင်း ဒေါက်တာမင်းထင်ကျော်က လှေခါးကိုအသေအချာစစ်ဆေးကြည့်သည်။ လှေခါးတစ်လျှောက်လုံး သွေးစသွေးန မတွေ့ရပေ။

သို့ဖြင့် ဆက်တက်လာရာ အပေါ်ထပ်ရောက်တော့မှ စိတ်မချမ်းမြေ့စရာ မြင်ကွင်းအချို့ကို တွေ့ကြရသည်။

တံခါးချပ်များပိတ်ထားသောကြောင့် သွေးညှီနံ့များ လှိုင်နေပြီး ကြမ်းပြင်ပေါ်မှာလည်း သွေးစက်များ ဒရွတ်တိုက်ဆွဲသွားသော သွေးကြောင်းအချို့ကို တွေ့ရလေသည်။





ဒေါက်တာမင်းထင်ကျော်က စေ့ရုံသာစေ့ထားသော အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့် သွေးညှီနံ့များက ဗူးဗူးဝါးဝါး ထွက်လာသည်။ အခန်းတွင်းမှာရှိသော ပစ္စည်းအချို့မှာ ဖရိုဖရဲ ဖြစ်နေလေသည်။

အခန်းတွင်းမှာ ကုတင်တစ်လုံးရှိနေပြီး ကုတင်ပေါ်ရှိ အိပ်ယာခင်းများမှာ ဖရိုဖရဲ တွန့်ကြေနေရုံမက ခေါင်းအုံးပေါ်၌ သွေးများရွှဲနစ်နေလေသည်။

ထိုမျှသောက်ဆိုလျှင်တော့ ကာယကံရှင်မှာ အသက်ရှင်စရာရှိတော့မည် မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းမှ အခြေအနေကို ခြုံပြီးအကဲခတ်ကြည့်သည်။

အခန်းတွင်းမှာတော့ အဝတ်ထည့်သောဗီရို၊ အလှပြင်သောအံဆွဲပါသည့် မှန်တင်ခုံတစ်လုံးရှိသည်။

အံဆွဲများကို ဖွင့်ကြည့်သောအခါ မှန်တင်ခုံအံဆွဲထဲတွင် ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာအချို့နှင့် ငွေအချို့ရှိနေသည်။ လူသတ်သမားက ရတနာများကို လက်ဖျားနှင့်မျှ တို့ခဲ့တန်မရှိပေ။

ထို့ပြင်အခန်းဒေါင့်တွင်ရှိသော ဗီရိုထဲမှာလည်း ငွေအချို့ရှိနေသေးသည်။

ကုတင်နံဘေးမှ ကြမ်းပြင်ပေါ်တွင် သွေးစက်သွေးကွက်



www.burmeseclassic.com

www.burmeseclassic.com



များရှိနေပြီး ထိုအပေါ်မှာ ခြေရာအချို့လည်း ရှိနေသည်။ မိန်းမတစ်ယောက်ခြေရာမျိုးတော့ မဟုတ်ပေ။

ထို့ပြင် သွေးကွက်များနှင့်အတူ ဆံပင်ထွေးအချို့လည်း တွေ့ရသည်။ သာမန်ကျွတ်ထွက်သော ဆံပင်မျိုး မဟုတ်ပဲ လက်ဖြင့် ဆောင့်ဆွဲခံရသဖြင့် ကျွတ်ထွက်ခဲ့သောဆံပင်ထွေးမျိုး ဖြစ်သည်။

ကြမ်းပြင်ပေါ်မှာတော့ ဒရွတ်တိုက်ဆွဲသွားသော စွပ်ကြောင်းကို တွေ့ရသဖြင့် ထိုအတိုင်းလိုက်ကြည့်ရာ ရေချိုးခန်းရှိသောနေရာသို့ ရောက်သွားသည်။

တံခါးက စေ့ရုံသာရှိသဖြင့် ဖွင့်ကြည့်လိုက်ရာ ရေချိုးကန်ဘက်သို့ မျက်နှာမူလျက် တခဲစောင်းလဲ အနေအထားလဲကျနေသောအမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က အနားသွားကြည့်တော့ အသက်မရှိတော့ပေ။ လည်ပင်းတစ်ဝိုက်မှ စိမ့်ထွက်နေသော သွေးများက သွေးစီးကြောင်းသဖွယ်ဖြစ်ကာ ရေထွက်အပေါက်ထဲသို့ စိမ့်ဝင်နေကြသည်။

ထိုအချိန်မှာပင် ဂျက်ဖနီတို့ရောက်လာပြီး အလောင်း၏အနေအထားကို မှတ်တမ်းယူကြသည်။ အသေးစိတ် အချက်အလက်များကို စစ်ဆေးပြီး အလောင်းကိုပက်လက်လှန်ကြည့်တော့မှ အသက်ကိုနှုတ်ယူသွားသောဒဏ်ရာကို တွေ့ရတော့သည်။





သွားဖြင့် ကိုက်ဖောက်ထားသော လည်ပင်းမှ ဒဏ်ရာ အပေါက်ကြီးပင်ဖြစ်သည်။ ဟောင်းလောင်ပေါက်ထွက်နေသောကြောင့် အတွင်းမှ အကြောနှင့် လေပြွန်ကိုပါ မြင်ရလေသည်။

"ဒေါက်တာ ဘယ်လိုယူဆသလဲ၊ ဒရက်ကူလာလို မကောင်းဆိုးဝါးလက်ချက်များ ဖြစ်နေမလား"

ဂျက်ဖရီကမေးသည်။

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ သွေးစုပ်ဖုတ်ကောင်တွေက လည်ပင်းကို အစွယ်နဲ့ဖောက်ပြီး ညင်ညင်သာသာနဲ့ သွေးစုပ်ယူတာ၊ အိပ်ပျော်နေရင်တောင် မသိသာဘူး၊ အခုဒဏ်ရာက အသက်သေအောင် တမင်ကိုက်ဖောက်သွားတဲ့ ဒဏ်ရာမျိုးပဲ"

"ဒါပေမယ့် သွားနဲ့ကိုက်ဖြတ်သွားတာပဲ မဟုတ်လား၊ လူတစ်ယောက်ရော့ ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်၊ ကုတင်နံဘေးမှာ လူသတ်သမားရဲ့ ခြေရာတွေ့ခဲ့တယ်၊ သူကကိုကုတင်ပေါ်မှာပင် အသံမထွက်အောင်လုပ်ပြီး ဆံပင်ကဆွဲပြီး ရေချိုးခန်းရောက်မှ လည်ပင်းကို ကိုက်ဖောက်သွားပုံပဲ"

"ဒါပေမယ့် အမွှေကျင့်သွားတဲ့ လက္ခဏာမျိုးတော့ မတွေ့ရဘူး"

"လူကိုလည်း အမွှေမကျင့်ဘူး၊ အခန်းထဲကပစ္စည်းတွေလည်း ဘာမှယူသွားပုံမရတော့ တခြားအကြောင်းကြောင့် သတ်



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်ပုံရတယ်၊ ဒါထက် ဒီအိမ်မှာ ဘယ်နှစ်ယောက်နေကြသလဲ”

“သားအမိနှစ်ယောက်ပဲ နေကြတယ်လို့ပြောတယ်. .၊ အမေက ဂျနီဖာလောရင့် သမီးက လက်စ်လောရင့်၊ ဒါက သမီးဖြစ်ပုံရတယ်၊ အောက်ထပ်အခန်းထဲမှာ အလောင်းတစ်လောင်း ရှိသေးတယ်”

“ဒါဖြင့် နှစ်လောင်းပြိုင် သတ်သွားတာပေါ့”

ထိုသို့ပြောပြီး အောက်ထပ်သို့ ဆင်းကြည့်သောအခါ ပစ္စည်းများထားသော စတိုခန်းထဲမှာ ခွေခွေလေး အသက်ပျောက်နေသည့် အမျိုးသမီးအလောင်းကို တွေ့ကြရသည်။

“သူက အမေဖြစ်တဲ့ ဂျနီဖာလောရင့်ပဲ”

ထိုအလောင်းကို စစ်ဆေးကြည့်တော့လည်း လည်ပင်းကို သွားဖြင့်ကိုက်ဖောက်သွားသော ပေါင်းလောင်းပေါက်ဖြစ်နေသည့် ဒဏ်ရာကြီးကို တွေ့ရသည်။

“ဘယ်လိုရန်ငြိုးရှိလို့များ သားအမိနှစ်ယောက်စလုံးကို အခုလောက် ရက်ရက်စက်စက်သတ်သွားတာ လည်းမသိတော့ပါဘူး”

သူကတော့ အပေါ်ထပ်မှာ သမီးကိုသတ်နေတဲ့အသံကြားလို့ ကြောက်ကြောက်လန့်လန့်နဲ့ အောက်ထပ်ဝင်ပုန်းနေတာဖြစ်မယ်၊ ဒါပေမယ့် ကံဆိုးတော့ လူသတ်သမားလက်က မလွတ်ရှာခဲ့ဘူး”





ဟု ဒေါက်တာမင်းထင်ကျော်က ရေရွတ်လိုက်လေသည်။

ထို့နောက် အနောက်ဘက်ထွက်သော တံခါးပေါက်ကို စစ်ဆေးကြည့်တော့လည်း သော့ခလောက်ဖြင့် ခတ်ထားသည်မှာ အတော်ကြာပြီဖြစ်ဟန်နှင့် ခြေရာလက်ရာမပျက် တွေ့ရလေသည်။ အိမ်ရှေ့တံခါးပေါက်ကလည်း အခင်းဖြစ်သောညကမှ အပြင်မှဖျက်ဝင်ကြရခြင်းဖြစ်ရာ လူသတ်သမားက အပြင်သို့ မည်သည့်အပေါက်ဝင်လာပြီး မည်သည့်အပေါက်ကပြန်ထွက်သွားသလဲ။

ဒေါက်တာမင်းထင်ကျော်က အောက်ထပ်၌ရှိသော ပြတင်းပေါက်များကို လိုက်လံစစ်ဆေးကြည့်သည်။

အတွင်းမှ သံတိုင်များစိုက်ထားပြီး အပြင်ဘက်မှ ကျွန်းတံခါးချပ်များဖြင့် ပိတ်ထားသည်။ တံခါးများကို ဂျက်ချထားသည်။

အောက်ထပ်မှာ ထူးခြားမှုမတွေ့သဖြင့် တစ်ယောက်တည်း အပြင်သို့ထွက်ကာ နံဘေးသို့ပတ်ကြည့်လေသည်။

အိမ်နံဘေးတွင် မြက်ခင်းစိမ်းများရှိပြီး အချို့နေရာများတွင် ပန်းရုံပုကလေးများရှိသည်။

ခေါင်းရင်းဘက်တစ်နေရာရောက်တော့ တောင်ဇလပ်ပင်တစ်ပင်ကိုတွေ့ရသည်။ သက်တမ်းရင့်လှပြီဖြစ်သဖြင့် အရွက်များက အမိုးပေါ်သို့ ကျော်တက်နေပြီး ခွဆုံရှိသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



က အပေါ်ထပ်ပြတင်းပေါက်နှင့်တည့်တည့် အနေအထားမှာ ရှိနေပြီး မဝေးလှပေ။

ဒေါက်တာမင်းထင်ကျော်က အောက်ခြေတစ်ဝိုက်ကို ကြည့်လိုက်တော့ သစ်ပင်ခြေရင်းရှိ မြက်ခင်းများပေါ်တွင် နင်းထားသော ခြေရာဟောင်းအချို့တွေ့ရသည်။

ခြေရာများက နင်းထားတာ မကြာလှသေးပေ။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို တွက်ဆပြီး အိမ်ရှေ့သို့ပြန်လာသည်။ အိမ်ပေါက်ဝရောက်တော့ ဝီလီယံနှင့်တွေ့သဖြင့် မေးသည်။

"ဘာထူးသလဲ ကိုမင်းထင်ကျော်"

"လူသတ်သမား အဝင်အထွက်လုပ်တဲ့ အပေါက်တော့ တွေ့ရပြီ"

"တစ်အိမ်လုံး တံခါးတွေ အလုံပိတ်ထားတာ ဘယ်အပေါက်ကဝင်လာတာလဲ"

"ဟိုရောက်တော့ တွေ့ရပါလိမ့်မယ်"

ထို့နောက် ဂျက်ဖရီကိုပါခေါ်ပြီး အပေါ်ထပ်သို့တစ်ကျော့ပြန်တက်လာကြသည်။ လူသတ်မှုဖြစ်သော အခန်းတွင်းမှာတော့ အလောင်းကို သယ်ယူသွားကြပြီဖြစ်သဖြင့် မရှိတော့ပေ။

ကုတင်ခေါင်းရင်းနားမှာရှိသော ပြတင်းပေါက်ကို လက်ညှိုးထိုးပြကာ. . .

"လူသတ်သမားက အဲဒီအပေါက်ကဝင်လာပြီး အဲဒီ





အပေါက်ကပဲ ပြန်ထွက်သွားပုံရတယ်"

ဟု ပြောလိုက်သည်။

"သံတိုင်တွေလည်းရှိတယ်၊ တံခါးချပ်ကလည်း ပိတ်ထားရက်နဲ့ ဘယ်လိုဝင်လာတာလဲ"

"ကြည့်ကြတာပေါ့"

ဟုပြောကာ သုံးယောက်သား ပြတင်းပေါက်နားသို့ သွားကြည့်ကြသည်။ အပေါ်ထပ်တံခါးများကတော့ အလင်းရောင်ရစေရန် မှန်တံခါးချပ်များ တပ်ဆင်ထားသည်။

အနားရောက်ပြီး တံခါးဂျက်များကိုကြည့်တော့ အပေါ်သို့မတင်ထားသဖြင့် အလွယ်တကူပင် တွန်းဖွင့်လိုက်လေသည်။

တံခါးပွင့်သွားတော့ အပြင်ဘက်မှ အလင်းရောင်များက အခန်းတွင်းဝင်လာသည်။ ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်၌ စိုက်ထားသောသံတိုင်များကို တစ်တိုင်းချင်းတိုင် လှုပ်ကြည့်ရာ အစွန်ဘက်၌ရှိသော သံတိုင်မှ လက်ဖြင့်ကိုင်လှုပ်လိုက်သည်နှင့် လက်ထဲသို့ ပါလာလေသည်။

သံတိုင်ကို တိတိရိရိဖြတ်ထားပြီး ကော်စေးဖြင့်ပြန်တည်ထားခြင်းဖြစ်၏။ သံတိုင်တစ်ချောင်း မရှိတော့သောအခါ လူတစ်ယောက် ဝင်သာထွက်သာသောအပေါက် ဖြစ်သွားလေသည်။

"လူသတ်သမားက လူမရှိတဲ့အချိန်မှာ သစ်ပင်ပေါ်က တက်လာပြီးတော့ သံတိုင်ကိုသံဖြတ်လွှနဲ့ အပေါ်အောက် တပ်ဖြတ်ထားပြီးမှ ကော်စေးနဲ့ပြန်တစ်ထားတယ်၊ အခန်းထဲမှာလူ



www.burmeseclassic.com

www.burmeseclassic.com



အိပ်တဲ့အချိန်ရောက်မှ မှန်တံခါးကိုဖွင့်ပြီး သံတိုင်အပေါက်က ဝင်လာပြီး သတ်သွားတာ၊ ပြန်ထွက်တော့လည်း သံတိုင်ကို ပြန်ဆက်ထားပြီးမှ သစ်ပင်ပေါ်က အေးအေးဆေးဆေး ပြန်ဆင်းသွားတာပါ"

"တယ်လဲ အကြံကောင်းတာပဲကိုး၊ မိန်းမနှစ်ယောက် တည်းနေတဲ့အိမ်ထဲဝင်လာပြီး ပစ္စည်းလဲမယူ လူကိုလည်း ဘာမှ မလုပ်ပဲ ရက်ရက်စက်စက် သတ်သွားပုံထောက်တော့ အငြိုးတစ်ခုခုရှိလို့ ဖြစ်နိုင်တယ်"

စုံထောက်ဂျက်ဖရီက သူ့ထင်မြင်ချက်ကို ပြောပြသည်။

"နောက်တော့ အဖြေပေါ်လာမှာပါ၊ ဒီပတ်ဝန်းကျင်မှာ နေတဲ့လူတစ်ယောက်ကို မေးကြည့်ရမယ်"

ဟုပြောပြီး ပတ်ဝန်းကျင်မှာ နေသူတစ်ယောက်ကို ခေါ်မေးကြည့်သောအခါ အောက်ပါအတိုင်း ပြောပြလေသည်။

"ဟိုရက်က သူတို့ သားအမိနှစ်ယောက်လုံး ပါတီပွဲသွားကြတယ်၊ အဲဒီညက အပြင်ကပြန်လာတော့ သူတို့ အိမ်ဘေးမှာ မည်းမည်းသဏ္ဌာန်ကြီး ရပ်နေတာကို သတိပြုမိလိုက်တယ်"

"ပြောပါဦး"

"မျက်နှာတော့ သေသေချာချာမမြင်ရဘူး၊ ဒါပေမယ့် အဝတ်မည်းကြီး ခြုံထားပြီးတော့ မျက်နှာမှာ သရဲမျက်နှာဖုံး တပ်ထားတယ်လို့တော့ ထင်တာပဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က





လေးလေးနက်နက် စဉ်းစားနေလေသည်။

နောက်တော့ စစ်ဆေးစရာများ အသေးစိပ်စစ်ဆေးပြီးနောက် ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၈)

# စွဲလန်းမှုကြောင့်ဖြစ်သော ဥပါဒါန်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ဒေါက်တာမင်းထင်ကျော်သည် မနောသုတေသနအသင်းတိုက်တွင် သိမ်းဆည်းထားသော မှတ်တမ်းဟောင်းများအနက် သရဲမျက်နှာဖုံးကို အသုံးပြုလျှက် ဖြစ်မှုကျူးလွန်ခဲ့သော မှတ်တမ်းဟောင်းများကို လေ့လာကြည့်ရှုနေလေသည်။

ထိုကဲ့သို့ သရဲမျက်နှာဖုံးတပ်ဆင်ပြီး ဖြစ်မှုကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



သောမှတ်တမ်းများမှာ အတော်ပင်များသည်။

တစ်ခါက ဘဏ်ကို အနုကြမ်းဝင်စီးသွားသော အဖွဲ့တစ်ဖွဲ့မှာ အားလုံး သရဲမျက်နှာဖုံးများ တပ်ဆင်ထားသောကြောင့် မည်သူမည်ဝါမှန်းမသိရပေ။

လူသတ်မှုကျူးလွန်ခြင်း၊ မုဒိန်းမှုကျူးလွန်ခြင်း၊ ကလဲ့စားချေခြင်း၊ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့လျှက် သောင်းကျန်းသူအချို့တို့မှာ သရဲမျက်နှာဖုံးကို အသုံးပြုခဲ့ကြလေ့သည်။

ထိုအကြောင်းများနှင့်ပတ်သက်ပြီး မနောသုတေသန၊ အသင်းမှ ပညာရှင်များ စိတ်စွမ်းအင်သုတေသနပညာရှင်များက သဘာဝလွန်ဖြစ်ရပ်များဟု ကောက်ချက်ချကြသည်။

သရဲခြောက်ခြင်း ပုဂ္ဂလကတိုက်ခြင်း၊ သရဲမျက်နှာဖုံးတပ်ဆင်အသုံးပြုလျှက် ပြစ်မှုကျူးလွန်မှုများမှ မဖြေရှင်းနိုင်သေးသော သဘာဝလွန်အဖြစ်အပျက်များဟုသာ ယေဘူယျကောက်ချက်ချထားကြသည်။

ထိုအကြောင်းများနှင့် ပတ်သက်ပြီး မှတ်တမ်းအချို့လည်းရှိပေသည်။

စိတ်စွမ်းအင် သုတေသန ပညာရှင်များက သရဲတစ္ဆေခြောက်လှန့်မှုများ၏ အများစုကို စူးစမ်းလေ့လာပြီး သဘာဝတရား၏ ဖြစ်စဉ်များသာဖြစ်သည်ဟု ရှင်းပြနိုင်ခဲ့ကြသော်လည်း အားလုံးကို ရှင်းပြနိုင်ခြင်းမျိုး မဟုတ်ပေ။

ရာစုနှစ်နှင့်ချီအောင် စိတ်ပညာသုတေသီတို့မှာ သရဲ





တစ္ဆေဖြစ်ရပ်တို့သည် သဘာဝအချင်းအရာသာဖြစ်သည်ဟု ရှင်းပြရန် အားထုတ်ခဲ့ကြသည်။

သို့သော် မပြင်းနိုင်လောက်အောင် ခိုင်မာသော အကြောင်းပြချက် ရှင်းလင်းချက်များ တစ်ခုတစ်လေမျှပင် ယနေ့ထက်တိုင်အောင် ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ထိုပြင်ထိုကဲ့သို့ သိပ္ပံနည်းကျ ရှင်းလင်းနိုင်ခြင်း မရှိသည့်အတွက် ထင်ရာမြင်ရာ အကြောင်းအရာများသာဖြစ်သည် ဟူ၍လည်း ပေါ့ပေါ့တန်တန် ယူဆ၍မရသော အကြောင်းအရာများလည်း ဖြစ်သည်။

စိတ်စွမ်းအင်သုတေသနနှင့် သရဲတစ္ဆေဖြစ်ရပ်များ (Psychical Research and Ghost)ကို လေ့လာသည့် စိတ်စွမ်းအင် သုတေသနပညာရှင်များ၏ ပိုမိုခက်ခဲမှုမှာ ယင်းသရဲတစ္ဆေကိစ္စများအတွက် အားလုံးမှန်ကန်သော ရှင်းလင်းချက် မထုတ်နိုင်ခြင်း ဖြစ်သည်။

ဖြစ်ပျက်သမျှသော အကြောင်းအရာများသည် ပုံသဏ္ဍာန်မျိုးစုံ၊ ဖြစ်ရပ်မျိုးစုံနှင့် သဘာဝမျိုးစုံပင်ဖြစ်သည်။

လန်ဒန်မြို့ရှိ စိတ်စွမ်းအင်သုတေသနအဖွဲ့အစည်း (Societyfor PsychicalResearch)(SPR)ကို တည်ထောင်သူ သုတေသီ ဖရက်ဒရစ် ဒဗလျူအိပ်(ချ်)မိုင်ရော(Frederic W.H Myers)က သရဲတစ္ဆေဖြစ်ရပ်တို့၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်းဖွင့်ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သရဲတစ္ဆေဆိုသည်မှာ သေဆုံးသူတစ်ယောက်၏ စိတ်အားထက်သန်နေသော စွမ်းအင်များပင် ဖြစ်သည်။(သို့မဟုတ်) သေဆုံးပြီးနောက် မြေကမ္ဘာပေါ်ရှိ မုဘာသိက္ခမ်းခဲ့သည့်လူ ပုဂ္ဂိုလ်နှင့် ဆက်သွယ်ရန် ကြိုးစားသောအားပုံစံတစ်မျိုး၏ အရိပ်နိမိတ်များပင်ဖြစ်သည်။'

ဟုအဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။

ထို့ပြင် မိုင်ရာက "သရဲတစ္ဆေတို့သည် အသိဉာဏ်ရှိသော အသိရှိနေသည့် အကောင်အထည်များ မဟုတ်ကြဘဲ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသိစိတ်မှအလိုအလျှောက် ထိုးထွက်လာသော အရိပ်သဏ္ဌာန်များပင်ဖြစ်သည်ဟုလည်းယူဆခဲ့သည်။

အချို့သောစိတ်ပညာရှင်များကမူ "သရဲတစ္ဆေဖြစ်ရပ်တို့သည် သက်ရှိများအတွင်း စိတ်ချင်းဆက်သွယ်မှု (Telepathy) မှထွက်ပေါ်လာသောချောက်ခြားမှုများ၊ ထင်ယောင်ထင်မှားဖြစ်ရပ်များပင် ဖြစ်သည်။

ဟု အဓိပ္ပါယ်ဖွင့်ဆိုကြပြန်သည်။

တိုနီကောနယ်(လ)အမည်ရှိ သဘာဝလွန် အဖြစ်အပျက်များကို နှစ်ပေါင်း(၅၀)ခန့် စူးစမ်းလေ့လာခဲ့သော သဘာဝလွန်အဖြစ်အပျက်များကို နှစ်ပေါင်း(၅၀)ခန့် စူးစမ်းလေ့လာခဲ့သော သဘာဝလွန်ပညာရှင်(Parapsychologist)ကမူ တစ္ဆေသရဲဖြစ်ရပ်များ၊ ပူဏ္ဏာကတိုက်ခြင်းဖြစ်ရပ်များ၊ ဝိညာဉ်ခေါ်ပွဲများ





စသည်တို့သည် မည်သည့်အရာမှမဟုတ်ဘဲ လူသားတို့၏စိတ်မှထွက်ပေါ်လာသော'ထုတ်ကုန်'(product)များပင် ဖြစ်သည်ဟုဆိုခဲ့သည်။

တစ္ဆေသရဲဖြစ်ရပ်များသည် မည်သို့ဖြစ်ပါသည်ဟု သိပ္ပံနည်းကျ ရှင်းလင်းပြရန်မလွယ်ကူပေ။

ထို့အပြင်အဖြစ်အပျက်အားလုံးတို့အား ဘာသာရေးဆိုင်ရာ ရှင်းလင်းဖွင့်ဆိုချက်များနှင့်လည်း အားလုံးကွက်တိ ကိုက်ညီမှုရှိအောင် ရှင်းလင်းရမည်မှာ မလွယ်ကြောင်း တွေ့ရပေသည်။

သိပ္ပံပညာနှင့် ဘာသာရေးက မည်သို့ပင်ယူဆနေစေကာမူ လူအများကမူ၊ သရဲတစ္ဆေဖြစ်ရပ်များ တကယ်ပင်ဖြစ်တည်နေသည်ဟု ယုံကြည်လျက်ရှိနေကြသည်။

ဂဲဘ်လပ်ပိုး(လ)(Gallup Polls)ဆိုသူ သုတေသီတစ်ယောက်မှ သုတေသနပြုချက်များအရ အမေရိကန်လူမျိုးသုံးယောက်တွင် တစ်ယောက်သည် အိမ်များ၊ အဆောက်အအုံများတွင် သရဲခြောက်ခြင်းဖြစ်ရပ်များ ရှိသည်ဆိုခြင်းကို လက်ခံကြပြီး လူဦးရေ၏(၂၀)ရာခိုင်နှုန်းမှာမူ လူများသည် သေပြီး လူများနှင့် ဆက်သွယ်နိုင်ကြသည်ဟု ယုံကြည်လျက် ရှိကြသည်။

အခြားသောတိုင်းပြည်များတွင်လည်း ယင်းကဲ့သို့သော ယုံကြည်မှုများမှာ အထက်ဖော်ပြပါ ရာခိုင်နှုန်းများထက် များပြားသည့်အရေအတွက် ရှိနေသည်မှာလည်း သေချာလောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သိပ္ပံပညာအရ မတည်ရှိနိုင်ဟူ၍ အဖြေထုတ်ထားသော်လည်း ကမ္ဘာတလွှားတွင် ယုံကြည်သူများပြားစွာရှိနေကြသည်မှာ သမိုင်းစဉ်တစ်လျှောက်လုံး အစဉ်အဆက်အတွေးနက်စေသည့်အကြောင်းပင်ဖြစ်သည်။

ထို့ပြင် သမိုင်းစဉ်တစ်လျှောက်လုံးတွင်လည်း အလွန်ရှေးကျသောခေတ်များမှ စတင်ကာ ယနေ့အချိန်အထိ သရဲတစ္ဆေများနှင့် တွေ့ဆုံခြင်း(သရဲခြောက်ခံရခြင်း)၊ သေသူများနှင့် အဆက်အသွယ်ရခြင်း စသည့် အတွေ့အကြုံများကို ရရှိကြသည်။

ယင်းဖြစ်စဉ်တို့သည် ကမ္ဘာပေါ်ရှိ တစ်နေရာတည်းတွင် မဟုတ်ပဲ တစ်ကမ္ဘာလုံး ကြုံတွေ့ရသော အဖြစ်အပျက်များလည်း ဖြစ်သည်။

သို့ဖြစ်၍ ဝိညာဉ်နှင့်ပတ်သက်သော သတင်းပို့မှုများ၊ မှတ်တမ်းတင်မှုများမှာလည်း သရဲတစ္ဆေ မရှိပါဘူးဟု သက်သေပြထားသော သိပ္ပံပညာရှင်များအား တွေဝေလာစေခဲ့သည်။

ထို့ပြင် ၁၈၀၀-ပြည့်နှစ်များတွင် အမေရိကန်တို့၏ သေသူများနှင့် ဆက်သွယ်နိုင်ခြင်း၊ (Spiritualism)(သို့မဟုတ်) လိပ်ပြာခေါ်ခြင်း လှုပ်ရှားမှုတို့က သိပ္ပံပညာရှင်များအား အထူးပင် တုန်လှုပ်စေခဲ့သည်။

အချို့သော သေသူများနှင့် ဆက်သွယ်မှုပြုလုပ်သည့်





အဖြစ်အပျက်များတွင် မယုံကြည်ပါဟု ဆိုသူတို့ပင် ငြင်းချက်မထုတ်နိုင်သော မဖြေရှင်းနိုင်သည့် အဖြစ်အပျက်များ ပါဝင်လာခဲ့သည်။

ထိုအခါ အချို့သော သိပ္ပံပညာရှင်တို့သည် ယင်းအဖြစ်အပျက်များတွင် မိမိတို့ ပါဝင်သုတေသနပြုလုပ်ရန် တာဝန်ရှိသည်ဟု ယူဆလာကြသည်။

ယင်းတို့အနက် ထိပ်ဆုံးမှ ပါဝင်လာခဲ့သူမှာ အင်္ဂလိပ်လူမျိုး ဓာတုဗေဒပညာရှင် ဆာဝီလီယံခရွတ်(စ)(Sir William Crookes)ဖြစ်သည်။

ဤတွင် ဝီလီယံခရွတ်(စ)အကြောင်းကို အကျဉ်းမျှ ဖော်ပြပါမည်။

ဆာဝီလီယံခရုတ်(စ)သည် သိပ္ပံပညာရပ်တွင် ထူးချွန်သော ပညာရှင်တစ်ယောက်ဖြစ်သည်။ သူသည် အီလက်ထရောနစ်ပညာရပ်၏ ရှေ့ပြေးဖြစ်သော လေဟာပြွန်မီးလုံးများ (Vacuum tubes)တီထွင်မှု၏ ရှေ့ဆောင်လမ်းပြတစ်ဦးဖြစ်သည်။ သူသည် အလွန်အသုံးဝင်သော မီးလုံးတစ်မျိုးဖြစ်သည့် ခရွတ်(စ)ပြွန်(Crookes tube)နှင့် ခရွတ်(စ)ရေဒီယိုမီတာ (Crookes radiometer)ကိုလည်း တီထွင်ခဲ့သည်။

သို့သော် ၁၈၆၇-ခုနှစ်တွင် ညီငယ်ဖြစ်သူ ဖိခစ်(စ)သည် မိသားစုလုပ်ငန်းဖြစ်သည့် အမေရိကန်နိုင်ငံ ဖလော်ရီဒါမှ ကျူးဘားနိုင်ငံသို့ ကြေးနန်းကြိုးများသွယ်တန်းခြင်းလုပ်ငန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ရင်း အဝါရောင်အဖျားရောဂါ၊ (YellowFever)ဖြင့် ကွယ်လွန်ခဲ့သည်။

ထိုအခါ ကွယ်လွန်သွားသူ ညီငယ်အား တစ်ဖန်ပြန်လည်တွေ့မြင်ချင်စိတ်ဖြင့် သေသူများနှင့်ဆက်သွယ်မှု (Spirit-uralism) ပြုလုပ်သူများနှင့် ထိတွေ့လာခဲ့ရသည်။

အချို့သောဖြစ်ရပ်များတွင် ခရွတ်(စ)သည် ကိုယ်တိုင်ပါဝင်လာခဲ့ပြီး ဝိညာဉ်လောကအကြောင်းသည် လေ့လာဖွယ်ကောင်းပြီး သိပ္ပံပညာရပ်အနေနှင့် လေ့လာဖော်ထုတ်ရန် တာဝန်ရှိသည်ဟုခံယူလာခဲ့သည်။

ခရွတ်(စ)သည် သူ၏မှတ်တမ်းအချို့တွင် နတ်ဝင်သည်(medium)ခေါ် လိပ်ပြာရှင်များအား လေ့လာခဲ့ပြီး မှတ်တမ်းမှတ်ရာများ ရေးသားခဲ့သည်။

သူ လေ့လာခဲ့သည့် နတ်ဝင်သည်(လိပ်ပြာရှင်) သို့မဟုတ် နာမ်ဝိညာဉ်လောကနှင့် ယခုလောကဆက်သွယ်သူများမှာ ထင်ရှားသည့် နတ်ဝင်သည်(လိပ်ပြာရှင်)များဖြစ်သည့် ကိတ်(ထ)ဖောက်(စ)(Kate Fox)ဖလောရင့်(စ)ကွတ်(ခ) (Florence Cook)နှင့် ဒယ်နီရယ်(လ)ဒွန်းဂလပ်(စ)ဟုမ်း(မ) (Daniel DunglasHome)တို့ဖြစ်သည်။

ယင်းကြားသူ နတ်ဝင်သည်(လိပ်ပြာရှင်)များအား ခရွတ်(စ)သည် မိမိအိမ်တွင်ဖိတ်ခေါ်ကာ စမ်းသပ်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။





ထိုသို့တွေ့ထိစမ်းသပ်မှု ပြုရာတွင်. . .

- မိမိ၏ အခန်းအတွင်း၌ပင် အဝေးမှအရာဝတ္ထုများအား မည်သည့်အကူအညီမှ မပါဝင်ပဲ အလိုအလျောက် ရွေ့လျားစေခြင်း၊
- တစ်စုံတစ်ခုအား အဆက်မပြတ်ရိုက်ခတ်နေစေခြင်း။
- အရာဝတ္ထုတစ်ခု၏ အလေးချိန်မှာ တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲနေခြင်း။
- ဝတ္ထုများအား အလိုအလျောက် စာရေးသားခြင်း။

စသည့်အဖြေထုတ်ယူနိုင်ခြင်းမရှိသော အဖြစ်အပျက်တို့အား မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေသည်။

ထိုအခါမှစ၍ ခရွတ်(စ)သည် နာမ်ဝိညာဉ်နှင့် ပတ်သက်သော သရဲတစ္ဆေတို့အပေါ်တွင် အမြင်ပြောင်းလဲခဲ့ပြီး သိပ္ပံနည်းကျ ချဉ်းကပ်သင့်သည့် အရာဖြစ်သည်ဟု ယူဆလာခဲ့သည်။

ခရွတ်(စ)သည် နောက်ပိုင်းတွင် ရုပ်သဘာဝလွန် သုတေသနအစည်းအရုံး (Society for Psychical Re-search) တွင် ပါဝင်ခဲ့ပြီး လေ့လာခဲ့ရာ ၁၈၉၀-ခုနှစ်တွင် အသင်းအရုံး၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။

ထို့အပြင် ခရွတ်(စ)သည် တစ္ဆေကလပ်(GhostClub) ကဲ့သို့သော အဖွဲ့အစည်းများတွင်လည်း ခေါင်းဆောင်ကာ လေ့လာမှုများ ပြုလုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရွတ်(စ)အပြင် အခြားနာမည်ကျော် သိပ္ပံပညာရှင်များဖြစ်သည့် အဲ(လ)ဖရက်ရပ်ဆယ်(လ)ဝေါလက်(စ)(Alfred Russel Wallace)အိုလီဗာလော့(ဂျ်)၊ (Oliver Lodge)နှင့် လော့(ဒ)ရေလက်(ချ)(LordRayleigh) တို့သည်လည်း မူလသဘောထားအမြင်များ ပြောင်းလဲလာခဲ့ပေသည်။

သရဲတစ္ဆေဖြစ်ရပ်တို့အား စိတ်ဝင်စားလာခဲ့သော သိပ္ပံပညာရှင်များသည် ယင်းဖြစ်ရပ်များကို ထဲထဲဝင်ဝင် ဝင်ရောက်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုအခါ အလိမ်အညာများ အတုအယောင်များအား ဖော်ထုတ်နိုင်ခဲ့ကြသည်။

တစ်ခါတစ်ရံတွင် အစစ်ဖြစ်သောကြားခံလူ(သို့မဟုတ်) နတ်ဝင်သည်(လိပ်ပြာရှင်)များနှင့် တွေ့ကြုံသောအခါများတွင်မူ တွေ့ကြုံရသော ဖြစ်ရပ်များအပေါ်တွင် အဖြေရှာ မတွေ့နိုင်ကြတော့ပေ။

ထိုအခြေအနေများကြောင့် နာမည်ကျော်သိပ္ပံပညာရှင်အချို့အနေဖြင့် ယင်းဖြစ်ရပ်တို့သည် ဓါတ်ခွဲခန်းအတွင်း စမ်းသပ်ခြင်းဖြင့် အဖြေမထွက်နိုင်ဘဲ အခြားနယ်ပယ်အသစ်အသစ်တစ်ခု ချဲ့ထွင်ကာ လေ့လာရမည်ဖြစ်ကြောင်း တစ်စထက်တစ်စ လက်ခံလာကြပေသည်။

သရဲမျက်နှာဖုံး တပ်ဆင်အသုံးပြုလျက် ဖြစ်မှုများ ကျ လွန်သူတို့နှင့်ပတ်သက်ပြီး အောက်ပါအတိုင်း မှတ်ချက်ချထား





ကြသည်။

"ဎင်းတို့သည် သဘာဝလွန်ဖြစ်ရပ်များကို အထူးစိတ်ဝင်စားသော"တိုတမ်ဝါဒ"ရှိသူများပင် ဖြစ်ကြသည်။ တိုတမ်ဝါဒမှာ ဘာသာရေးနှင့် သက်ဆိုင်သော ဝါဒတော့မဟုတ်ပေ။

တစ်စုံတစ်ခုအား ယုံကြည်စွဲလမ်းမှု၊ စိတ်ကူးယဉ်တွေးခေါ်မှုများနှင့် သက်ဆိုင်သောဝါဒမျိုး ဖြစ်သည်။

သစ်ပင်တိရိစ္ဆာန်တို့အပြင် စုန်း၊ ကဝေ၊ နတ်၊ သရဲတစ္ဆေတို့နှင့် သက်ဆိုင်သည့် ယုံကြည်စွဲလန်းမှုများလည်း ပါဝင်လေသည်။

သရဲနှင့် သက်ဆိုင်မှုများ၊ တွေ့ဆုံခြင်း၊ သေဆုံးသူနှင့်ပတ်သက်သည့် ပစ္စည်းများကို ကိုင်တွယ်သုံးစွဲမိခြင်းကြောင့် ဝိညာဉ်၏ လွှမ်းမိုးမှုခံရသည်မျိုးဖြစ်၏။ သရဲမျက်နှာဖုံး တပ်ဆင်သူတို့သည် မိမိကိုယ်ကို မကောင်းဆိုးဝါးဘဝ ရောက်နေသည်ဟူသော စိတ်မျိုးဝင်လာပြီးနောက်တွင် ပတ်ဝန်းကျင်မှ မကောင်းဆိုးဝါးတို့က ဝင်ရောက်ပူးကပ်လာပြီး နှောက်ယှက်ကြသဖြင့် လူစင်စစ်မှ မကောင်းဆိုးဝါးအသွင်မျိုး ရောက်ကြရသည်မျိုးလည်း ရှိသည်။ စိတ်ကို ပယောဂ ပူးကပ်နှောက်ယှက်ခံရခြင်းမျိုး ဖြစ်၏။

အမှန်ခဲတော့ ထိုစိတ်မျိုးမှာ 'ဟစ်စတီးရီးယား'ဟုခေါ်သော စိတ်ကိုမထိန်းချုပ်နိုင်သည့် တက်ကြွမှုမျိုးလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ထိုမှတ်တမ်းကို ဖတ်ပြီးသည့်နောက်တွင် ထိုကဲ့သို့သော အကြောင်းများသည် မြန်မာနိုင်ငံတွင် အဖြစ်များလေ့ရှိသော နတ်ကိုင်ခြင်း၊ ပြူစားခံရခြင်း၊ တစ္ဆေသရဲပူးကပ်ခြင်း၊ အပင်းသွင်းခြင်း စသောအဖြစ်များနှင့် များစွာတူလှကြောင်း တွေးမိလေသည်။

ထိုအဖြစ်အပျက်များမှာ ပြင်ပ ပယောဂထက် မိမိစိတ်က စွဲလန်းယုံကြည်မှု များသောကြောင့် ပိုပြီးအဖြစ်များကြလေသည်။ ကာယကံရှင်ကိုယ်တိုင်က သာမန်အကြောင်းအရာတစ်ခုကို ပုံကြီးချဲ့ပြီး ထင်မြင်နေခြင်းက ပြေပျောက်ရန် ခက်စေသော အကြောင်းရင်းတစ်ခု ဖြစ်စေသည်။

အထူးသဖြင့် အမျိုးသမီးများမှာ နဂါးတို့နှင့် ပတ်သက်မှုရှိသည်။ သိုက်နှင့် ပတ်သက်မှုရှိသည်ဟုပြောလျှင်ပင် သဘောကျလေ့ရှိကြသည်။

သိုက်ဆက်နဂါးဆက်ရှိသည်ဟု အထင်ခံရသည်တိုင်ပင် ကျေနပ်နေတတ်ကြသည်။

ထိုအမျိုးသမီးမျိုး တစ်စုံတစ်ခု ရောဂါဖြစ်ပြီဆိုလျှင် ကုသရန် ခက်ခဲတတ်သည်။ သာမန်ဆေးဝါးနှင့် ကုသ၍မရပေ။

"ဘဝဆက်ရှိသူတွေက သတိပေးတဲ့အနေနဲ့ လုပ်ထားတာ၊ ဘယ်နေရာမှာ ကန်တော့ပွဲပေးပြီး တောင်းပန်မှရမည်။"

ဟု ပြောလျှင်တော့ မည်သည့်ဆေးနှင့် ကု၍မှမရတော့ပေ။ စကားစပ်မိသဖြင့် ပြောရပေဦးမည်။





ကျွန်ုပ်တို့ အသိမိတ်ဆွေတစ်ဦးသည် ၎င်းထံသို့ လာသမျှ အမျိုးသမီးများကို ဗိုလ်တစ်ထောင်ဘက်မှ နဂါးမယ်တော်နန်းသို့ လွှတ်လေ့ရှိသည်။

"အဲဒီနန်းကိုသွားပြီး ကန်တော့ပွဲပေးရင် ဘဝဆက်ရှိတဲ့သူတွေက ကူညီစောင့်ရှောက်မှု ပေးလိမ့်မယ်၊ အဲဒီအခါ လိုအင်ဆန္ဒတွေ ပြည့်လိမ့်မယ်"

အမျိုးသမီးများက ထိုသို့ ပြောသည်ကိုပင် များစွာကျေနပ်ကာ သူပြောသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ကြသည်။

တစ်ခါတော့ ကျွန်ုပ်က သူ့ကိုမေးဖူးသည်။

"ဗိုလ်တစ်ထောင်က နဂါးမယ်တော်နန်းကို မလွှတ်ပဲ တခြားနေရာတွေ လွှတ်ရင်ရော မရဘူးလား၊ ကုသိုလ်ကောင်းမှု လုပ်တာပဲ ဘယ်နေရာပဲလုပ်လုပ် မရဘူးလား"

"ရပါတယ်၊ ဒါပေမယ့် အမျိုးသမီးတွေက နဂါးမယ်တော်နဲ့ ပတ်သက်ရတာကို ပိုပြီးသဘောကျတယ်၊ ခင်ဗျားမယုံရင် သွားကြည့်ပါလား၊ မြတ်စွာဘုရားရဲ့ ဆံတော်ဓါတ် ကိန်းဝပ်နေတဲ့ ဗိုလ်တစ်ထောင်စေတီတော်ကြီးနဲ့ နဂါးမယ်တော်လမ်းက လမ်းတစ်လမ်းပဲခြားတယ်"

"ဟုတ်ပါတယ်"

"ဘုရားမှာ ကန်တော့ပွဲတစ်ပွဲရောက်ရင် နဂါးမယ်တော်နန်းမှာ ၁၀-ပွဲလောက် ရောက်သွားလိမ့်မယ်၊ အဲဒါဘာဖြစ်လို့လည်း ခင်ဗျားသိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"အမိကက ချမ်းသာချင်လို့ပဲ. . ၊ ဘုရားကိုပူဇော်ရင် ကုသိုလ်ရမယ်၊ နဂါးမယ်တော်ကို ပူဇော်ပသရင် ငွေရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်နေကြတာဗျ၊ ဒါကြောင့် ဘုရားသွားပြီး ကုသိုလ်လုပ်ပါဆိုရင် လုပ်ဖြစ်ချင်မှ လုပ်ဖြစ်မယ်၊ နဂါးမယ်တော် နန်းကို သွားဆိုရင် မိုးမလင်းခင်ရောက်အောင်သွားကြတာပေါ့"

ဟု သူကအယူအဆကို ပြောပြဖူးလေသည်။

အမှန်တော့ ယုံကြည်စွဲလန်းမှုတစ်ခု ပူးကပ်ခြင်းခံရလျှင် ဆရာနှင့်ကုသ၍ မရလောက်အောင်ပင် ခက်ခဲတတ်ပေသည်။

မြန်မာနိုင်ငံ၌သာမကပဲ အနောက်နိုင်ငံများတွင် ပုဏ္ဏကတိုက်ခြင်းနှင့် သက်ဆိုင်သော အဖြစ်အပျက်များမှာ စွဲလမ်းယုံကြည်မှုများနှင့် သက်ဆိုင်ကြောင်း တွေ့ရသည်။

ယခုသရဲမျက်နှာဖုံးနှင့် သက်ဆိုင်သော အဖြစ်အပျက်များမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။

သရဲမျက်နှာဖုံး စွပ်ပြီးနောက် သရဲစိတ်ဝင်သွားသော ဖြစ်ရပ်များမှာ အနောက်နိုင်ငံများ၍ မြောက်များစွာရှိကြောင်း တွေ့ရပေသည်။







## အခန်း (၉)

## လူသတ်သမားနှင့် သဲလွန်စ

'ရှုဖီးမြို့'၌ရှိသော ဆေးရုံတစ်ရုံသို့ ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ရောက်နေပေပြီ။

လန်ဒန်မြို့နှင့် 'ရှုဖီးမြို့'မှာ ဝေးလံသည်မဟုတ်ပေ။ သို့သော် သတင်းရရှိသော အချိန်က အတော်ပင်နောက်ကျနေသဖြင့် အချိန်နောက်ကျပြီးမှ ရောက်သွားကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းတို့ထံသို့ ဖုန်းဆက်အကြောင်းကြားသူမှာ မာရီယာပင်ဖြစ်သည်။ မာရီယာ အမည်ခံထားသော ခင်မြတ်ဆွေက ဒေါက်တာမင်းထင်ကျော်ထံသို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားတော့မှ အကျိုးအကြောင်း သိကြရပြီးနောက် ဟယ်ရီပရိုက်နှင့် ဝီလီယန်တို့ကိုပါ ခေါ်ပြီးခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။

ခရီးထွက်ခဲ့ကြခြင်း အကြောင်းရင်းမှာ ရှမ်းမြို့ရှိ ဆေးရုံတစ်ရုံ၌ ဝီလီယန်၏ချစ်သူ ရှယ်လီလောရင့်တစ်ယောက် ရောက်နေသည်ဆိုသဖြင့် သုံးယောက်သား ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။

ဆေးရုံသို့ ရောက်သွားသောအချိန်တွင် ရှယ်လီလောရင့်မှာ သတိရနေပြီဖြစ်သော်လည်း ပုံမှန်စိတ်မျိုးတော့ မရှိသေးပေ။

သူတို့ ရောက်သွားသော အချိန်တွင် ရှယ်လီလောရင့်မှာ သတိရနေပြီဖြစ်သော်လည်း ပုံမှန်စိတ်မျိုးတော့မရှိသေးပေ။

သူတို့ရောက်သွားသော အချိန်မှာပင် ကောင်းစွာမှတ်မိခြင်းမရှိပဲ မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"ရှယ်လီ. . ရှယ်လီ ဘယ်လိုဖြစ်တာလဲ"

ဝီလီယန်က သူမလက်ကိုဆုတ်ကိုင်ပြီး မေးသော်လည်း ဘာမှမပြောနိုင်ပဲ ဝီလီယန်ကို ကြည့်နေလေသည်။

ထိုအချိန်မှာ ဆရာဝန်တစ်ယောက်က ရောက်လာပြီး ဝီလီယန်ကို အခန်းတစ်နေရာသို့ ခေါ်သွားကာ အခြေအနေကို





ပြောပြသည်။

"စိတ်တော့ မကောင်းပါဘူးဗျာ၊ သူ ဆိုးဆိုးဝါးဝါး အခြေအနေတစ်ခုခုနဲ့ တွေ့ကြုံခဲ့ရပုံရတယ်၊ အခုထိတော့ ပုံမှန်အခြေအနေ မရှိသေးပါဘူး"

"သူ ဘယ်လိုဖြစ်ခဲ့တာလည်း ဒေါက်တာ"

"ကျွန်တော်ကတော့ ရောဂါအခြေအနေလောက်ပဲ ပြောပြနိုင်ပါတယ်၊ ခင်ဗျားသိချင်ရင်တော့ သူ့ကိုခေါ်လာတဲ့ ပုလိပ်အရာရှိတစ်ဦးကို မေးကြည့်စေချင်ပါတယ်"

ထိုအကြောင်းကို ဝီလီယန်က ပြန်ပြောသဖြင့် သုံးယောက်သား အခန်းအပြင်သို့ ပြန်ထွက်လာကြသည်။

ချစ်သူကို ထိုအခြေအနေမျိုးနှင့် မြင်တွေ့ရသဖြင့် ဝီလီယန်ကတော့ မျက်နှာမကောင်းလှပေ။

"သူ့ကို ဒီလိုအခြေအနေမျိုးနဲ့တွေ့ရတာ စိတ်မကောင်းပါဘူး ဝီလီယန်၊ မကြာခင်တော့ ပုံမှန်အခြေအနေမျိုး ပြန်ရောက်လာမှာပါ"

ဒေါက်တာမင်းထင်ကျော်က နှစ်သိမ့်စကားပြောလိုက်တော့ ဝီလီယန်က ခေါင်းညိတ်ပြသည်။

အခန်းအပြင်ဘက်ရောက်တော့ သူတို့ကိုစောင့်နေဟန်တူသော ပုလိပ်အရာရှိတစ်ဦးနှင့် တွေ့ရသည်။

"ကျွန်တော့်နာမည် မော်ဂန်ပါ. . ၊ ရာဇဝတ်အုပ်တစ်ယောက် ဖြစ်ပါတယ်"



www.burmeseclassic.com

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်၊ သူက ဗိုလီယန်၊ သူက ဟယ်ရီပရိုက်လို့ ခေါ်ပါတယ်၊ ကျွန်တော်တို့က လန်ဒန်မြို့မှာရှိတဲ့ မနေသာသူတေသနအသင်းကပါ"

ဒေါက်တာမင်းထင်ကျော်က မိတ်ဆက်ပေးတော့ မော်ဂန်က တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်သည်။

"ဆရာတို့အကြောင်းတွေကို သိသင့်သလောက်သိပါတယ်၊ ဒါကြောင့် တွေ့ဖို့လာစောင့်နေတာပါ"

"ဘယ်လိုအကြောင်းကိစ္စ ရှိလို့လဲ"

"အခုဖြစ်တဲ့အမှုမှာ မကောင်းဆိုးဝါးတွေနဲ့ ပတ်သက်နေတယ်ထင်လို့ ဆရာတို့ကို အကူအညီတောင်းဖို့ပါပဲ"

"ဒါထက် ဟိုအခန်းထဲကလူနာကို ခင်ဗျားတို့ ခေါ်လာတာလား၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

"အကြောင်းစုံကတော့ သူ သတိပြန်ရလာမှပဲ ပြောပြနိုင်မယ်ထင်ပါတယ်၊ ကျွန်တော်တို့စခန်းကို ခရီးသွားတစ်ယောက်ကဖုန်းဆက်ပြီး အကြောင်းကြားတာနဲ့ ကျွန်တော်တို့ လိုက်သွားတော့ လမ်းဘေးမှာ ကားတစ်စင်းရပ်ထားတာ တွေ့ရတယ်"

သုံးယောက်သား မော်ဂန်ပြောသည်ကို နားထောင်နေကြသည်။

"ကားနဲ့ မနီးမဝေးတောစပ်မှာတော့ ရုပ်ပျက်ဆင်းပျက်





သေဆုံးနေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အလောင်းကိုတွေ့ရတယ်၊ အဲဒီအချိန်မှာပဲ နောက်ထပ်စူးစူးဝါးဝါး အော်သံကြားရလို့ လိုက်သွားတော့ သစ်ခြုံတွေထဲမှ ပုန်းနေတဲ့သူကို တွေ့ရတာနဲ့ခေါ်လာပြီး ဆေးရုံပို့ပေးထားတာပါ"

"သူ့ဆီက ဘာမှမေးလို့ မရဘူးလား"

"မကောင်းဆိုးဝါးကြီး၊ မကောင်းဆိုးဝါးကြီးလို့ အော်နေတာကလွဲပြီး တခြားဘာမှ မေးလို့မရဘူး"

ထိုစကားကြောင့် သုံးယောက်သား အသီးသီးသက်ပြင်းချလိုက်ကြသည်။

"ကျွန်တော်တို့ ဘယ်လိုအကူအညီပေးရမလဲ"

"အခင်းဖြစ်တဲ့နေရာကို တစ်ခေါက်သွားပြီး စစ်ဆေးစရာတွေ စစ်ဆေးမလို့ပါ၊ ဆရာတို့ တစ်ပါတည်းလိုက်ပြီး လေ့လာကြည့်စေချင်ပါတယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လက်မှနာရီကို ကြည့်လိုက်သည်။ ညနေ ၆-နာရီကျော်နေပြီ ဖြစ်သောကြောင့် အပြင်ဘက်တွင် မှောင်ရိပ်သမ်းစ ပြုနေပေပြီ။

သို့ကြောင့် ဗိုလီယမ်ကို ဆေးရုံမှာထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်ရီပရိုက်တို့ နှစ်ယောက်သာ ကားဖြင့် လိုက်သွားကြလေသည်။

အခင်းဖြစ်ပွားသောနေရာမှာ လန်ဒန်မြို့ထွက်သွားသော အဝေးပြေးလမ်းတစ်နေရာ၌ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှဖီးမြို့ အပြင်သို့ထွက်ပြီး ဆယ်မိုင်ခန့်အကွာတောစပ်တစ်နေရာ၌ဖြစ်သည်။ ထိုနေရာတစ်ဝိုက်မှာတော့ မီးရောင်မရှိသောကြောင့် မှောင်စပြုနေပေပြီ။

ဒေါက်တာမင်းထင်ကျော်ထံမှာ လက်နှိပ်မီးတစ်လက်နှင့် သေနတ်တစ်လက် ပါလာသည်။ ထိုနေရာတစ်ဝိုက်မှာတော့ မီးရောင်မရှိသောကြောင့် မှောင်စပြုနေပေပြီ။

ဒေါက်တာမင်းထင်ကျော်ထံမှာ လက်နှိပ်မီးတစ်လက်နှင့် သေနတ်တစ်လက်ပါလာသည်။ ထိုနေရာတစ်ဝိုက်မှာတော့ ပုလိပ်အချို့ရှိနေပြီး အခင်းဖြစ်သောနေရာကိုတော့ ကြိုးဖြင့်ဝိုင်းထားသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ စံနစ်တကျ ရပ်ထားခြင်းမဟုတ်ပဲ လမ်းဘေးသို့ခေါင်းစိုက်ပြီး ရပ်နေသော ကားတစ်စင်းရှိသည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းရှိရာသို့ အရင်မသွားပဲ ရပ်ထားသောကားရှိရာသို့ အရင်သွားကြည့်သည်။

ကားက စပရင်တာအမျိုးအစားဖြစ်ပြီး ရှေ့တံခါးရောနောက်တံခါးပါ ပွင့်နေသည်။ ကားအတွင်းမှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က ရပ်ထားသော ကားအနေအထားကိုကြည့်ရာ မောင်းနေရင်းမှ လမ်းပေါ်တွင်မမျှော်လင့်သော အရာတစ်ခုကိုတွေ့သဖြင့် ကွေ့ရှောင်လိုက်ရင်းမှ လမ်း





ဘေးသို့ရောက်သွားခြင်း ဖြစ်ဟန်ရှိသည်။

လမ်းပေါ်တွင် ရုတ်တရက်ဘရိတ်အုပ်သဖြင့် ဘီးများပွတ်တိုက်ဆွဲသွားသော အရာနှင့် လမ်းဘေးသို့ ဒရွတ်တိုက်ဆွဲသွားသော ကားဘီးရာများကို တွေ့ရသည်။

ကတ္တရာလမ်းနှင့် လွတ်သောနေရာတွင် မြေနီများရှိသည်။ ကားနှင့် အနီးတစ်ဝိုက်တွင် ခြေရာများရှိသော်လည်း ပုလိပ်ခြေရာများနှင့် ရှုပ်ထွေးနေသည်။ သို့ကြောင့် အလောင်းရှိနေသော နေရာဘက်သို့ လျှောက်လာသည်။

အချိန်က ညနေပိုင်းအချိန် ကျော်လာပြီဖြစ်သဖြင့် သစ်ပင်ရိပ်များရှိသော နေရာတစ်ဝိုက်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။

အလောင်းရှိသောနေရာမှာ ကားရှိသောနေရာနှင့် မဝေးလှပေ။ အလောင်းကို အဝတ်ဖြင့်ဖုံးထားသော်လည်း ပတ်ဝန်းကျင် သွေးညှီနံ့များ လှိုင်နေသည်။

သွေးစွန်းနေသော အဝတ်ပေါ်မှာလည်း ယင်မည်းကြီးများက ဝိုင်းအုံလျက်ရှိနေကြသည်။

လူများ အနားကပ်လာတော့မှ ဝေါခနဲဝေါခနဲ ထပျံနေကြသည်။ လူစုံတော့မှ အလောင်းပေါ်မှာ ဖုံးထားသော အဝတ်ကို ဖယ်လိုက်သည်။

မြင်ကွင်းကတော့ မကောင်းလှပေ။

တစောင်းအနေအထားဖြင့် သေဆုံးနေသော အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးမှာ အသက်-၂၀ကျော် အရွယ်ခန့်သာရှိသေးသော လူမည်း အမျိုးသမီးတစ်ဦးဖြစ်သည်။

လည်ပင်းတစ်ဝိုက်တွင် ဒဏ်ရာတစ်ခုတွေ့ရပြီး ဓားဖြင့် လှီးဖြတ်ထားဟန်ရှိသည်။ ကြောက်လန့်တကြားနှင့် တွန်းထိုးရုန်းကန်ခဲ့ဟန်ဖြင့် တစ်ကိုယ်လုံး ဖရိုဖရဲဖြစ်နေလေသည်။ သို့သော် မိန်းမတစ်ယောက်ကို အဓမ္မ ကျူးလွန်သွားခြင်းမရှိပဲ အသက်ကိုသာ သတ်ဖြတ်သွားခြင်း ဖြစ်သည်။

အခြေအနေကြည့်ရုံနှင့် စော့ဂ်လမ်းမှ နှစ်လောင်းပြိုင် လူသတ်မှုကျူးလွန်သွားသော လက်ရာနှင့် အတော်ပင်တူသည်။

တန်ဖိုးရှိသော လက်ဝတ်ရတနာများလည်း မယူ၊ လူကိုလည်း ကျူးလွန်ခြင်းမပြုပဲ အသက်ကိုသာ သတ်ဖြတ်လိုသဖြင့် သတ်ဖြတ်သွားကြောင်း သိသာပေသည်။

ဘာကြောင့် အပြစ်မရှိသော မိန်းမပျိုကလေးများကို လိုက်လံသတ်ဖြတ်နေတာလဲ။

ဒေါက်တာမင်းထင်ကျော်က အလောင်းအနီးမှာထိုင်ရင်း အသေအချာကြည့်တော့ ပြတ်နေသော သေသူ၏ ဆံပင်များက သွေးများဖြင့်စွန်းပေကာ ထိုနေရာတစ်ဝိုက်တွင် ကျနေလေသည်။

ဒေါက်တာမင်းထင်ကျော်က သေဆုံးနေသူ၏ လက်တစ်ဖက်မှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်ကို တွေ့ရသဖြင့် ဖြေကြည့်လိုက်သည်။





လက်သည်းရှည်များကြားတွင် အရေပြားနှင့်တူသော အပိုင်းအစတစ်ခုကို တွေ့ရသဖြင့် ပုဝါကိုထုတ်ယူပြီး အသာအယာယူလိုက်သည်။

ထိုအခိုက်မှာပင် မော်ဂန်က အနားရောက်လာပြီး မေးသည်။

"ဘယ်လိုထူးခြားမှုတွေ တွေ့သလဲ ဒေါက်တာ"

"ရက်ရက်စက်စက်သတ်သွားတဲ့ လူသတ်မှုပါပဲ၊ သူတို့နှစ်ယောက် ကားနဲ့လာတာကို ကားလမ်းပေါ်က တက်တားပြီး ကားရပ်သွားတော့မှ တစ်ယောက်ကို အောက်ကိုအတင်းခေါ်သွားပြီး သတ်သွားတာ ဖြစ်ပုံရတယ်"

"ပစ္စည်းလုယက်ချင်လို့လား"

"ပစ္စည်းမယူဘူး၊ လူကိုလည်း ဘာမှမလုပ်ပါဘူး၊ သူလိုချင်တာက မိန်းကလေးတွေရဲ့ အသက်ဖြစ်ပုံရတယ်"

ထိုစကားကြောင့် မော်ဂန်မှာ အံ့သြသွားဟန်ရှိသည်။

"မကြာသေးခင်က လန်ဒန်မှာ အမျိုးသမီးနှစ်ယောက် တစ်ပြိုင်နက် အသတ်ခံရတယ်၊ အသတ်ခံရတဲ့ ပုံစံချင်းက အတူတူပဲ၊ ပစ္စည်းလည်းမယူဘူး၊ လူကိုလည်း ဘာမှမလုပ်သွားဘူး"

"ဘယ်လိုကြောင့်လဲ၊ ရန်ငြိုးရန်စ တစ်ခုခုရှိလို့များ အခုလို ရက်ရက်စက်စက် သတ်တာမျိုးဖြစ်မလား"

"စုံစမ်းရသလောက်တော့ အသတ်ခံရတဲ့သူတွေမှာ ရန်ငြိုးရန်စ ရှိကြပုံလည်း မတွေ့ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုအကြောင်းကြောင့် သတ်တာလဲ၊ သွေးစုတ်ဖုတ်ကောင်များ ဖြစ်မလား"

"သေသေချာချာမသိရသေးတော့ မပြောနိုင်သေးဘူး၊ သေချာတာတစ်ခုကတော့ လူသတ်သမားကို မဖမ်းမိမချင်း အလားတူ လူသတ်မှုမျိုးတွေ ထပ်ဖြစ်လာနိုင်သေးတယ်"

ရဲအရာရှိ မော်ဂန်က စိတ်ရှုပ်ထွေးသွားသော အမူအယာဖြင့် ခေါင်းကုပ်နေသည်။

"စိတ်မပူပါနဲ့ . သဲလွန်စတစ်ခုတော့ ရထားပါတယ်၊ သုတေသနလုပ်ပြီးလို့ အဖြေတစ်ခုခုရရင် သတင်းပို့ပေးလိုက်ပါ့မယ်"

ထိုသို့ပြောဆိုပြီး ပုလိပ်များက အလောင်းကိုသယ်ပြီး ဆေးရုံသို့ပို့ရန် ပြင်ဆင်နေကြစဉ် ဒေါက်တာမင်းထင်ကျော်နှင့် ဟယ်ရီပရိုက်တို့လည်း ၎င်းတို့ကားဖြင့် ဆေးရုံသို့ပြန်ခဲ့ကြလေသည်။

ဆေးရုံပြန်ရောက်တော့ ဗီလီယန်နှင့်တွေ့ပြီး အခြေအနေမေးကြည့်ကြသည်။

"ရှယ်လီ့အခြေအနေ ဘယ်လိုရှိသလဲ"

"အခုတော့ ပုံမှန်အခြေအနေပြန်ရောက်စ ပြုနေပါပြီ၊ ဟိုမှာရော အခြေအနေ ဘယ်လိုထူးခြားတာတွေ့ခဲ့သလဲ"

"သူကအဖော်ကတော့ အသတ်ခံလိုက်ရတယ်၊ သဲလွန်စတစ်ခုတော့ ရလာခဲ့တယ်၊ အသင်းတိုက်ကိုပြန်ရောက်လို့





သုတေသနလုပ်ကြည့်ပြီးရင်တော့ အဖြေတစ်ခုသိရလိမ့်မယ်လို့ ထင်တယ်"

ဒေါက်တာမင်းထင်ကျော်စကားကြားတော့ ဗီလီယန်က ခေါင်းညိတ်ပြသည်။

"နှစ်ယောက်လာကြတာ တစ်ယောက်သေသွားတယ်ဆိုတော့ ရှယ်လီ ကံကောင်းတယ်ဆိုရမှာပဲ"

"ဟိုတစ်ယောက်အတွက်တော့ စိတ်မကောင်းစရာပေါ့၊ အခုဘယ်လိုလုပ်ကြမလဲ"

"ရှယ်လီပါခေါ်ပြီး ပြန်ကြရင်ကောင်းမယ်၊ သူ့အိမ်ကလည်းအခုလောက်ဆိုရင် သတင်းကြားပြီး စိတ်ပူနေကြရော့မယ်"

"အချိန်ကတော့ အတော်နည်းနေပြီ"

ဟယ်ရီပရိုက်က နာရီကိုကြည့်ရင်း ပြောလိုက်သည်။

အချိန်ကည ၉-နာရီကျော်နေပြီ ဖြစ်သည်။

"ဒါပေမယ့် ကျွန်တော့်မှာ သေနတ်တစ်လက်ပါပါတယ်၊ ပြန်မယ်ဆိုလည်း ပြန်ကြရုံပေါ့၊ မပြန်ခင် ရှယ်လီနဲ့တွေ့ပြီး မေးမြန်းကြည့်ရအောင်"

ထိုသို့ပြောပြီး အခန်းတွင်းဝင်လာကြသည်။

ရှယ်လီလောရင့်မှာ အကြောက်လွန်ပြီး ကယောင်ချောက်ချားဖြစ်နေသည်မှလွဲပြီး အခြားထိခိုက်ဒဏ်ရာမျိုးမရခဲ့သောကြောင့် ယခုအခါမှာတော့ ပုံမှန်အခြေအနေကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်း မေးကြည့်သောအခါ သူမကပြောပြသည်။

သေဆုံးသွားသော မာဂရက်ကရှုဖီးမြို့တွင် နေထိုင်ပြီး လန်ဒန်မှာ အလုပ်လုပ်နေသူ ဖြစ်သည်။

တစ်နေ့တော့ မြို့သို့ နေ့ချင်းပြန်လိုသဖြင့် ရှယ်လီကို အဖော်ခေါ်ရာ လိုက်သွားခဲ့လေသည်။

လန်ဒန်နှင့် ရှုဖီးမြို့သို့သွားသော အဝေးပြေးလမ်းမှာ လူအသွားအလာနည်းသော လမ်းဖြစ်သည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များ အုံ့ဆိုင်းလျက်ရှိပြီး သစ်တောအတွင်းမှ ဖြတ်သွားရသကဲ့သို့ရှိလေသည်။

တကယ်တော့ လန်ဒန်မြို့နှင့် ရှုဖီးမြို့မှာ ဝေးလှသည်တော့ မဟုတ်ပေ။ နှစ်နာရီကျော် သုံးနာရီခန့်မောင်းလျှင် ရောက်နိုင်လေသည်။ ခရီးနီးသဖြင့်လည်း ရှယ်လီက အလွယ်တကူ လိုက်သွားခြင်းဖြစ်သည်။

သူတို့နှစ်ယောက် ရှုဖီးမြို့မှ ပြန်ထွက်လာတော့ မွန်းလွဲပိုင်းအချိန်ပင် ကျော်လွန်နေပေပြီ။

ထိုအချိန်မှာ အဝေးပြေးလမ်းမပေါ်မှာ လူအသွားအလာ မတွေ့ရသလောက်နည်းပါးနေသော အချိန်ဖြစ်ရာကား လမ်းပေါ်မှာ သူတို့ကားတစ်စင်းတည်းသာ ရှိနေလေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် မောင်းလာရာ





တစ်နေရာရောက်တော့ သစ်တောအတွင်းမှ ထွက်လာသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။ တစ်ကိုယ်လုံးအဝတ်မည်းကြီး ခြုံထားသောကြောင့် ဘယ်သူဘယ်ဝါမှန်းမသိရပေ။

သူတို့ကားနှင့် နီးသောအခါ ကားလမ်းပေါ် တက်ပြီး အတင်းတားသဖြင့် မာဂရက်က ဘရိတ်နင်းပြီး ကားကိုလမ်းဘေးသို့ ဆွဲချလိုက်ရသည်။

ကားက ဒရွတ်တိုက်ဆွဲသွားပြီး လမ်းဘေးသို့ ထိုးဆင်းသွားကာ ရပ်တန့်သွားလေသည်။

ထိုအချိန်မှာ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီး သရဲသဘက်မျက်နှာမျိုးနှင့်တူသော လူတစ်ယောက်က ကားနံဘေးရောက်လာပြီး ကားတံခါးကိုဖွင့်ကာ မာဂရက်ကို ကားပေါ်မှ အတင်းဆွဲချသွားလေတော့သည်။

မာဂရက်၏ ကြောက်လန့်ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်သော အသံများက ပတ်ဝန်းကျင်တစ်ဝိုက်မှာ ပဲ့တင်ထပ်သွားလေတော့သည်။

"လူသတ်သမားက မာဂရက်ကို သစ်တောထဲကို အတင်းခေါ်သွားတဲ့အချိန်မှာ ကျွန်မလည်းတံခါးကိုဖွင့်ပြီး တောထဲကို ထွက်ပြေးခဲ့ပါတယ်၊ အဲဒီအချိန်မှာ စူးစူးဝါးဝါးအော်သံတွေ ထပ်ကြားရပါတယ်"

အားလုံးကတော့ သူမပြောသမျှကို ငြိမ်သက်စွာဖြင့် နားထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်းကြောက်ကြောက်လန့်လန့်နဲ့ သစ်ခြုံတွေကြားထဲမှာ ပုန်းနေခဲ့တယ်၊ သိပ်မကြာဘူး၊ လူသတ်သမားက ကျွန်မကိုလိုက်ရှာနေတဲ့ ခြေသံတွေ ကြားနေရတယ်၊ အဲဒီအချိန်မှာပဲ ကားလမ်းပေါ်ကဖြတ်သွားတဲ့ ကားတစ်စင်းက ကျွန်မတို့ကားကိုမြင်တော့ ထိုးရပ်လာတယ်၊ သူတို့ရောက်လာတော့မှ လူသတ်သမားလည်း ထွက်သွားပုံရတယ်"

"ကံကောင်းလို့သာပေါ့၊ ဒါထက် ရှယ်လီကို သူတို့ကပဲ ဆေးရုံပို့ပေးခဲ့ကြတာလား"

"ဟုတ်ပါတယ် နောက်ပြီး ကျွန်မဆီက ဖုန်းနံပါတ်တွေ တောင်းပြီး လန်ဒန်ကို အကြောင်းကြားပေးခဲ့ကြတယ်၊ ကျွန်မဖြင့် လူသတ်သမားရဲ့မျက်နှာကို အခုထိ မျက်စိထဲကမထွက်သေးဘူး"

"သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကို ရှယ်လီမှတ်မိသလောက် ပြောပြပါဦး"

"တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားတယ်၊ မျက်နှာက လူတစ်ယောက်မဟုတ်ဘူး၊ သရဲသဘက်မျက်နှာမျိုးပဲ၊ သိပ်ကြောက်စရာကောင်းတယ်"

"သရဲမျက်နှာဖုံး စွပ်ထားတာရော မဖြစ်နိုင်ဘူးလား"

"အဲ. . အဲဒါတော့ သေသေချာချာမသိဘူး"

ထိုသို့ပြောပြီးမျက်နှာကို လက်ဝါးဖြင့် အုပ်ထားသောကြောင့် ဆက်မမေးကြတော့ပေ။





အချိန်ကလည်း ညဦးပိုင်းအချိန် ကျော်လာပြီဖြစ်၏။

သို့သော်လည်း ၎င်းတို့သည် ရှယ်လီလောရင့်ပါ တစ်ပါတည်းခေါ်ကာ လန်ဒန်သို့ ပြန်ခဲ့ကြသည်။

ဟယ်ရီပရိုက်က ကားမောင်းပြီး ဒေါက်တာမင်းထင်ကျော်က ရှေ့ခန်းမှာပင်ထိုင်သည်။ ဗီလီယန်ကတော့ ရှယ်ရီလောရင့်ကို ထွေးဖက်ကာ နောက်ခန်းမှပင်လိုက်သည်။

အချိန်က ညဉ့်နက်ပိုင်းရောက်လာပြီ ဖြစ်သောကြောင့် မီးရောင်မရှိသော အဝေးပြေးလမ်းပေါ်တွင် အမှောင်ရိပ်များဖုံးလွှမ်းနေသည့်အပြင် လူသွားလူလာလည်း ပြတ်နေသည်။

ကားလမ်းပေါ်တွင် သူတို့ကားတစ်စင်းသာရှိပြီး အခြားခရီးသွားလာသူ မတွေ့ရသလောက်နည်းပါးလှသည်။

ဟယ်ရီပရိုက်ကတော့ ထိုအချိန်မျိုးတွင် အန္တရာယ်ရှိသော လမ်းမပေါ်တွင် မောင်းနေရသဖြင့် အတော်ပင် ဂရုစိုက်ကာ မောင်းနှင်နေဟန်ရှိသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ပါလာသောသေနတ်ကို အဆင်သင့်ထားပြီး လမ်းဘေးဝဲယာသို့ မျက်ခြေမပြတ် ကြည့်ရင်းလိုက်လာသည်။

ထိုသို့မောင်းလာရင်း အတန်ကြာတော့ မာဂရက် အသတ်ခံရသောနေရာတစ်ဝိုက်သို့ ပြန်ရောက်လာကြသည်။

ထိုနေရာမှာတော့ ကားမရှိတော့ပေ။ မာဂရက်တို့စီးလာသော ကားကိုပင် ပြန်ယူသွားကြဟန်ရှိသည်။

ထိုနေရာရောက်တော့ ဟယ်ရီပရိုက်က ကားအရှိန်ကို



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာကြီး လျှော့ချလိုက်သည်။

"ဘာဖြစ်လို့လဲ"

ဒေါက်တာမင်းထင်ကျော်က တိုးတိုးမေးလိုက်သည်။

"ဟိုရှေ့ကသစ်တောစပ်မှာ လူတစ်ယောက် ရပ်နေတာတွေ့တယ်"

ထိုသို့ပြောပြီး ကားမီးရောင်ကို ထိုနေရာဘက်သို့ ထိုးလိုက်သည်။ ဟယ်ရီပရိုက်ပြောသလိုပင် သစ်ပင်အောက်မှာ ရပ်နေသော လူတစ်ယောက်ကို သတိပြုမိသည်။

ခြုံထားသောအဝတ်ကို လေတိုးသဖြင့် လှုပ်နေသောကြောင့်သာ လူတစ်ယောက်ရှိနေမှန်း သိရသည်။

မဟုတ်ပါက မြင်ရမည်မဟုတ်ပေ။

ထိုနေရာနှင့်နီးတော့ ဟယ်ရီပရိုက်က ကားကိုရပ်လိုက်ကာ နှစ်ယောက်စလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ချိန်ထားရင်း လက်တစ်ဖက်မှ လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သည်။

ထိုသို့မောင်းလာရင်း အတန်ကြာတော့ ဇာဂရက် အသတ်ခံရသော နေရာတစ်ဝိုက်သို့ ပြန်ရောက်လာကြသည်။

ထိုနေရာမှာတော့ ကားမရှိတော့ပေ။ မာဂရက်တို့စီးလာသော ကားကိုပင် ပြန်ယူသွားကြဟန်ရှိသည်။

ထိုနေရာရောက်တော့ ဟယ်ရီပရိုက်က ကားအရှိန်ကို





သိသိသာသာကြီး လျှော့ချလိုက်သည်။

"ဘာဖြစ်လို့လဲ"

ဒေါက်တာမင်းထင်ကျော်က တိုးတိုးမေးလိုက်သည်။

"ဟိုရှေ့က သစ်တောစပ်မှာ လူတစ်ယောက် ရပ်နေတာတွေ့တယ်"

ထိုသို့ပြောပြီး ကားမီးရောင်ကို ထိုနေရာဘက်သို့ ထိုးလိုက်သည်။ ဟယ်ရီပရိုက် ပြောသလိုပင် သစ်ပင်အောက်မှာ ရပ်နေသော လူတစ်ယောက်ကို သတိပြုမိသည်။

ခြုံထားသော အဝတ်ကို လေတိုးသဖြင့် လှုပ်နေသောကြောင့်သာ လူတစ်ယောက်ရှိနေမှန်း သိရသည်။ မဟုတ်ပါက မြင်ရမည် မဟုတ်ပေ။

ထိုနေရာနှင့်နီးတော့ ဟယ်ရီပရိုက်က ကားကိုရပ်လိုက်ကာ နှစ်ယောက်စလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ချိန်ထားရင်း လက်တစ်ဖက်မှ လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သည်။ ထိုသို့ကြည့်သောအချိန်မှာပင် အဝတ်နက်ကြီး တစ်ကိုယ်လုံး ခြုံထားသူက သစ်တောအတွင်းသို့ ဝင်ပြေးသွားလေတော့သည်။

"လိုက်သွားမလား"

ဟယ်ရီပရိုက်က မေးတော့ ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအခြေအနေမျိုးမှာ သူ့နောက်ကိုလိုက်သွားရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားနိုင်တယ်၊ အချိန်တွေရှိပါသေးတယ်၊ စိတ်ရှည်ရှည်နဲ့ ခြေရာခံလိုက်ကြည့်ရင် တစ်နေ့တော့ ပြန်တွေ့ရမှာပါ။ ကဲ. . . သွားကြစို့"

ထိုသို့ပြောဆိုပြီးနောက် နှစ်ယောက်သား ကားပေါ်သို့ ပြန်တက်ကာ ထိုနေရာမှ မောင်းထွက်ခဲ့ကြလေသည်။ အချိန်က ညဉ့်နက်ပိုင်းသို့ ရောက်နေပြီဖြစ်၏။







# အခန်း(၁၀)

# အမှောင်ရိပ်အတွင်းမှ စောင့်ကြည့်နေသူ

**နောက်**တစ်နေ့ မနောသုတေသန အသင်းတိုက်သို့ ပြန်ရောက်သောအခါ ရလာသော အရေပြားစကို ဒေါက်တာချာရင်တန်လက်သို့အပ်ကာ စစ်ဆေးကြည့်ခိုင်းရာ အံ့သြစရာ အဖြေတစ်ခု ထွက်လာလေသည်။

"ခင်ဗျားယူလာတဲ့ အရေပြားစက သက်ရှိလူတစ်ယောက်ရဲ့ အရေပြားစမဟုတ်ဘူး၊ သေခဲ့ပြီးတာ အတော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ လူသေတစ်ယောက်ရဲ့ အရေပြားပဲ"

ထိုစကားကြားသောအခါ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့ဩနေကြသည်။

"ဒီအတိုင်းဆိုရင်တော့ ဒီလူသတ်ကောင်ဟာ တခြားမဖြစ်နိုင်တော့ဘူး၊ သချိုင်းကလာတဲ့ သွေးစုတ်ဖုတ်ကောင်ဖြစ်ဖို့ သေချာသွားပြီ"

"သွေးစုတ်ဖုတ်ကောင်တွေဆိုရင် သာမန်သေနတ်ကျည်ဆံနဲ့ပစ်လို့ မသေနိုင်ဘူး၊ ငွေကျည်ဆံနဲ့ပစ်မှ သေကြတယ်၊ လိုရမယ်ရ ငွေကျည်ဆံဆောင်ထားကြရင် ပိုကောင်းမယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ ထွေထွေထူးထူးဘာမှမပြောပဲ ဖြစ်နိုင်ခြေရှိသောအကြောင်းများကို လေးလေးနက်နက် စဉ်းစားနေလေသည်။

နေ့လည်ဘက်အချိန် ရောက်သောအခါ အသင်းတိုက်သို့ ထူးထူးခြားခြား ဧည့်သည်တစ်ဦး ရောက်လာလေသည်။

မာရီယာပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်နှင့် တွေ့လိုကြောင်း ပြောသဖြင့် ကိုယ်တိုင်ထွက်တွေ့ရသည်။ မာရီယာကိုတွေ့သောအခါ သူလည်း အံ့ဩသွားလေသည်။

"မခင်မြတ်ဆွေပါလား"

"ကျွန်မ ကိုမင်းထင်ကျော်ကို ပြောပြစရာရှိလို့ လာခဲ့တာပါ"





"ဒီလိုဆိုရင်တော့ လက်ဘက်ရည်သောက်ရင်း ပြောကြရအောင်"

ထိုသို့ပြောပြီး လက်ဘက်ရည်ခန်းသို့လာကာ သင့်တော်သောစားပွဲတစ်လုံးမှာ ထိုင်လိုက်ကြသည်။ ထို့နောက် ကော်ဖီနှစ်ခွက် မှာလိုက်သည်။

"ကျွန်မ ရှယ်လီနဲ့တွေ့ပြီး ပြန်လာရင်းနဲ့ ကိုမင်းထင်ကျော်နဲ့ စကားပြောချင်လို့ ဝင်လာတာပါ၊ ကျွန်မကို ခင်မြတ်ဆွေလို့ပဲ ခေါ်နိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း. . .

"သူရော နေကောင်းသွားပြီလား"

ဟုမေးလိုက်သည်။

"လူကတော့ နေကောင်းနေပါပြီ၊ စိတ်ကတော့ ပုံမှန်မရှိသေးဘူး၊ အတော်ကလေး ကြောက်စရာကောင်းတာကို တွေ့ခဲ့ရပုံပဲ"

"ဟုတ်ပါတယ်၊ သူနဲ့အတူလာတဲ့ မာဂရက်ဆိုတဲ့ အမျိုးသမီးကတော့ အဲဒီနေရာမှာတင် အသတ်ခံလိုက်ရတယ်"

"စိတ်မကောင်းစရာပါပဲ၊ ပြောသံကြားတာတော့ သတ်တဲ့သူက သွေးစုပ်ဖုတ်ကောင်လို့ ပြောနေကြတယ်၊ ကိုမင်းထင်ကျော်တို့ရော စုံစမ်းလို့ သိရပြီလား"

ထိုအချိန်မှာ ကော်ဖီနှစ်ခွက်ရောက်လာသဖြင့် သူမြီးသောက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ. . .

"လောလောဆယ်တော့ စုံစမ်းနေကြတုန်းပါပဲ၊ အဖြေကတော့ တိတိကျကျ မသိကြရသေးဘူး"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ ခင်မြတ်ဆွေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လူသတ်ကောင် မမိမချင်းတော့ မိန်းကလေးတွေအတွက် စိတ်မအေးရသေးဘူးပေါ့"

"မှန်ပါတယ်၊ ပုလိပ်အဖွဲ့နဲ့ စုံထောက်အဖွဲ့တွေလည်း ကြိုးစားနေကြပါတယ်၊ မကြာခင်တော့ တရားခံကိုဖော်ထုတ်နိုင်ကြမှာပါ"

"ကျွန်မလာတာ ပြောစရာရှိလို့ပါ"

"ပြောပါ"

"တခြားတော့ မဟုတ်ဘူး၊ အခုတလော ညအချိန်ရောက်လာရင် ကျွန်မတို့နေတဲ့အိမ်ပတ်ဝန်းကျင်တစ်ဝိုက်မှာ အဝတ်နက်ကြီးခြုံထားတဲ့ လူတစ်ယောက်ကို တွေ့နေရတယ်"

"ဟင်. . ."

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်သွားလေသည်။

"အတော်ကြာပြီလား"

"တစ်ရက်နှစ်ရက်လောက် ရှိနေပြီ"

"ခင်မြတ်ဆွေတို့အိမ်မှာ ဘယ်သူတွေနေကြသလဲ၊ ဒီလို





မေးတာတစ်မျိုးတော့ မထင်ပါနဲ့"

ခင်မြတ်ဆွေက ခေါင်းညိတ်ပြသည်။

"အဖေရယ်၊ အမေရယ်၊ မောင်လေးရယ်၊ ကျွန်မရယ် လေးယောက်ပဲရှိတယ်၊ မောင်လေးက ၁၅-နှစ်အရွယ်လောက်ပဲ ရှိသေးတယ်၊ သူက ကျောင်းသားအရွယ်လောက်ပဲ ရှိသေးတော့ အကောင်းရှိလာရင် အားကိုးရမှာ မဟုတ်သေးဘူး"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က မသိမသာ သက်ပြင်းချလိုက်ပြီး စားပွဲပေါ်မှကော်ဖီပန်းကန်ကို ယူ၍ သောက်လိုက်သည်။

"မော့ဂ်လမ်းမှာ သားအမိနှစ်ယောက်စလုံး နှစ်လောင်းပြိုင် အသတ်ခံရပြီးကတည်းက ကျွန်မနေရတာ စိတ်ထဲမှာ မလုံခြုံသလို ခံစားနေရတာ၊ ရှယ်လီတို့က အသက်ဘေးနဲ့ ထပ်ပြီးကြုံကြရတော့ ပိုပြီးကြောက်လာသလိုပဲ၊ လူသတ်သမားက ဘာကြောင့် အမျိုးသမီးတွေ လိုက်သတ်နေတာလဲဟင်"

"ကျွန်တော်တို့လည်း စုံစမ်းနေကြပါတယ်"

"ဖေဖေနဲ့ မေမေကတော့ သတင်းတွေကြားလို့ ထိတ်လန့်နေကြရတဲ့အချိန်မှာ အဲဒီလိုအိမ်ပတ်ဝန်းကျင်မှာ မသင်္ကာစရာတွေ တွေ့ရတော့ ပိုပြီးကြောက်နေကြတယ်"

"ပုလိပ်ကို အကြောင်းကြားရင်မကောင်းဘူးလား"

"ကျွန်မလည်းစိတ်ကူးမိပါတယ်၊ ဒါပေမယ့် ဘာမှမသေချာသေးပဲနဲ့ အကြောင်းကြားလွန်းပြီး တိုင်တာမျိုးဖြစ်မှာလည်း စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ရသေးတယ်"

ခင်မြတ်ဆွေမှာ ထိတ်လန့်ကြောက်ရွံ့နေမှုကို ဖုံးဖိထားသော်လည်း သူမမျက်နှာပေါ်မှာ တစ်စွန်းတစ်စ ပေါ်နေလေသည်။ ကော်ဖီပန်းကန်ကိုကိုင်သော လက်ကလေးများမှာ မသိမသာတုန်နေသည်။

"ကျွန်တော် ဘာများအကူအညီပေးရမလဲ"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီပန်းကန်ကို ပြန်ချရင်းမေးလိုက်သည်။

"ကျွန်မတို့က ဒီမှာ အသိမိတ်ဆွေလည်း များများမရှိကြဘူး၊ ဖြစ်နိုင်ရင်တော့ ကိုမင်းထင်ကျော် ကျွန်မတို့အိမ်ကို တစ်ခေါက်လောက်လိုက်ပြီး ကြည့်ပေးစေချင်ပါတယ်"

ထိုသို့အကူအညီတောင်းသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း မဆိုင်းမတွပင် ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ ကျွန်တော်လိုက်ခဲ့ပါ့မယ်"

ထိုသို့ပြောပြီး မိမိကားနှင့်ပင် လိုက်သွားလေသည်။

ခင်မြတ်ဆွေတို့နေသော ရပ်ကွက်မှာ မြို့စွန်ဘက်၌ရှိပြီး သီးသန့်ခြံကျယ်များဖြင့် နေကြသူများသည်။

ပတ်ဝန်းကျင်တွင် အခြားနေအိမ်များလည်း ရှိသော်လည်း သစ်ပင်များကွယ်နေသဖြင့် တစ်အိမ်နှင့်တစ်အိမ် ကောင်းစွာမမြင်နိုင်ကြပေ။

ခြံဝန်းအလယ်လောက်တွင် ဆောက်ထားသောအိမ်မှာ





နှစ်ထပ်အိမ်အမျိုးအစားဖြစ်သည်။

ကားကိုတစ်နေရာမှာ ရပ်ထားခဲ့ပြီး ခင်မြတ်ဆွေနှင့်အတူ အိမ်ထဲရောက်သွားတော့ မိသားစုသုံးယောက်စလုံးနှင့် တွေ့ရသည်။ ခင်မြတ်ဆွေက မိတ်ဆက်ပေးသောကြောင့် ၎င်းတို့နာမည်များကိုသိရသည်။

ဖခင်ဖြစ်သူမှာ ဦးမင်းသော်ဖြစ်ပြီး အသက်-၅၀ကျော် အရွယ်ခန့်ရှိသည်။ မိခင်ဖြစ်သူမှာလည်း အသက်-၅၀ ဝန်းကျင်အရွယ်ခန့်ရှိ အမည်မှာ ဒေါ်မိမိကြီးဖြစ်သည်။ မောင်ဖြစ်သူမှာ ၁၅-နှစ်ခန့်သာရှိသေးပြီး မြန်မာနာမည်မှာ ကျော်ကျော်ဖြစ်သည်။

၎င်းတို့ သုံးယောက်စလုံးမှာ ခင်မြတ်ဆွေကဲ့သို့ အခြားနာမည်တစ်မျိုးစီ ရှိကြသေးသော်လည်း မြန်မာနာမည်များဖြင့်သာ မိတ်ဆက်ပေးလေသည်။

"သူက ဒေါက်တာမင်းထင်ကျော်ပါ၊ ဗမာအမျိုးသားတစ်ယောက်ပါ၊ မနောသုတေသနအသင်းကြီးမှာ အလုပ်လုပ်နေပါတယ်"

ခင်မြတ်ဆွေက မိတ်ဆက်ပေးတော့ ဖော်ရွေသောအမူအယာဖြင့် မိတ်ဆက်ကြသည်။

"ကိုယ့်နိုင်ငံနဲ့ဝေးကွာတဲ့ ရပ်ခြားမြေခြားနေရာမှာ ကိုယ့်ဘာသာ ကိုယ့်နိုင်ငံသားတစ်ယောက်နဲ့ ပြန်တွေ့ရတာ အားရှိစရာပါပဲ၊ ဝမ်းသာမှုလည်း ဖြစ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဦးမင်းသော်ကပြောသည်။

ထို့နောက် အခြားကိစ္စများ အနည်းငယ်လောက်သာ ဝတ္တရားရှိကြသည့်အတိုင်း ပြောဆိုပြီးနောက် ဒေါက်တာမင်းထင်ကျော်က သိချင်သောအချက်ကို မေးလိုက်သည်။

"အခုတလော ကြားရတဲ့သတင်းတွေက သိပ်မကောင်းတော့ ညဘက်ရောက်လာရင် သိပ်မအိပ်ဝံ့ပါဘူး၊ တစ်ညတော့ သမီးက လာပြောတာနဲ့ ထကြည့်တော့ အမှောင်ရိပ်ထဲမှာရပ်နေတဲ့ လူတစ်ယောက်တော့ တွေ့မိတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း ...

"အခုတလော အမျိုးသမီးတွေကို လိုက်သတ်နေတဲ့ လူသတ်သမားတစ်ယောက် ပေါ်နေတယ်၊ ဒါထက် အဲဒီလိုတွေ့တာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလိုက်သည်။

"နှစ်ညလောက်ရှိပြီ . . ၊ ဖြစ်နိုင်ရင်တော့ ဒီမှာ တစ်ညလောက်စောင့်ကြည့်ပေးစေချင်တယ်၊ ဒီနေရာတွေက တစ်အိမ်နဲ့တစ်အိမ်ဝေးတော့ ဟစ်ခုခုဖြစ်ရင် မသိကြဘူး၊ ဒီမှာလည်း အရေးဖြစ်လာရင် အားကိုးအားထားပြုရမယ့်သူက မရှိလေတော့"

"စိတ်မပူပါနဲ့၊ ကျွန်တော်တစ်ညလောက် အခြေအနေစောင့်ကြည့်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာမောင်ရယ်၊ ဒီမှာက ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာဆိုတော့ တစ်နေရာမှာအကြောင်းတစ်ခုခုရှိရင်တောင်မှ ပုလိပ်အလုပ်ပဲဆိုပြီး စိတ်ဝင်စားကြတာမဟုတ်ဘူး၊ အခုလို အကူအညီပေးတာ အတော်ကလေးကျေးဇူးတင်ပါတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်အတွက် အောက်ထပ်တွင် အခန်းတစ်ခန်းပေးသဖြင့် ထိုအခန်းထဲမှာပင် လျှို့ဝှက်စွာ နေလေသည်။

ဧည့်ခန်းမှာပါလာသောသေနတ်၊ လက်နှိပ်မီးတို့ကိုလည်း ပြင်ဆင်ထားသည်။ ထိုအိမ်မှာသူရောက်နေသည်ကို ပြင်ပမှ မမြင်စေလိုသဖြင့် လျှို့ဝှက်သွားနေခြင်းဖြစ်သည်။

ညနေပိုင်းရောက်တော့ အစားအသောက်များကို အခန်းတွင်းသို့ ခင်မြတ်ဆွေကိုယ်တိုင် လာပို့ပေးသည်။

"ကျွန်တော့်အတွက် တကူးတကမလုပ်ပါနဲ့"

"ကိုမင်းထင်ကျော်က ကျွန်မတို့ကိုလာပြီး အကူအညီပေးတာပဲ၊ ဒီလောက်တော့လုပ်ပေးပါရစေ"

"ဒီညတော့ ခင်မြတ်ဆွေတို့ စိတ်ချလက်ချနေကြပါ"

"ကျွန်မကတော့မအိပ်ပါဘူး၊ အခြေအနေသိချင်လို့ စောင့်ကြည့်နေဦးမယ်"

ဟုပြောသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ တွေ့တွေထူးထူး ဘာမှပြန်မပြောတော့ပဲ ယူလာသော အစားအသောက်များကို စားသောက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်ရောက်တော့ တစ်အိမ်လုံးမီးပိတ်ထားရာ အပြင်မှကြည့်လျှင် လူမရှိသကဲ့သို့ဖြစ်နေသည်။

ထိုနေရာများမှာ လူနေကျဲသည့်နေရာဖြစ်သောကြောင့် ညဦးပိုင်းအချိန်ရောက်သည်နှင့် အသွားအလာမရှိသလောက်နည်းသွားပေပြီ။

ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုအချိန်ရောက်တော့ ခင်မြတ်ဆွေတို့ မိသားစုလေးယောက်စလုံးမှာ အပေါ်ထပ်၌ရှိသော ၎င်းတို့အခန်းများသို့ အသီးသီးတက်သွားကြပြီ ဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်တစ်ယောက်သာ အောက်ထပ်၌ ကျန်ခဲ့တော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က အောက်ထပ်အခြေအနေကို လိုက်ပြီးကြည့်သည်။ ရှေ့တံခါးနှင့် နောက်ဘက်ဝင်ပေါက်တံခါးတို့မှာ ခိုင်ခန့်သော ကျွန်းတံခါးများဖြစ်ကြသည်။ ပြူတင်းပေါက်များမှာလည်း အပြင်မှန်တံခါးများ တပ်ထားပြီး အတွင်းမှ သံတိုင်များစိုက်ထားသောကြောင့် စိတ်ချရသည်။

ထိုသို့စစ်ဆေးပြီးမှ မိမိအခန်းသို့ပြန်လာပြီး ကုတင်ပေါ်မှာ ခေတ္တလှဲလိုက်သည်။

ထိုကဲ့သို့ ကုတင်ပေါ်လှဲချလိုက်တော့မှ မမျှော်လင့်ပဲ တွေ့ပြီး ခင်မင်ရင်းနှီးခွင့်ရသော ခင်မြတ်ဆွေအကြောင်းက ခေါင်းထဲသို့ရောက်လာသည်။





ခင်မြတ်ဆွေက နိုင်ငံခြားတိုင်းပြည် ရောက်နေသဖြင့် ဝတ်စားဆင်ယင်မှုများက အနောက်တိုင်းဆန်သော်လည်း သူမ၏အလှက မြန်မာဆန်သောအလှမျိုးဖြစ်သည်။

တစ်ယောက်တည်း အတွေးကောင်းနေစဉ် တံခါးခေါက်သံကြားရသဖြင့် ထသွားပြီး ဖွင့်ကြည့်လိုက်ရာ ခင်မြတ်ဆွေကို တွေ့ရသည်။

"ဒီတစ်ခါ နောက်ဘက်က သစ်ပင်တွေကြားမှာ ရောက်နေတယ်"

ထိုသို့ လေသံတိုးတိုးဖြင့် လာပြောသဖြင့် သူမနှင့်လိုက်သွားပြီး နောက်ဘက်မှန်တံခါးပေါက်မှ ကြည့်လိုက်ရာ အိမ်နှင့်မနီးမဝေး တောစပ်တွင် ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

"ခင်မြတ်ဆွေ အပေါ်ထပ်တက်နေပါ၊ ဘယ်လိုအသံမျိုးကြားကြား အောက်ကိုဆင်းမလာပါနဲ့"

ဟုပြောသဖြင့် ခင်မြတ်ဆွေကအပေါ်ထပ်ပြန်တက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကြည့်ပြီး နောက်ဘက်မှ ပိတ်ထားသောတံခါးဂျက်ကိုဖြုတ်၍ တစ်နေရာမှ အဆင်သင့်စောင့်နေလေသည်။

အတန်ကြာတော့အမှောင်ရိပ်၌ ရပ်နေသော သူက အိမ်ဘက်သို့ ချဉ်းကပ်လာသည်။ ပြီးမှ ဂျက်ဖြုတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။ အပြင်မှ အလင်းရောင် အချို့ကြောင့် ၎င်း၏ပုံပန်းသဏ္ဌာန်ကို မြင်နေရသည်။ တစ်ကိုယ်လုံး အဝတ်ခြုံထားသော သူတစ်ယောက်ပင် ဖြစ်သည်။

အတွင်းသို့ဝင်သည်နှင့် ဒေါက်တာမင်းထင်ကျော်က မျက်နှာကို လက်နှိပ်မီးဖြင့်ထိုးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ကြောက်စရာကောင်းသောမျက်နှာကို မြင်ရမည်ဟု မျှော်လင့်ထားသော်လည်း မဟုတ်ပေ။

မီးရောင်မြင်သဖြင့် လက်ဖြင့်ကာလိုက်သော်လည်း လူရွယ်တစ်ယောက်၏မျက်နှာကို တစ်စွန်းတစ်စတွေ့လိုက်ရသည်။ နောက်တော့ အပြင်သို့ပြန်ပြေးသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က တံခါးပြန်ပိတ်နေစဉ် ခင်မြတ်ဆွေကဆင်းလာပြီး အကျိုးအကြောင်းမေးသည်။

"အန္တရာယ်မရှိပါဘူး၊ စိတ်ချလက်ချသာအိပ်ပါ"

ဟုပြောတော့မှ ပြန်တက်သွားသည်။

နောက်တစ်နေ့ရောက်တော့ လူရွယ်တစ်ယောက် ကားဖြင့်ရောက်လာသည်။

ခင်မြတ်ဆွေကပါအပြင်ထွက်လာသည်။

သူက ဒေါက်တာမင်းထင်ကျော်ကို မေးသည်။

"ခင်ဗျားဘယ်သူလဲ"

"ငါက သရဲဖမ်းတဲ့ လူတစ်ယောက်ပါပဲ၊ မင်းကရော





ဘယ်သူလဲ"

"ကျုပ်က မာရီယာရဲ့ ချစ်သူပဲ"

ထိုအချိန်မှာပင် ခင်မြတ်ဆွေက အနားရောက်လာပြီး မေးသည်။

"ပက်ထရစ် ဘာလာလုပ်တာလဲ"

"ဒီမှာ ဘာတွေဖြစ်နေသလဲလို့ လာမေးကြည့်တာပါ။ သူကရော ဘယ်သူလဲမာရီယာ"

"ငါ့ရဲ့ မိတ်ဆွေတစ်ယောက်ပဲ"

"အရင်ကမတွေ့ဖူးဘူး၊ ညက ဒီမှာဘာလုပ်နေတာလဲ"

ပက်ထရစ်က ဒေါက်တာမင်းထင်ကျော်ကို တွေ့ရသဖြင့် အတော်ပင် မကျေမနပ် ဖြစ်နေဟန်ရှိသဖြင့် ဒေါက်တာမင်းထင်ကျော်က ဝင်ပြောလိုက်ရသည်။

"ငါက မကောင်းဆိုးဝါးဖမ်းမလို့ လာစောင့်နေတာပါ။ မင်းရောက်လာမှန်းသိရင်တော့ ဒီလိုစောင့်စရာမလိုဘူးပေါ့။ ညက အနှောက်အယှက်ပေးမိတာကိုတော့ တောင်းပန်ပါတယ်"

ထိုသို့ပြောပြီးနောက် ခင်မြတ်ဆွေကို နှုတ်ဆက်ပြီး မိမိကားရှိရာသို့ လျှောက်လာလေသည်။

ခင်မြတ်ဆွေက ကားနားအထိလိုက်လာပြီး မျက်စိမျက်နှာမကောင်းစွာဖြင့် တောင်းပန်သည်။

"ကျွန်မ တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး၊ ကျွန်တော်ကသာ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ရမှာပါ၊ ကဲ. . သွားလိုက်ဦးမယ်”

ထိုသို့ပြောဆိုနှုတ်ဆက်ပြီး ကားကို မောင်းထွက်သွားလေတော့သည်။

ထိုအချိန်မှာပင် ပက်ထရစ်က အနားရောက်လာသည်။

“နင်နဲ့ငါနဲ့က ချစ်သူဖြစ်ကြသေးတာ မဟုတ်ကြသေးပဲ ဘာကြောင့်ပြောလိုက်တာလဲ”

“အခုမဖြစ်သေးလဲ မကြာခင်ဖြစ်ကြတော့မှာပဲ၊ ဒီလိုပြောလိုက်တော့ နင့်အတွက် ကာကွယ်ပြီးသားဖြစ်သွားတာပေ့ါ”

“ငါ နင့်ကို ချစ်သူအဖြစ် အသိအမှတ်မပြုသေးဘူးလေ၊ ငါတို့က အရှေ့တိုင်းသူတွေဆိုတာ နင်မသိဘူးလား၊ အနောက်တိုင်းသူတွေလို ဒီကိစ္စမျိုးတွေကို ဘယ်တော့မှ လွယ်လွယ်ကူကူ ဆုံးဖြတ်လေ့ မရှိကြဘူး ဆိုတာတော့ သိထားသင့်တယ်၊ နင်ညက ဘာလာလုပ်တာလဲ”

“ငါ နင်နဲ့တွေ့ချင်လို့လာတာပါ”

“ဒါကတော့ ငါ့ရဲ့ကိုယ်ကျင့်သိက္ခာကို စော်ကားတာပဲ၊ ငါကကိုယ်နဲ့လက်ထပ်ဖို့ ရည်စူးထားတဲ့ လူမဟုတ်ပဲ အခုလိုချိန်းတွေ့မယ့်သူမျိုးမှ မဟုတ်တာ”

“နင်. . . ငါ့ကိုချစ်သူအဖြစ် လက်ခံပေးမယ်မဟုတ်လား”

“ငါနင်နဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဘာမှမစဉ်းစားချင်တော့ဘူး၊ နောက်လည်း ငါနဲ့ ဆက်သွယ်ဖို့မကြိုးစား





နဲ့တော့”

“နင်က နောက်တစ်ယောက်တွေ့လို့ ငါ့ကို ပစ်ပယ်လိုက်တဲ့သဘောလား”

“ဒါကတော့ ငါ့ရဲ့ကိုယ်ပိုင်အခွင့်အရေးပဲ၊ နင်ဘာမှ ပြောစရာမလိုဘူး”

ဟုပြောလိုက်ရာ ပက်ထရစ်လည်း မကျေမနပ်ဖြင့် ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# နာနာဘာဝတောအုပ်မှ ခြောက်လှန့်မှုများ

**တစ်**နေ့သ၌ နာနာဘာဝတောအုပ်အလွန်မှာရှိသော ဒရက်ကူလာစံအိမ်ဟု အမည်ပေးထားသော ကြောက်စရာကောင်းသည့် ပုံပန်းသဏ္ဍာန်မျိုးရှိသော အိမ်ဟောင်းကြီးရှိသောနေရာသို့ ကားတစ်စင်း ရောက်လာလေသည်။

ထိုအိမ်ကြီးရှိရာသို့ တကူးတကလာရောက်သူ အတော်ပင်နည်းပါးပေ၏။ ထိုအိမ်ကြီးနှင့် မနီးမဝေး၌ရှိသော နာနာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝတောအုပ်သို့ တစ်ခါတစ်ရံလာရောက်သူအချို့ ရှိကြသည်။

အချို့ကလည်း သရဲခြောက်သည်ဟု နာမည်ကြီးသော နေရာသို့ မယုံကြည်သဖြင့် လာရောက်ကြည့်ကြခြင်းဖြစ်သည်။

အချို့ကတော့ ချစ်သူစုံတွဲများဖြစ်သည်။

လူသူမလာပဲ သာယာသော နာနာဘာဝတောအုပ် အတွင်းတွင် လွတ်လွတ်လပ်လပ် လာရောက်တွေ့ဆုံကြခြင်း ဖြစ်ကြလေသည်။

နာနာဘာဝတောအုပ်မှာ သချိုင်းဟောင်းတစ်ခုရှိပြီး သရဲမခြောက်သည့် အခါမှာတော့ သစ်တောအုပ်များနှင့် အေးချမ်းတိတ်ဆိတ်သော နေရာတစ်ခုဖြစ်လေသည်။

အိုင်ဗင်နေသော ဒရက်ကူလာစံအိမ်ကြီးရှိသော နေရာဘက်ကိုတော့ တကူးတကလာရောက်သူ အတော်ပင် နည်းလှပေသည်။

တစ်နှစ်လုံး တစ်လလောက်မှာတော့ ၎င်းနေသောအိမ်ကြီးသို့ ရောက်လာပြီး သရဲမျက်နှာဖုံးများ ဝယ်ယူလေ့ ရှိကြသည်။ နှစ်စဉ်လန်ဒန်မြို့၌ ကျင်းပသော သရဲပွဲတော် ကျင်းပတော့မည့် ရက်မတိုင်ခင်မှာတော့ ဒရက်ကူလာစံအိမ်သို့ လူအဝင်အထွက် များလေ့ရှိသည်။

အိုင်ဗင်မှာ အခြားအလုပ်မလုပ်ပဲ သရဲမျက်နှာဖုံးများပြုလုပ်ရောင်းချခြင်းသာ ပြုလုပ်သည်။ သရဲမျက်နှာဖုံးမှာ တစ်နှစ်လုံး နေ့စဉ်ရောင်းနေရသော ပစ္စည်းမျိုးတော့မဟုတ်ပေ။





သို့သော် တစ်နှစ်လုံး ပြုလုပ်ထားသော သရဲမျက်နှာဖုံး အမျိုးမျိုးတို့မှာ ထိုတစ်လအတွင်းမှာပင် ကုန်သွားလေ့ရှိသည်။ ထိုမှရသောဝင်ငွေကပင် အိုင်ဗင်အတွက် တစ်နှစ်လုံးစားမကုန်အောင် လုံလောက်မှုရှိပေသည်။

ရှေ့၌ရေးခဲ့သည့်အတိုင်း သရဲပွဲတော် ကျင်းပတော့မည့် ရက်မျိုး၌သာ ၎င်းနေသောနေရာသို့ လာကြသော်လည်း အခြား အချိန်များမှာတော့ တကူးတက မည်သူမှ မလာကြတော့ပေ။

ယခု သရဲပွဲတော် ကျင်းပပြီးသွားတော့မှ ကားတစ်စင်း ရောက်လာသည်။ ကားက အိမ်ရှေ့မှာရပ်ပြီး ကားပေါ်မှလူသုံး ယောက်ဆင်းလာကြသည်။

ဒေါက်တာမင်းထင်ကျော်၊ ဟယ်ရီပရိုက်နှင့် ဝီလီယန်တို့ သုံးယောက်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှ ထိုကဲ့သို့ထူးထူးခြားခြား ရှိသောနေရာသို့ ဦးစွာရောက်လာခြင်းဖြစ်သည်။ သူတို့ရောက် လာတော့ အပြင်သို့ သွားလေ့သိပ်မရှိသော အိုင်ဗင်နှင့် တွေ့ရသည်။

အိုင်ဗင်မှာ အသက်-၆၀ကျော်အရွယ်သာ ရှိသေးသော်လည်း အရွယ်နှင့်မမျှ အိုမင်းရင့်ရော်နေသည်။ ကြောက်စရာကောင်းသော သရဲမျက်နှာဖုံးများကြားမှာ အမြဲနေရသဖြင့် ၎င်းမျက်နှာမှာ သရဲသဘက်တစ်ကောင်နှင့်ပင် တူနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကဘယ်သူလဲ"

"ငါက သရဲမျက်နှာဖုံးတွေ ရောင်းပေးနေတဲ့ အိုင်ဗင်လေ၊ ဒါတောင်မသိကြဘူးလား. . ဟီး. . ဟီး. ."

ဟုကျိုးတိုးကျဲတဲသွားများ ပေါ်အောင်ရယ်ရင်း ပြောပြသည်။

"သတင်းကတော့ ကြားပါတယ်၊ လူကတော့ အခုမှ တွေ့ဖူးတော့တယ်"

"မင်းတို့က ဘယ်သူတွေလဲ၊ သရဲပွဲတော်လည်း ပြီးသွားတာ ကြာပြီဆိုတော့ သရဲမျက်နှာဖုံးဝယ်ဖို့လာကြတာတော့ ဟုတ်မယ်မထင်ဘူး"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့က မဂ္ဂဇင်းတစ်စောင်က စာရေးဆရာနဲ့ အယ်ဒီတာတွေပါ၊ ခင်ဗျားအကြောင်းတွေကို ရေးပြီး မဂ္ဂဇင်းထဲမှာ ထည့်ပေးချင်လို့ပါ"

ထိုစကားကြားသောအခါ အိုင်ဗင်မှာ တဟီးဟီးတဟားဟားနှင့် ရယ်မောနေလေသည်။ ၎င်းရယ်မောနေသည်မှာ လူတစ်ယောက်ရယ်နေသည်နှင့်မတူပဲ သရဲတစ်ကောင် ရယ်နေသည်နှင့် တူသည်ဟု စိတ်ထဲမှ ထင်မိကြသည်။

ခဏကြာတော့မှ ရယ်မောနေခြင်းကို ရပ်ပြီးပြောသည်။

"မင်းတို့က ငါလိုလူတစ်ယောက်အကြောင်းကို စာရေးချင်တယ်ဆိုတာကတော့ အံ့သြစရာပဲဟေ့၊ အဲဒီလိုမဂ္ဂဇင်းထဲမှာ





ငါ့အကြောင်းပါသွားရင် ငါတစ်ယောက်တည်းလုပ်တဲ့ သရဲမျက်နှာဖုံးအကြောင်းကို ပိုပြီးစိတ်ဝင်စားကြမှာပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါပေမယ့် ငါက သာမန်စာရေးဆရာတွေနဲ့ မရေးချင်ဘူး၊ ကြောက်စရာကောင်းတဲ့ အကြောင်းတွေကိုရေးရင် လက်စွမ်းထက်တဲ့ အင်္ဂလိပ်ပိုး၊ ချက်ကော့၊ ဂျက်ဖရီအာချား၊ ဆာအာသာကွန်နင်ဒွိုင်း လောက်နာမည်ကြီးတဲ့ စာရေးဆရာမျိုးတွေနဲ့မှ ရေးချင်တာကွ. . ဟား. . ဟား. . ဟား. . ဟား"

အိုင်ဗင် သူ့စကားကို သူ့ဟာသာသဘောကျသဖြင့် ရယ်မောနေသည်။ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ အိုင်ဗင်မှာ အနေစုတ်သော်လည်း စာပေဘက်၌ အတော်အသင့် နှံ့စပ်မှုရှိသည်ဟု မှတ်ချက်ချမိသည်။

"မှန်ပါတယ်၊ ကျွန်တော်တို့က ကမ္ဘာကျော် စာရေးဆရာကြီးတွေလောက် လက်စွမ်းမထက်လှပေမယ့် ခင်ဗျားကိုတော့ ထင်ထက်နာမည်ကြီးအောင် ရေးပေးနိုင်ပါတယ်"

"မင်းတို့က ဘာတွေသိချင်လို့လဲ"

"အရင်ဆုံး ကြောက်စရာကောင်းတဲ့ သရဲမျက်နှာဖုံးတွေ ဘယ်လိုလုပ်သလဲဆိုတာ ကြည့်ချင်ပါတယ်"

ဟုပြောသဖြင့် နောက်ဘက်ညှိရှိသောအခန်းတစ်ခန်းသို့ ခေါ်ပြသည်။

ထိုအခန်းထဲမှာတော့ လူအရိုးခေါင်းများ သွားများ၊ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးတု၊ နွားခေါင်းတု၊ အမေပြားအတုများ၊ ဆံပင်များ၊ ဆေးခြယ်သော ပစ္စည်းများနှင့် အခြားပစ္စည်းများရှိသည်။ ပြုလုပ်ပြီးသော မျက်နှာဖုံးများ၊ ပြုလုပ်လက်စ မျက်နှာဖုံးများလည်း ရှိကြသည်။

"ဒီလို ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးမျိုးတွေဖြစ်အောင် ခင်ဗျားဘယ်လိုလုပ်တာလဲ"

"ပန်းချီဆွဲတာပဲဖြစ်ဖြစ် ပန်းပုထုတာပဲဖြစ်ဖြစ် ဟန်ပြပေးတဲ့ မော်ဒယ်တစ်ယောက်တော့ လိုတယ်မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"သူတို့ကတော့ ချောမောလှပတဲ့ မိန်းကလေးတွေလိုမယ်၊ ဒါကတော့ကြောက်စရာကောင်းတဲ့ သရဲတွေကို ကြည့်ပြီး လုပ်ရတယ်"

"သရဲတွေက ဘယ်ကလာတာလဲ"

"နာနာဘာဝတောအုပ်ထဲမှာ သရဲသဘက်တွေအများကြီးရှိကြတယ်၊ ငါက သူတို့နဲ့ မိတ်ဆွေဖွဲ့ထားရတယ်၊ ငါခေါ်ရင်သူတို့လာကြပါတယ်၊ ဒါပေမယ့် ကျွေးစရာရှိရင်တော့ ကျွေးရတာပေါ့"

"သရဲသဘက်တွေရဲ့ မျက်နှာတွေကိုကြည့်ပြီး လုပ်လို့ ခင်ဗျားလုပ်တဲ့မျက်နှာဖုံးတွေက ကြောက်စရာကောင်းနေတာပေါ့၊ သူတို့က ခင်ဗျားကို အန္တရာယ်မပေးကြဘူးလား"

ဟယ်ရီပရိုက်က ဝင်မေးလိုက်သည်။

"သူတို့နဲ့ငါက ဘဝမခြားပါဘူး၊ ဘဝတူတွေဆိုတော့





ငါ့ကိုတော့ ဘာမှအန္တရာယ်မပေးကြပါဘူး"

ဟုအေးအေးဆေးဆေးပြန်ပြောပြလေသည်။

"ဒါထက် ခင်ဗျားဆီမှာ သရဲမျက်နှာဖုံးလာဝယ်တဲ့သူတွေကတော့ အများကြီးရှိမှာပေါ့"

ခေါင်းညိတ်ပြသည်။

"အဲဒီမှာ ထူးထူးခြားခြား မျက်နှာဖုံးလာဝယ်တဲ့သူများရှိသလား"

ထိုသို့မေးတော့ အတော်ကြာအောင် မျက်မှောင်ကြုံ့လျက် စဉ်းစားနေသည်။ ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာပါလာသော ငွေစက္ကူအချို့ကိုထုတ်ပြီး အဘိုးကြီးလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ကျွန်တော်တို့မဂ္ဂဇင်းက တကမ္ဘာလုံး ဖြန့်တာဆိုတော့ သာမန်အကြောင်းအရာမျိုးတွေ မရေးချင်ဘူး၊ ဒါကြောင့် ထူးခြားတာရှိရင် ပြောပြပေးပါ"

ထိုသို့ငွေပေးလိုက်တော့မှ အဘိုးကြီးက လျှို့ဝှက်ထားသောအကြောင်းအရာတစ်ခုကို ပြောပြသည်။

"သရဲပွဲတော် မတိုင်ခင်ရက်က ငါ့ဆီကို လူတစ်ယောက်ရောက်လာတယ်၊ သားသတ်ရုံမှာလုပ်တဲ့ လူတစ်ယောက်ပဲ၊ သူတို့အချင်းချင်း လောင်းကြေးထပ်ပြီး ပြိုင်ကြဖို့ ငါ့ဆီမှာမျက်နှာဖုံးတစ်ခု လာဝယ်တယ်၊ ငါလည်းကြောက်စရာ အကောင်းဆုံး မျက်နှာဖုံးတစ်ခု ရွေးပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမျက်နှာဖုံးမျိုးလဲ"

"လူသေအလောင်းက ခွာယူထားတဲ့ အရေပြားနဲ့လုပ်ထားတဲ့မျက်နှာဖုံးပဲ"

ဒေါက်တာမင်းထင်ကျော်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ခင်ဗျား သူ့ကိုသိသလား"

"မသိပါဘူး၊ သားသတ်ရုံမှာလုပ်တဲ့သူပဲ ပြောသွားတယ်၊ စုံစမ်းကြည့်ရင်တော့သိမှာပါ"

ထိုသို့သိရသဖြင့် အဘိုးကြီးအိုင်ဗင်ကို နှုတ်ဆက်ပြီး သုံးယောက်သား ကားဖြင့် ပြန်ထွက်လာကြသည်။

"ဘယ်လိုလုပ်မလဲ ကိုမင်းထင်ကျော်"

"စုံထောက်ဂျက်ဖရီဆီကို ဖုန်းဆက်အကူအညီတောင်းရမှာပါ၊ လန်ဒန်မြို့မှာရှိတဲ့ သားသတ်ရုံတွေသွားပြီး ဘယ်လိုထူးခြားမှုတွေရှိတယ်ဆိုတာ စုံစမ်းခိုင်းရမယ်၊ အခုတော့ လမ်းလည်းကြုံနေတော့ နာနာဘာဝတောအုပ်ထဲ ခဏဝင်ကြည့်ကြမယ်"

ဟုပြောရာ ကျန်နှစ်ယောက်ကလည်း မငြင်းကြပေ။

နာနာဘာဝ တောအုပ်ရှိသောနေရာမှာ အဘိုးကြီးအိုင်ဗင်နေသော ဒရက်ဂူလာစံအိမ်နှင့် မဝေးသလို ကားလမ်းနှင့်လည်းမဝေးလှပေ။

ထိုနေရာရောက်တော့ ကားကိုချုံးကွေ့ဝင်ကာ သချိုင်းဝင်ပေါက်နေရာတွင် ရပ်ထားလိုက်ပြီး ကားပေါ်မှ ဆင်းကြ





သည်။

သချိုင်းဟောင်းက သစ်ပင်များ အုပ်ဆိုင်းနေသော ထိုတောအုပ်အတွင်း၌ ရှိလေသည်။ သချိုင်းရှိရာသို့ သွားသော လူသွားလမ်းကလေးများရှိရာ သုံးယောက်သား ထိုလမ်းကလေးများအတိုင်း တောအုပ်အတွင်းသို့ ဝင်ခဲ့သည်။

ဒေါက်တာမင်းထင်ကျော်တို့အနေဖြင့် ထိုတောအုပ်အတွင်းသို့ ယခုတစ်ကြိမ်သာ ရောက်ဖူးကြသော်လည်း ထိုနေရာနှင့်ပတ်သက်သည့် ထူးခြားသော အကြောင်းများကိုတော့ သိထားကြပြီးဖြစ်သည်။

နာမည်ကြီးလှသော အဆိုပါ နာနာဘာဝ တောအုပ်မှ သချိုင်းမြေမှာ အမှန်စင်စစ်အားဖြင့် မြေဧရိယာကျယ်ပြန့်လှသည် မဟုတ်ပေ။ အကျယ်အဝန်းအားဖြင့် တစ်ဧကခန့်ရှိသော မြေနေရာဖြစ်သည်။

ထိုသချိုင်းမြေသည် မစ်လိုသီယံ(Midlothian)မြို့အနီး "ရှုဘီအို သစ်တောကြိုးဝိုင်း"၏ အနောက်တောင်ဘက်တွင် တည်ရှိနေသည်။ သချိုင်းမြေကို ခြံစည်းရိုးကာရံထားပြီး တစ်ခုတည်းသောဝင်ပေါက်မှာ သချိုင်းမြေ၏ တောင်ဘက်ခြမ်းတွင် တည်ရှိနေသည်။

ယင်းနေရာမှ တစ်ခုတည်းသော ခြေသွားလမ်းကလေးသည် သချိုင်းမြေအတွင်း ကွေ့ကောက်တည်ရှိနေသည်။ အနောက်မြောက်ထောင့်ဘက်တွင်ကား ရေသေကန်တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိနေခဲ့သည်။

သင်္ချိုင်းမြေတစ်ခုလုံးတွင် ထိန်းသိမ်းခြင်းမရှိသည့် တောရိုင်းပင်တို့ ထင်သလိုပေါက်နေသည်။

ထို့ပြင် သရဲ၊ တစ္ဆေ ခြောက်လှန့်မှုများက မကြာခဏ ဖြစ်ပေါ်သည့်အတွက် ဖျက်ဆီးထားသော အပျက်အစီးများသည် သင်္ချိုင်းမြေတစ်ခုလုံး ပျံ့နှံ့နေသည်။

အချို့သောအုတ်ဂူများကိုလည်း ဖျက်ဆီးထားကြပြီး ခေါင်းတလားများကိုလည်း ပြန်လည်တူးဖော်ခါ ဖွင့်ဖောက်ထားကြသည်။

သင်္ချိုင်းထောင့်တစ်နေရာတွင် ရေငန်ထုံးအိုင်ငယ် တစ်ခုရှိနေပြီး ယင်းအနီးအနားတွင် ဂမ္ဘီရပညာရပ်၏ ဓလေ့ထုံးစံ ခုဖြစ်သော တီရိစ္ဆာန်များအား ယဇ်ပူဇော်ခြင်းများ ပြုလုပ်ထားသည်ကို တွေ့ရပေမည်။

သင်္ချိုင်းတည်နေရာ၏ ရာဇဝင်ကို ပြန်ပြောင်းကြည့်မည်ဆိုပါက ဤသို့တွေ့ရမည်။

ယင်းဂနေရာသည် ၁၈၂၀ မှ ၁၈၃၀ နှစ်များအတွင်း အီလီနွိုက်(စ)နှင့် မီချီဂန်ပြည်နယ်ကို ဆက်သွယ်သော တူးမြောင်းဖောက်လုပ်ရာတွင် ဂျာမဏီနိုင်ငံမှ ပြောင်းရွှေ့လာသော အလုပ်သမားများ အခြေချနေထိုင်ရာ နေရာဖြစ်ခဲ့သည်။

ထို့နောက် ယင်းနေရာသည် သင်္ချိုင်းနေရာအဖြစ် ရောက်ရှိခဲ့ပြီး ထိုစဉ်က "အယ်ဗာဒွန်သင်္ချိုင်း"(Everdon's Ce-





metery)ဟု အမည်တွင်ခဲ့သည်။

နောက်ပိုင်းတွင် နာနာဘာဝတောအုပ်မှ သင်္ချိုင်းဟု ခေါ်တွင်ခဲ့ကြသည်။

ထို့ပြင် ၁၉၂၀ မှ ၁၉၃၀ ခုနှစ် အတွင်းဆိုးဂိုဏ်းများ သောင်းကြမ်းစဉ်က အသတ်ခံရသောသူများ၏ အလောင်းကောင်များ ဖျောက်ဖျက်သည့်နေရာမှာလည်း ထိုနာနာဘာဝတောအုပ်မှ သင်္ချိုင်းမြေ၏ ထောင့်တစ်ထောင့်တွင် တည်ရှိသည့် ထုံးအိုင်ပင် ဖြစ်ခဲ့သည်။

ယင်းသင်္ချိုင်းမြေမှ သရဲခြောက်သည့် အဖြစ်အပျက်များသည် ၁၉၆၀ ခန့်တွင် တိုးပွားလာခဲ့သည်။

ထိုအချိန်တွင် နာနာဘာဝ တောအုပ်မှ သင်္ချိုင်းမြေအတွင်း မြှုပ်နှံသည့် သူအရေအတွက်သည်လည်း တိုးလာသည်။ ထို့ပြင် ထူးဆန်းသော အတွေ့အကြုံများကို ရှာဖွေလိုသည့် လူငယ်များအကြားတွင် ပေါ်ပြူလာဖြစ်ပြီး ထင်ရှားလာသည့် နေရာတစ်ခုလည်း ဖြစ်လာခဲ့သည်။

သရဲတစ္ဆေ ခြောက်လှန့်မှုဖြစ်ပွားသည့် ကာလများမှာ ၁၉၇၀ နှင့် ၁၉၈၀ ခုနှစ်များအတွင်း ဖြစ်သည်။

မှတ်တမ်းများအရ ထိုသင်္ချိုင်းတွင် ၁၉၈၉ ခုနှစ် ထိသာ လူသေများ မြှုပ်နှံခဲ့ပြီး ယနေ့ကာလတွင် အသုံးပြုမှုမရှိတော့ပေ။ ယင်းသင်္ချိုင်းတွင် သရဲခြောက်သည့်ပုံစံမှာ မျိုးစုံဖြစ်သည်။

ယင်းတို့အထဲမှ လူပြောအများဆုံး သရဲခြောက်သည့်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ "လွင့်မျောနေသောအိမ်ကြီး" ဖြစ်သည်။ အဆိုပါ နှစ်ထပ်အိမ်ကြီးသည် အမြူတမ်းနွေးထွေးသော အလင်းရောင်များ လင်းလက်နေကာ အဝေးဆီတွင် လွှဲယမ်းခါနေသည်။

အဆိုပါ သရဲခြောက်မှုသည် ၁၉၆၀ ခုနှစ်တစ်ဝိုက်တွင် အများဆုံးဖြစ်ပေါ်ခဲ့သည်။

အခြားသရဲခြောက်သည့်ပုံစံတစ်ခုမှာ ခေါင်းမြီးခြုံထားသည့် ဘုန်းကြီးတစ်ပါးနှင့် သီလရှင်တစ်ပါးတို့ ဖြစ်သည်။ ယင်းဖြစ်ရပ်ကို "အဖြူရောင်မိန်းမပျို"(White Lady)ဟု မှည့်ခေါ်ထားသည်။

တွေ့ကြုံရသူတို့ အဆိုအရ လပြည့်ညများတွင် အဖြူရောင်သီလရှင်သည် ရင်ခွင်အတွင်း ကလေးငယ်ကိုပိုက်ကာ သချိုင်းမြေအတွင်း လှည့်လည်သွားလာလျက်ရှိသည်ဟု ဆိုသည်။

(၁၈၇၀)ပြည့်နှစ်က စတင်ခဲ့သည့် သရဲခြောက်လှန့်မှုပုံစံမှာ ဤသို့ဖြစ်သည်။ ခေါင်းနှစ်လုံးနှင့်သရဲ၊ ကလေးသရဲနှင့် အမည်းရောင်ရထားလုံးနှင့် လူပုံစံသရဲတို့ဖြစ်သည်။ ထို့ပြင် သရဲလယ်သမားနှင့် သူ၏မြင်းနှင့် ထွန်တုံးတို့ဖြစ်သည်။

အဆိုပါသချိုင်းအနီးရှိ အမြန်လမ်းမကြီးပေါ်မှ ဖြတ်သန်းသွားသူများသည် သချိုင်းမြေပေါ်တွင် ကခုန်နေသကဲ့သို့ ဖြစ်နေသောအလင်းရောင်များကို မြင်တွေ့ရကြောင်း သတင်းပို့ခဲ့သည်။





ထို့ပြင် သချိုင်းမြေအတွင်း လေ့လာရန်ရောက်ရှိခဲ့ကြသူများသည်လည်း မမြင်တွေ့ရသော လက်အေးကြီးများနှင့် ကိုင်တွယ်ခံရခြင်း၊ တစ်စုံတစ်ယောက်သည် မိမိရှေ့တွင်ရောက်ရှိနေသကဲ့သို့ ခံစားရပြီး မအီမသာခံစားရသည့်ဖြစ်ရပ်များကို ကြုံတွေ့ခဲ့ရသည်။

အခြားဇာတ်လမ်းတစ်ခုမှာ "ရည်းစားသေဆုံးခြင်း" ဟူသောဇာတ်လမ်းဖြစ်သည်။

ထိုဇာတ်လမ်းတွင် ညဘက်ချိန်းတွေ့သောသမီးရည်းစားနှစ်ဦးအနက် ယောက်ျားပျိုသည် ရပ်ထားသော ကားပေါ်တည့်တည့်ရှိ သစ်ပင်တွင်ချိတ်လျက် တန်းလန်းသေဆုံးနေသည်။ ချစ်သူယောက်ျားပျို၏ လည်ပင်းမှာ နားရွက်နှစ်ဖက်သို့တိုင်အောင် ပြတ်လျက် လက်သည်းများဖြင့် အပြင်းအထန် ကုတ်ခြစ်ထားဟန်ရှိပြီး ကားခေါင်မိုးပေါ်တွင် ကျွတ်ကျနေသောလက်သည်းများကို တွေ့ရသည်။

၁၉၇၀ မှ ၁၉၈၀ ဝန်းကျင်တွင် "သချိုင်းမြေမှခွေးကြီး" ဟူသည့် သရဲခြောက်မှုသည် နာမည်ကြီးခဲ့သည်။

ရင်းမှာသချိုင်းမြေအဝင်ဝတွင် အလွန်ကြီးမားသော ခွေးနက်ကြီးကို တွေ့မြင်ရပြီး ယင်းခွေးနက်ကြီးသည် လူများနီးလာသောအခါ ပျောက်ကွယ်သွားတတ်သည်ဟု ဆိုသည်။

အထက်ပါဖြစ်ရပ်များမှာ နာနာဘာဝ တွေ့အုပ်အတွင်း၌ရှိသော သချိုင်းဟောင်းနှင့်ပတ်သက်သော ခြောက်လှန့်

www.burmeseclassic.com



မှုများ ဖြစ်ပေသည်။ အချို့ဖြစ်ရပ်များမှာ များစွာကြောက်ရွံ့ ထိတ်လန့်ဖွယ်ရာဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်မှာ မကျယ်ဝန်းလှသော တောအုပ်အတွင်းသို့ လှည့်လည်ကြည့်ကြသော်လည်း ထူးခြားမှုတော့မတွေ့ကြရပေ။

အုတ်ဂူဟောင်းအတော်များများကတော့ ဖျက်ဆီးထားသောကြောင့် ပျက်ဆီးနေကြသည်။

အဘိုးကြီးအိုင်ဗင်မှာ သရဲမျက်နှာဖုံး ပြုလုပ်သောအခါ အသုံးပြုသော လူသေပစ္စည်းအချို့မှာ ထိုနေရာမှ လာရောက်ယူနေခြင်းဖြစ်နိုင်ပေသည်။

နောက်တော့ သုံးယောက်သား နာနာဘာဝတောအုပ်အတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။







# အခန်း(၁၂)

# မရဏလောကနှင့် စိတ်လှည့်စားမှု

**ဒေါက်**တာမင်းထင်ကျော်မှာ ဒရက်ကူလာစံအိမ်မှ အဘိုးကြီးအိုင်ဗင်နှင့် တွေ့ခဲ့သောအကြောင်းများကို စုံထောက်အရာရှိ ဂျက်ဖရီကို ပြောပြလိုက်ပြီး သိချင်သောအချက်များကို စုံစမ်းခိုင်းရာ နောက်တစ်နေ့တွင် သားသတ်ရုံတစ်ခုတွင် အလုပ်လုပ်နေသည့် 'အင်ဒရေ'ဆိုသူနှင့် တွေ့ရလေသည်။ စခန်းကိုခေါ်ပြီး သိလိုသောအကြောင်းများကို မေးမြန်းခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အင်ဒရေမှာ သားသတ်သမားတစ်ဦးဖြစ်သော်လည်း ကြောက်တတ်သူဖြစ်သည်။

"သရဲပွဲတော်တုန်းက မင်းတို့သားသတ်ရုံက အလုပ်သမားတွေ ဘယ်လိုလောင်းကြေးတွေထပ်ပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ ပြောပြပါဦး"

"အဲဒီတုန်းက အပျော်သဘောမျိုး လုပ်ခဲ့တာပဲ၊ နောက်ပိုင်းကိစ္စတွေတော့ ကျုပ်ဘာမှမသိဘူး"

အင်ဒရေက ဘာမှမသိဘူးဟုပြောနေသော်လည်း သူသိသောအကြောင်းအရာများ ရှိနေသည်ကိုတော့ ဝါရင့်စုံထောက်တစ်ဦးဖြစ်သူ ဂျက်ဖရီက အကဲခတ်မိလေသည်။

"ငါတို့ကလည်း အားလုံးမသိချင်ပါဘူး၊ သိသင့်တာလေးတွေလောက်ပဲ သိချင်တာပါ၊ သရဲပွဲတော်တုန်းက မင်းတို့လုပ်ခဲ့တာတွေ ပြောပါဦး"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ သရဲပွဲတော်မှာ ကြောက်စရာအကောင်းဆုံး လုပ်နိုင်တဲ့သူကို ကျန်တဲ့လူတွေက တစ်လစာလုပ်ခတွေပေးပြီး ပြိုင်ကြတယ်"

"ဘယ်သူ အနိုင်ရသွားသလဲ"

"အိုင်စမင် နိုင်သွားတယ်. ."

"သူက ဘယ်မှာလဲ"

"အဲဒီကတည်းက သူ သားသတ်ရုံမှာ မတွေ့ရတော့ဘူး၊ အလုပ်ကထွက်သွားပြီထင်တာပဲ"





"သူနေတဲ့ လိပ်စာကိုသိသလား"

အင်ဒရေက အိုင်စမင်နေသောလိပ်စာကိုပြောပြသည်။

ထို့နောက်တော့ ဒေါက်တာမင်းထင်ကျော်နှင့် ဂျက်ဖရီတို့နှစ်ယောက် ကားဖြင့် ထိုနေရာသို့သွားကြသည်။

အိုင်စမင်နေသောနေရာမှာ သာမန်အလုပ်သမားများနေသောရပ်ကွက်အတွင်းရှိ အခန်းတစ်ခန်းဖြစ်သည်။

ဎင်းတို့ရောက်သွားတော့ အခန်းတံခါးပိတ်ထားသည်။ သို့ကြောင့် တံခါးကိုဖျက်ပြီး အခန်းတွင်းဝင်ကြည့်ကြသည်။ အခန်းကျဉ်းကလေးထဲမှာတော့ အသုံးအဆောင်ပစ္စည်းက များများမရှိပေ။

ကြိုးတန်းပေါ်တွင် တင်ထားသော အဝတ်ဟောင်းများ၊ သပ်သပ်ယပ်ယပ်မရှိသော အိပ်ယာနှင့် စားပွဲပေါ်မှာ စားသောက်ပြီး ဒီအတိုင်းထားခဲ့သောပန်းကန်နှင့် အရက်ပုလင်းများ ရှိနေသည်။

အခြေအနေကြည့်ရုံနှင့် မကြာသေးခင်အချိန်အထိ ထိုအခန်းမှာရှိနေသေးကြောင်း သိနိုင်ပေ၏။

ဒေါက်တာမင်းထင်ကျော်က နောက်ဘက်အခန်းသို့ ဝင်ကြည့်သောအခါ လက်ဆေးဇလုံပေါ်မှာ စွန်းပေနေသော သွေးကွက်များ တွေ့ရသည်။

စင်ပေါ်တွင် ဓားနှင့်ကတ်ကြေးလည်း ရှိသည်။ ဓားနှင့်ကတ်ကြေးမှာလည်း သွေးများစွန်းပေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဖရီက ထိုအရာများကို အဝတ်ဖြင့် ပတ်ယူလိုက်သည်။

"ဒေါက်တာ ဘယ်လိုထင်သလဲ"

"သူ ဒီမှာ မနေတော့ဘူးထင်တယ်၊ ဓားနဲ့ ကတ်ကြေးပေါ်မှာ တွေ့တဲ့သွေးက အိုက်စမင်ရဲ့ သွေးဖြစ်နိုင်တယ်၊ ဓာတုဗေဒခန်းကိုပို့ပြီး စစ်ကြည့်ရင် အဖြေသိရမှာပါ"

"ဘယ်လိုကြောင့် ဒါတွေလုပ်တာလဲ"

"သရဲမျက်နှာဖုံးလုပ်တဲ့ အိုင်ဗင်ပြောလိုက်တဲ့ အချက်တွေရော အင်ဒရေဆီက သိရတဲ့အချက်တွေပါ ဆက်စပ်ပြီး တွေးကြည့်ရင် သူတပ်ထားတဲ့ မျက်နှာဖုံးက လူသေရဲ့ အရေပြားတွေနဲ့လုပ်ထားတဲ့ မျက်နှာဖုံးဆိုတာ သိသာတယ်"

ဂျက်ဖရီက ခေါင်းညိတ်ပြသည်။

"ကျွန်တော်အထင် ပြောရရင်တော့ သူတပ်ထားတဲ့ မျက်နှာဖုံးက ပြန်ချွတ်လို့ မရတော့ဘူးထင်တာပဲ၊ ဓားတွေ ကတ်ကြေးတွေမှာ တွေ့ရတဲ့ သွေးတွေက မျက်နှာဖုံးကို ပြန်ခွာဖို့ ကြိုးစားရင်းနဲ့ သူ့ကိုယ်ကထွက်တဲ့သွေးတွေ ဖြစ်ဖို့များတယ်"

"ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလဲ"

"ဒါက ဂမ္ဘီရနဲ့သက်ဆိုင်တဲ့ သဘာဝလွန် ဖြစ်ပျက်တဲ့ အဖြစ်မျိုးတွေပဲဗျ၊ သေဆုံးသွားတဲ့သူရဲ့ပစ္စည်း ဒါမှမဟုတ် ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကိုယူပြီး အသုံးပြုရင် သေသူရဲ့ဝိညာဉ်ပူးကပ်နှောက်ယှက်ခြင်းကို ခံရတတ်တယ်၊ အမြဲတမ်း မဖြစ်





တတ်ပေမယ့် တိုက်ဆိုင်မှုရှိလာရင် ဖြစ်တတ်တယ်"

"ဒေါက်တာပြောတဲ့သဘောက အိုက်စမင်ဟာ သာမန်မဟုတ်တော့ပဲ ဖုတ်ဝင်နေတယ်လို့ ပြောတာလား"

"ဒီလိုဖြစ်ဖို့ များပါတယ်၊ ကျွန်တော့်ယူဆချက်ကို ပြောရရင်တော့ အခုတလော အသတ်ခံရတဲ့အမှုတွေဟာ သူ့လက်ချက်ဖြစ်ဖို့များတယ်"

"ဘာကြောင့် မိန်းမတွေကိုချည်း ရွေးသတ်နေတာလဲ"

"သူသတ်တာမှ မဟုတ်ပဲဗျာ၊ ဝိညာဉ်က ပူးကပ်ပြီး သတ်နေတာဆိုတော့ အဲဒီဝိညာဉ်က မိန်းမတွေကို မုန်းတီးတဲ့ ဒါမှမဟုတ် စိတ်နာနေတဲ့ ဝိညာဉ်မျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဒေါက်တာမင်းထင်ကျော်က ရယ်ရယ်မောမောပြောလိုက်ရာ ဂျက်ဖရီကပါ သဘောကျစွာ ရယ်နေလေသည်။

ထို့နောက် နှစ်ယောက်သား ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

ဒေါက်တာမင်းထင်ကျော် အခန်းပြန်ရောက်တော့ နေ့လည်ဘက်အချိန် ရောက်နေပြီဖြစ်သည်။

သို့ကြောင့် အစားအသောက်အချို့ စီစဉ်ပြီး စာကြည့်ခန်းအတွင်းသို့ သယ်ယူသွားကာ ဝိညာဉ်ပူးကပ်သော မှတ်တမ်းအချို့ကို လေ့လာကြည့်လေသည်။

အချို့နေရာများမှာ ဝိညာဉ်ပူးကပ်ခံရသူမှာ မူလပင်ကိုယ်စိတ်ပျောက်သွားပြီး ဝိညာဉ်စေခိုင်းသမျှ ပြောကြလုပ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နတ်ဝင်သည်များကဲ့သို့ နတ်ထွက်သွားသောအချိန်တွင် ပြောသမျှ၊ လုပ်ခဲ့သမျှ ဘာမှမသိကြသကဲ့သို့ပင် ဖြစ်သည်။

အချို့က မျက်နှာဖုံးအမျိုးမျိုးတပ်ကာ သရုပ်ဆောင်ကြသည့်အခါ တပ်ဆင်သောမျက်နှာဖုံးအတိုင်း စိတ်ကဖြစ်ပေါ်လာတတ်သည်ဟုဆိုသည်။

ဥပမာ ဘီလူးမျက်နှာဖုံးတပ်သူသည် ဘီလူးစိတ်ကဲ့သို့သော်လည်းကောင်း၊ မကောင်းဆိုးဝါး မျက်နှာဖုံးတပ်သူသည် မကောင်းဆိုးဝါး စိတ်ကဲ့သို့သော်လည်းကောင်း၊ မိစ္ဆာမျက်နှာဖုံးတပ်ဆင်သူမှာ မိစ္ဆာတစ်ကောင်ကဲ့သို့ စိတ်၌ ဖြစ်ပေါ်လာတတ်ကြောင်း သုတေသန ပြုလုပ်ထားကြသည်။

တစ်ခါက ပြဇာတ်တစ်ခုတွင် ကြိုးစင်တက်ရသောအခန်းတစ်ခန်းပါရာ ကြိုးစင်တက်၍ သရုပ်ဆောင်သူမှာ လည်ပင်း၌တပ်ထားသောကြိုးက မြွေတစ်ကောင်လို ရစ်ပတ်ခံရသဖြင့် အသက်ရှူရပ်ကာ သေဆုံးခဲ့ရသော ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးသည်။

သရဲသဘက် မျက်နှာဖုံးတပ်၍ သရုပ်ဆောင်သောရုပ်ရှင်တစ်ခုရှိရာ ရိုက်ကွင်းပြီးသွားသော်လည်း ထိုသူမှာ မူလစိတ်မရှိပဲ ကယောင်ချောက်ချား ပြောဆိုနေသဖြင့် ဆရာဖြင့်ကုသပေးမှ ပူးကပ်နေသော မကောင်းဆိုးဝါး ထွက်သွားခဲ့သည့်အဖြစ်မျိုးလည်း ရှိသည်။





အနောက်တိုင်းမှ စိတ္တဇပညာရှင်များ၊ ဂန္ဓာရီပညာရှင်များကတော့ စိတ်လှည့်စားမှု တစ်ခုသာဖြစ်ကြောင်း မှတ်ချက်ချခဲ့ကြသည်။

မြန်မာနိုင်ငံမှာတော့ (အမျိုးသမီးများ)မိမိသည် နဂါးတို့နှင့် အဆက်ရှိသူ သိုက်စောင့်များနှင့် အဆက်အသွယ်ရနိုင်သူ (သိုက်ဆက်ရှိသူ)ဟု ထင်နေသူများမှာ ထိုအဖွဲ့ကို တော်တော်နှင့် ချေဖျက်မရပဲ ရှိတတ်ကြသည်။

အချို့က ထိုသို့ဖြစ်ရခြင်းကိုပင် ဂုဏ်ယူတတ်ကြသည်။ ထိုအချက်မှာ စိတ်၏ လှည့်စားမှု တစ်ရပ်ပင် ဖြစ်ပေ၏။

နဂါးဆက်ရှိသူဟု မိမိကိုယ်ကို ထင်မြင်ယုံကြည်နေသူသည် တွေ့ကြုံပတ်သက်သော အကြောင်းအရာတိုင်းကို နဂါးနှင့် ပတ်သက်သည်ဟု ထင်မြင်တတ်သည်။

စိတ်က စွဲလန်းနေသဖြင့် အိပ်မက်မက်လျှင်ပင် နဂါးကိုမက်တတ်သည်။

သိုက်ဆက်ရှိသူဟု မိမိကိုယ်ကို ထင်မြင်ယုံကြည်နေသူတို့မှာလည်း တွေ့-သိုက်တွင်းသို့ရောက်ခြင်း၊ သိုက်စောင့်များကလာရောက်ခေါ်ခြင်း ရွှေငွေ ရတနာများကို ရရှိခြင်း စသည်ဖြင့် အိပ်မက်မက်တတ်ကြသည်။

ဘုမ္မိယသိုက်ကျမ်းတွင် မြေပေါ်မြေအောက်တွင် ရွှေငွေ ရတနာရှိသည့် နရာပါင်းမြောက်များစွာရှိသည်။

သို့သော် ရှာဖွေတွေ့သူ မရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com



သိုက်စာကျမ်းများတွင် သိုက်ပေါင်း ကိုးသန်း ကိုးသိန်း ကျော်ရှိကြောင်း ဖော်ပြထားသည်။ ထိုသိုက်များနှင့် အဆက်ရှိသည်ဟု ထင်မြင်ယူဆခြင်းမှာ လွဲစရာတော့ မရှိပေ။

လောကတွင် အလှည့်ပေါင်း (လှည့်စားခြင်း)များစွာ ရှိကြသည့်အနက် မိမိစိတ်က လှည့်စားခြင်းသည် အနီးစပ်ဆုံးနှင့် အန္တရာယ်အများဆုံး ဖြစ်ပေသည်။

စိတ်လှည့်စားခြင်းကြောင့် မဟုတ်ပဲ မလိုအပ်သောအရာများ လုပ်မိခြင်း မနေသင့်သော နေရာများ၌ နေမိခြင်းကြောင့် အန္တရာယ်ဖြစ်ရခြင်းများလည်း ရှိပေသည်။

ဘုရားနှင့် သက်ဆိုင်သောအရာများကို ပြစ်မှာစော်ကားခြင်း၊ ဘာသာရေးနှင့် သက်ဆိုင်သော အရာများကို ပြစ်မှားစော်ကားခြင်း၊ ပရလောကသားများနှင့် ဆက်စပ်မှုရှိသောအရာများကို မသုံးစွဲသင့်ပဲ သုံးစွဲခြင်းကြောင့် အန္တရာယ်ဖြစ်ခြင်းမျိုးကတော့ စိတ်၏လှည့်စားခြင်းကြောင့် မဟုတ်ပဲ၊ သဘာဝလွန်ဖြစ်ရပ်များကြောင့် အန္တရယ်နှင့် တွေ့ကြရခြင်း ဖြစ်ပေသည်။

ယခု အိုက်စပင် ကြုံတွေ့နေရသော အဖြစ်များမှာ ပရလောကသားများနှင့် ပတ်သက်သည့် မပြုလုပ်သင့်သော ကိစ္စများကို ပြုလုပ်မိခြင်းကြောင့် အန္တရာယ်များနှင့် ကြုံတွေ့နေရခြင်း ဖြစ်ပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော်က စားသောက်ရင်းနှင့် ဝိညာဉ်ပူးကပ်ခံရသော မှတ်တမ်းများကို လေ့လာနေစဉ် အိမ်ရှေ့မှ





ဘဲလ်တီးသံ ကြားရသဖြင့် ထသွားပြီး တံခါးဖွင့်ကြည့်လိုက်သည်။

အပြင်ဘက်၌ ခင်မြတ်ဆွေကို တွေ့ရသဖြင့် တံခါးဖွင့်ပေးလိုက်သည်။ သူမကဧည့်ခန်းတွင် နေရာပေးပြီး လာရင်းကိစ္စကိုမေးရသည်။

"ဘယ်က လှည့်ဝင်လာတာလဲ"

"ကျွန်မအသင်းတိုက် ရောက်ခဲ့သေးတယ်၊ ကိုမင်းထင်ကျော် အိမ်မှာပဲ ရှိမယ်ဆိုတာနဲ့ ဒီကိုလိုက်လာတာပါ"

"ကိစ္စရှိလို့လား"

"ကျွန်မ ကိုမင်းထင်ကျော်ကို ဟိုညက ကိစ္စအတွက် တောင်းပန်ချင်လို့လာတာပါ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်ရင်း. .

"ဒီကိစ္စအတွက်တော့ တောင်းပန်စရာ မလိုပါဘူးဗျာ၊ မြန်မာစကားပုံလိုပေါ့၊ ဌက်မသိတော့ ဆက်ရက်ကိုချိုးထင် ချက်မသိတော့ သမက်ကိုသူခိုးထင် ဆိုတာမျိုး ဖြစ်ကြတာပါ၊ ဒီအတွက်ကျွန်တော်ကတောင် စိတ်မကောင်းဖြစ်နေတာပါ"

ဟု ရယ်မောပြီး ပြောသည်။

"ကိုမင်းထင်ကျော်ထင်သလို မဟုတ်ပါဘူး၊ ပက်ထရစ်နဲ့ ကျွန်မက ဘာမှဖြစ်ကြသေးတာမဟုတ်ပါဘူး"

"ဒီလိုဆိုရင်တော့ ကျွန်တော်တောင်းပန်ပါတယ်"

"သူက ကျွန်မအချစ်ကိုရဖို့ ကြိုးစားနေတာပါ၊ ကျွန်မက ဘာသာလည်းမတူ၊ အယူဝါဒလည်းမတူတဲ့သူကို စိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ သူတို့က မိန်းကလေးတစ်ယောက်နဲ့ နီးစပ်မှုရတာနဲ့ ပွဲ့ဖက်နမ်းတာအပြင် လွတ်လွတ်လပ်လပ်တွေဖို့ ကြိုးစားကြမယ်၊ အဲဒီမိန်းကလေးနဲ့ အတည်တကျလက်ထပ်ပြီး ဘဝတလျှောက်လုံး လက်တွဲသွားဖို့တော့ စိတ်ကူးမရှိကြဘူး၊ ကျွန်မက နိုင်ငံခြားတိုင်းပြည်မှာ နေရပေမယ့် မြန်မာမိန်းကလေးတစ်ယောက်ပါ၊ ဘဝအတွက် လက်တွဲဖော်ရွေးတဲ့နေရာမှာလည်း ဘယ်တော့မှ ဒီလိုမျိုးရွေးဖို့ စိတ်ကူးမရှိပါဘူး"

ခင်မြတ်ဆွေက တည်တည်ငြိမ်ငြိမ်နှင့် ပြောနေသဖြင့် ဒေါက်တာမင်းထင်ကျော်ကလည်း အလေးအနက်ထားပြီး နားထောင်သည်။

"သူကတော့ တွေ့ခဲ့ဖူးတဲ့ မိန်းကလေးတွေလိုပဲ အလွယ်တကူရမယ်ထင်လို့ ကြိုးစားနေတာပါ၊ ကိုမင်းထင်ကျော်နဲ့ မမျှော်လင့်ပဲ တွေ့သွားတာကိုက တစ်မျိုးထင်စရာဖြစ်သွားခဲ့တာပါ"

"ကျွန်တော်က ခင်မြတ်ဆွေအပေါ်မှာ တစ်မျိုးမထင်မိပါဘူး၊ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ ဘဝကို တန်ဖိုးထားတတ်တဲ့ စိတ်မျိုးရှိတာကိုပဲ လေးစားမိပါတယ်"

ထိုစကားကြားတော့မှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဘာမှအရေးမကြီးတဲ့ကိစ္စနဲ့ ကိုမင်းထင်ကျော်ကို အနှောက်အယှက် ပေးမိတာကို ဖေဖေနဲ့မေမေတို့ကပါ စိတ်မကောင်းဖြစ်နေကြတယ်"





"စိတ်မကောင်းဖြစ်စရာ မရှိပါဘူး၊ ကျွန်တော်ကတော့ ခင်မြတ်ဆွေ မိသားစုနဲ့ တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်၊ ဒါထက် ဒီမှာ အမြဲနေကြမှာလား"

ဟုမေးလိုက်သည်။

"ကျွန်မက ပညာတော်သင်ဘဝနဲ့နေတာ၊ မိသားစုက ကျွန်မဒီမှာ ရှိနေသမျှ လိုက်နေကြပြီး ကျွန်မပြန်ရင် ပြန်ကြမှာပါ၊ ကိုမင်းထင်ကျော်ကရော"

"ကျွန်တော်လည်း ဒီမှာအမြဲမနေပါဘူး၊ လေ့လာသင်ယူတဲ့ကိစ္စတွေ ပြည့်စုံရင်တော့ မြန်မာပါ၊ ဒီမှာ ကိုယ့်တိုင်းပြည်က လူတွေနဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ အချိန်ရရင် လာခဲ့ပါဦးမယ်"

သူမက ခေါင်းညိတ်ပြသည်။

"အချိန်ရရင် အပြင်ထွက်ပြီး တစ်ခုခုစားသောက်ကြရင် မကောင်းဘူးလား၊ ကျွန်တော်တစ်ခုခုကျွေးပါရစေ"

ဟုခွင့်တောင်းသောအခါ ထပ်မံခေါင်းညိတ်ပြသဖြင့် အဝတ်အစားလဲပြီးနောက် နှစ်ယောက်သားအပြင်သို့ ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

# မိစ္ဆာမျက်နှာဖုံးနှင့် ဂဏဲ့စားချေသောသူ

**အ**ချိန်မှာ ညဦးပိုင်းအချိန် ကျော်လွန်လာပြီး ညဉ့်နက်ပိုင်းအချိန်သို့ပင် ရောက်ခဲ့ပေပြီ။

ယခုကဲ့သို့သောအချိန်မျိုး ရောက်လာလျှင် နာနာဘာဝ တောအုပ်ရှိသော လမ်းဘက်သို့ အကြောင်းကိစ္စ အရေးတကြီး မရှိဘဲ အသွားအလာ မလုပ်ကြတော့ပေ။

ထိုအချိန်ရောက်လျှင် ကားလမ်းတစ်လျှောက်မှာ အုံ့



www.burmeseclassic.com

www.burmeseclassic.com



သွားအလာကင်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။

ကတ္တရာများခင်းထားသော ထိုလမ်းမှာ အမှောင်ရိပ်ထဲတွင် ငြိမ်သက်နေသော မြွေတစ်ကောင်ကဲ့သို့ ရှိနေတတ်သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့မှ ထိုလမ်းပေါ်တွင် ကားတစ်စင်းမောင်းလာသည်။ အရှိန်ဖြင့် မောင်းလာသော ထိုကားသည် နာနာဘာဝတောအုပ်ကို ကျော်လွန်လာပြီးနောက် ဒရက်ကူလာစံအိမ်ရှေ့သို့ ရောက်သောအခါ ရပ်တံ့သွားလေသည်။

ကားရပ်ပြီးနောက် ကားပေါ်မှ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော လူတစ်ယောက်ဆင်းလာပြီး အိမ်ကြီးအတွင်းသို့ဝင်သွားလေသည်။

အိမ်ကြီးအတွင်းမှာတော့ ထုံးစံအတိုင်း အိုင်ဗင်တစ်ယောက်တည်းသာ ရှိနေသည်။

တစ်ယောက်တည်း ငိုက်မြည်းနေသော အိုင်ဗင်မှာ အချိန်မတော်ရောက်လာသော ကားသံကြောင့် အံ့သြသွားလေသည်။

နောက်တော့ သူရှိသောနေရာသို့ လူတစ်ယောက် ဝင်လာလေသည်။ တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားသဖြင့် မျက်နှာတော့ မမြင်ရပေ။

"အချိန်မတော်မှရောက်လာတဲ့ ဧည့်သည်ပါလား၊ ငါက ဒီလိုအချိန်မျိုးမှာ လူတွေနဲ့သိပ်မတွေ့ချင်ဘူး၊ နာနာဘာဝတွေနဲ့ပဲ





တွေ့ချင်တာ"

"ခင်ဗျားမတွေ့ချင်လည်း ကျုပ်ကတော့ တွေ့ရမှာပဲ"

ဟုပြောပြီး ဦးခေါင်းပေါ်မှ ခြုံထားသော အဝတ်နက်ကြီးကို ဖယ်ချလိုက်သည်။ ထိုအခါ သရဲသဘက်တစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းသော မျက်နှာကြီးက ပေါ်လာလေသည်။

အိုင်ဗင်မှာ ပထမတော့ အံ့သြသွားလေသည်။

သူသည် သရဲမျက်နှာဖုံးများ ပြုလုပ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေရုံမကပဲ ညစဉ်ညတိုင်း သရဲသဘက်များနှင့် တွေ့မြင်နေရသောကြောင့် ကြောက်ရွံ့ခြင်းတော့ မဖြစ်မိပေ။

သူသည် သီဝေစပြုနေပြီဖြစ်သော မျက်လုံးဖြင့် ရှေ့မှာရပ်နေသူကို အတော်ကြာအောင် ကြည့်နေပြီးမှ တဖြည်းဖြည်းနှင့် မှတ်မိသွားဟန်ရှိသည်။

"အော်. . ငါ မှတ်မိပြီ၊ သရဲပွဲတော်မတိုင်ခင်က ငါ့ဆီလာပြီး ထူးထူးခြားခြား သရဲမျက်နှာဖုံးလာဝယ်သွားတဲ့သူ မဟုတ်လား၊ မင်းတို့အချင်းချင်းပြိုင်ကြတာ မင်းနိုင်ခဲ့တယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"နေစမ်းပါဦး၊ သရဲပွဲတော် ပြီးသွားတာတောင် မင်းက ဒီမျက်နှာဖုံးကြီး တပ်ထားတုန်းပဲလား"

"အဲဒီအကြောင်းတွေပြောဖို့ လာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ပြောပါဦး"

ထိုအခါ အိုက်စမင်က သရဲမျက်နှာဖုံးနှင့် ပတ်သက်ပြီး ကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြန်ပြောပြလေသည်။

သရဲပွဲတော်မတိုင်ခင်ရက်က သားသတ်ရုံမှာ အလုပ်လုပ်ကြသည့် အလုပ်သမားအချင်းချင်း လောင်းအစား ပြုလုပ်ကြသည်။ သရဲပွဲတော်ရက်တွင် ကြောက်စရာအကောင်းဆုံး သရဲမျက်နှာဖုံးတပ်ဆင်ပြီး ခြောက်လှန့်နိုင်သူကို ကျန်သူများက တစ်လစာ အလုပ်သမားလစာ ပေးရမည်ဟူသော လောင်းကြေး ထပ်ခဲ့ကြသည်။

ထိုအခါ အိုက်စမင်က အဘိုးကြီးအိုင်ဗင်ထံရောက်လာပြီး သရဲမျက်နှာဖုံးတစ်ခု ဝယ်ယူလေသည်။

အိုင်ဗင်က အတုပြုလုပ်ထားသော မျက်နှာဖုံး မဟုတ်ပဲ လူသေအလောင်းမှ ခွာယူထားသော အရေပြားဖြင့်ပြုလုပ်ထားသည့် မျက်နှာဖုံးတစ်ခုကို ပေးလိုက်လေသည်။

မျက်နှာဖုံးသာမကပဲ ဝတ်ဆင်ရမည့် အရေပြားများပါ တစ်ပါတည်းပေးလိုက်လေသည်။

အိုက်စမင်မှာ အခြားအလုပ်သမားတို့၏ လစာငွေများကို လိုချင်သောကြောင့် ထိုမျက်နှာဖုံးကိုယူလာခဲ့သော်လည်း ယူလာကတည်းက စိတ်ထဲမှာ အနှောက်အယှက်ဖြစ်နေခဲ့သည်။ သူ့အနားတွင် တစ်စုံတစ်ယောက် ရှိနေသကဲ့သို့ ထင်နေမိသည်။

သို့သော် အိုက်စမင်မှာကြောက်ရွံ့တတ်သူတစ်ယောက်





တော့ မဟုတ်ပေ။

သရဲပွဲတော်ရက်သို့ရောက်ပြီး ယှဉ်ပြိုင်ကြမည့်ရက်သို့ ရောက်သောအခါမှ မျက်နှာဖုံးဝတ်ရုံကို ဝတ်လိုက်သည်။ ထိုသို့ ဝတ်ဆင်လိုက်တော့မှ အနားမှာရပ်နေသော မကောင်းဆိုးဝါးကို မြင်ရတော့သည်။

မကောင်းဆိုးဝါး၏မျက်နှာမှာ သူစွပ်လိုက်သောသရဲ မျက်နှာဖုံးနှင့် များစွာတူပေသည်။

သရဲမျက်နှာဖုံးစွပ်သည်ကို များစွာကျေနပ်နေသော အမူအယာမျိုးဖြင့် မကောင်းဆိုးဝါးက ကြည့်နေသည်။

သို့သော် ဘာမှတော့မပြောပေ။

အိုက်စမင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ၊ သရဲမျက်နှာဖုံးစွပ်ပြီးသည်နှင့် မိတ်ဆွေများနှင့်ချိန်းထားသော နေရာသို့ သွားလေသည်။ မကောင်းဆိုးဝါးက နောက်မှပါလာလေသည်။

ချိန်းသည့်နေရာရောက်ပြီး တစ်ယောက်နှင့်တစ်ယောက်ခြောက်လှန့်ကြရာ ကျန်လေးယောက်ကကြာကြာ မပြိုင်နိုင်ကြတော့ပဲ အရှုံးပေးကာ ထိုနေရာမှ အလျင်အမြန် ထွက်သွားကြလေသည်။

ထိုသို့ထွက်သွားကြခြင်းမှာ အခြားကြောင့် မဟုတ်ပေ။ အိုက်စမင်နောက်တွင် ရပ်နေသော မကောင်းဆိုးဝါးကိုတွေ့ပြီး ခြောက်လန့်ကာ ထွက်ပြေးသွားကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်စမင်ကတော့ ကြာကြာမပြုံးနိုင်လိုက်ရပဲ လော်င်းကြေးငွေများရလာသောကြောင့် စိတ်ထဲမှ ပျော်ရွှင်နေလေသည်။ သို့သော် ထိုပျော်ရွှင်မှုက ကြာကြာမခံပေ။

အိမ်သို့ပြန်ရောက်ပြီး စွပ်ထားသောမျက်နှာဖုံးနှင့် ဝတ်ရုံကို ပြန်ချွတ်သောအခါ မရတော့ပေ။

ကော်စေးနှင့် ကပ်ထားသကဲ့သို့ မူလအရေပြားနှင့် တသားတည်းဖြစ်နေလေသည်။

"ဘာကြောင့် ချွတ်မရတာလဲ"

ချွတ်ရင်းနှင့် ဒေါသဖြစ်လာသဖြင့် အတင်းအဓမ္မ ဆွဲခွာရာ မူလအရေပြားများပါ ပါလာသောကြောင့် သွေးများထွက်လာသဖြင့် ရပ်လိုက်ရသည်။

ဒီအတိုင်း ချွတ်မရသောအခါ ဓား၊ ကပ်ကြေးများအသုံးပြု၍ ခွာချွတ်ကြည့်ပြန်သည်။ မထူးခြားပေ။

မိမိအသားများကို ဓား၊ ကတ်ကြေးတို့ဖြင့် လှီးဖြတ်နေသကဲ့သို့ဖြစ်ကာ အသားနီများလန်ထွက်ကာ မခံမရပ်နိုင်အောင်နာလာလေသည်။ တစ်ကိုယ်လုံး သွေးများကလည်း နီရဲနေလေသည်။

ဘယ်လိုကြိုးစား၍မှ မရမှန်းသိသောအခါမှ လက်လျော့ပြီး ထိုင်ချလိုက်သည်။

"ဒုက္ခပဲ ဒီအတိုင်းဆိုရင်တော့ ငါ အလုပ်လုပ်လို့ ရမှာမဟုတ်တော့ဘူး၊ လူတောထဲကိုလည်း သွားလို့သင့်မှာ မဟုတ်





တော့ဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ"

ထိုသို့တွေးတောနေစဉ် မကောင်းဆိုးဝါးပုံရိပ်က အနားသို့ရောက်လာလေသည်။

"မင်းက ငါ့အရေပြားကို စွပ်ထားတယ်၊ ငါမခွာရင် မင်းချွတ်လို့မရဘူး"

"ဒါကြီးနဲ့တော့ အမြင်သွားလို့ဘယ်ဖြစ်ပါ့မလဲ၊ ချွတ်ပေးပါ"

"ငါက ဝိညာဉ်ဘဝရောက်နေတယ်၊ ဝိညာဉ်ဆိုတာ မှီတွယ်စရာ ရုပ်ခန္ဓာမရှိဘူး၊ အခု မင်းက ငါ့အရေပြားကိုစွပ်ထားတော့ ငါ့ရဲ့ခန္ဓာဖြစ်သွားပြီပေါ့"

"ဒါဖြင့် ကျုပ်က တစ်သက်လုံး ဒီလိုဘဝနဲ့နေရမှာလား"

"မကောင်းဆိုးဝါးဘဝနဲ့ နေရတာလွတ်လပ်ပါတယ်၊ မင်းဒီဘဝကလွတ်ချင်ရင်တော့ ငါပြောတဲ့အတိုင်း လုပ်မှရတော့မယ်"

"ဘယ်လိုလုပ်ရမလဲ"

"မိန်းမတွေကိုသတ်ပြီး သူတို့ရဲ့သွေးတို့ကို ငါ့ရဲ့အရေပြားကို သုပ်ပေးရင်း တစ်နေ့ကျရင် သူ့ဘာသာကွာကျသွားလိမ့်မယ်"

ကိုယ်ပေါ်မှ အရေပြားကို ဖယ်ထုတ်ချင်သော်လည်း လူသတ်သောအလုပ်ကတော့ မလွယ်လှပေ။

"မင်းက သားသတ်သမားတစ်ယောက်ပဲ၊ သတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ရတာမခက်ခဲပါဘူး၊ ငါပြောတဲ့အတိုင်း မလုပ်ရင်တော့ လူစင်စစ်တနေ သရဲဘဝမျိုးနဲ့သာ တစ်သက်လုံး နေသွားပေတော့"

ထိုသို့ပြောတော့ အိုက်စမင်မှာ များစွာစိတ်ညစ်သွားသည်။ သို့သော် မတတ်နိုင်တော့ပေ။

သူ ပထမဆုံး ကျူးလွန်သော လူသတ်မှုမှာ မော့ဂ်လမ်းမှ လူသတ်မှုဖြစ်သည်။

အဓိကထားသော သားကောင်များမှာ မိန်းမများဖြစ်သောကြောင့် အလွယ်တကူသတ်ဖြတ်နိုင်သူများကို ရှာဖွေရသည်။

မော့ဂ်လမ်းမှ တိုက်တစ်လုံးတွင် နှစ်ယောက်တည်းနေသော သားအမိနှစ်ယောက်ကို တွေ့သဖြင့် သတ်ဖြတ်နိုင်ခဲ့သည်။ ဂျနီဖာလောရင်းနှင့် လက်စ်လောရင်းတို့ဖြစ်သည်။

ထိုနှစ်ယောက်ပြီးသောအခါ ရှဖီးမြို့ဘက်သွားသော အဝေးပြေးလမ်း၌ဖြစ်သည်။

ကားကို သစ်တောထဲသို့ သွင်းထားပြီး အခြေအနေစောင့်ကြည့်နေစဉ် အမျိုးသမီးနှစ်ယောက်တည်း မောင်းလာသောကားကိုတွေ့သဖြင့် တားပြီး တစ်ယောက်ကို သစ်တောထဲ၌ သတ်ဖြတ်ခဲ့သည်။

တစ်ယောက်ကတော့ ကံကောင်းထောက်မသဖြင့် သူ့လက်မှ လွတ်မြောက်သွားခဲ့သည်။

အသတ်ခံရသူမှာ မာဂရက်ဖြစ်ပြီး လွတ်မြောက်သွား





သူမှာ ရှယ်လီဖြစ်လေသည်။

ထိုလူသတ်မှုများဖြစ်ခဲ့ပြီးနောက် စုံထောက်နှင့် ပုလိပ်များက နေရာအနှံ့တွင် မျက်ခြေမပြတ် စောင့်ကြည့်နေကြသဖြင့် နောက်ထပ်အခွင့်အရေးမရခဲ့ပေ။

မိန်းမသုံးယောက်ကို သတ်ဖြတ်ပြီး တစ်ကိုယ်လုံးသွေးများဖြင့် သုတ်လိမ်းခဲ့ပြီးနောက်တွင် . . အနားမှာရှိနေသော မကောင်းဆိုးဝါးများက များစွာကျေနပ်နေဟန်ရှိလေသည်။

"ငါ မကြာခင်မှာ မင်းအနားက ခွာသွားတော့မယ်၊ ငါခွာသွားရင် မင်းကိုယ်မှာကပ်နေတဲ့ အရေပြားတွေလည်း သူ့အလိုအလျောက် ကွာကျသွားလိမ့်မယ်"

"ဒါပေမယ့် ပုလိပ်တွေက ကျုပ်နောက်ကို တကောက်ကောက်လိုက်နေကြတယ်ဗျ၊ မကြာခင်အဖမ်းခံရတော့မယ်"

"သူတို့မမြင်တဲ့နေရာမှာနေပေါ့"

"ဘယ်နေရာ နေရမှာလဲ"

"ငါနေတဲ့ နာနာဘာဝတောအုပ်ထဲမှာ အိမ်ဟောင်းကြီးတစ်လုံးရှိတယ်၊ အဲဒီမှာနေရင် မင်းကိုဘယ်သူမှမတွေ့တော့ဘူး"

"ဒါပေမယ့် အဲဒီတောအုပ်ကို တစ်ခါတစ်လေ လူတွေလာကြတယ်"

"ဒါများ ဘာခက်တာမှတ်လို့ သေတွင်းထဲရောက်လာတဲ့သားကောင်ကို ဖမ်းပြီး သတ်ပစ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် မြို့ထဲမှာတော့ အရင်လိုလွယ်လွယ်ကူကူ သတ်လို့မရတော့ဘူး"

"မြို့ထဲမှာ သတ်မရတော့လည်း တောထဲခေါ်လာပြီးမှ အေးအေးဆေးဆေး သတ်လို့ရတာပဲ"

မကောင်းဆိုးဝါးက ထိုသို့အကြံပေးသဖြင့် အိုက်စမင်လည်း ဌားထားသောအခန်းကိုပိတ်ပြီး နာနာဘာဝတောအုပ်အတွင်းမှ အိမ်ဟောင်းကြီးသို့ လာရောက်နေထိုင်လေသည်။

နောက်ပိုင်းတော့ လွတ်လွတ်လပ်လပ် သွားလာနေသောမိန်းမအချို့ကို ဖမ်းခေါ်လာပြီး အိမ်ပျက်ကြီးအတွင်းမှာ လှောင်ထားသည်။ နောက်မှ တစ်ယောက်ချင်း သတ်ဖြတ်လေသည်။

"အခုတော့ ကျုပ်ကိုယ်တိုင်က လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်ရတာကို သဘောကျနေပြီ၊ ကျုပ်ကိုယ်တိုင် မကောင်းဆိုးဝါးဖြစ်နေပြီ ထင်တယ်"

အိုက်စမင် ပြောပြနေသော အကြောင်းများကို အိုင်ဗင်က စိတ်ဝင်စားစွာ နားထောင်နေပြီးမှ မှတ်ချက်ချသည်။

"မကောင်းဆိုးဝါးဘဝ ရောက်သွားတော့လည်း ပိုကောင်းတာပေါ့ကွာ၊ လူတွေနဲ့နေရတာနဲ့စာရင် မကောင်းဆိုးဝါးတွေနဲ့နေရတာ ပိုကောင်းတာပေါ့"

"ဒါပေမယ့် ကျုပ်ကို ဒီဘဝရောက်အောင် လုပ်ခဲ့တဲ့ အမိကတရားခံက ခင်ဗျားပဲ၊ ဒီတော့ခင်ဗျားကိုလည်း မကောင်း





ဆိုးဝါးဘဝရောက်အောင် လုပ်ပေးရတော့မယ်"

ထိုစကားကြားတော့ အိုင်ဗင်မှာ မျက်လုံးပြူးသွားလေသည်။

"ခင်ဗျားကို အသက်ရှင်ရက်နဲ့ထားရင် ကျုပ်လိုပဲ မကောင်းဆိုးဝါးတွေ တိုးပွားလာလိမ့်မယ်၊ နောက်ပြီး ခင်ဗျားက ကျုပ်အကြောင်းတွေကို သိပြီးတဲ့သူဆိုတော့ အသက်ရှင်ခွင့်ပေးလို့မဖြစ်တော့ဘူး"

"မ. . မလုပ်ပါနဲ့ကွာ၊ ငါ့ကိုတော့ မသတ်ပါနဲ့"

ထိုသို့တောင်းပန်သော်လည်း မရတော့ပဲ အိုက်စမင်က အနားရောက်လာပြီး စားပွဲပေါ်မှ ဓားတစ်လက်ဖြင့် လည်ပင်းကိုဖောက်ကာ သတ်ပစ်လိုက်လေတော့သည်။

လူသူကင်းဝေးသော ဒရက်ကူလာစံအိမ်ဟု အမည်ပေးထားသည့် အိမ်ဟောင်းကြီးတစ်လုံးအတွင်းမှ အော်သံကိုတော့ မည်သူမှမကြားနိုင်တော့ပေ။

အိုင်ဗင်မှာ သူဖန်တီးပြုလုပ်သော မကောင်းမှုမိစ္ဆာများ သတ်ချက်ကြောင့်ပင် အသက်သေဆုံးခဲ့ရလေသည်။

မကောင်းဆိုးဝါးတစ်ပိုင်းဖြစ်နေသော အိုက်စမင်ကတော့ အိုင်ဗင်ကို သတ်ဖြတ်ပြီးနောက်တွင် ရေနံဆီလောင်း၍ အိမ်ကိုပါ မီးရှို့ပစ်လိုက်သည်။

ထိုကဲ့သို့ ပြုလုပ်ပြီးမှ ကားဖြင့်ပြန်ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ထိုနေရာသို့ ပုလိပ်များရောက်လာသောအခါ တစ်အိမ်လုံး ပြာကျနေလေပြီ။

ထိုအထဲတွင် မီးလောင်ကျွမ်းထားသောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် အလောင်းတစ်လောင်းသည်း တွေ့ကြရသည်။

ထိုအကြောင်းကို စုံထောက်ဂျက်ဖရီမှ တစ်ဆင့် ဒေါက်တာမင်းထင်ကျော်တို့သိသောအခါ ဤသို့မှတ်ချက်ချလေသည်။

"သရဲမျက်နှာဖုံးလုပ်နေတဲ့ အဖိုးကြီးကိုသတ်ပြီး လက်စဖျောက်ပုံကြည့်ရတာ ဓာတ်သိတစ်ယောက်ပဲ ဖြစ်မှာပါ။ အဖြစ်နိုင်ဆုံးကတော့ မိစ္ဆာဘဝရောက်နေတဲ့ သားသတ်သမား အိုက်စမင်ပဲဖြစ်ဖို့များတယ်"

ဂျက်ဖရီက ခေါင်းညိတ်ပြသည်။

"အခုတလော အခြေအနေတွေဘာထူးသေးသလဲ"

"လူသတ်မှုတွေတော့ မဖြစ်တော့ဘူး၊ ဒါပေမယ့် စခန်းမှာ လူပျောက်တိုင်ထားတာတော့ နှစ်ခုလောက် တွေ့ရတယ်၊ ပျောက်တာကလည်း မိန်းကလေးတွေချည်းပဲ"

"ဒီအတိုင်းဆိုရင်တော့ လူသတ်သမားက ဗျူဟာပြောင်းသွားပုံရတယ်၊ မြို့ထဲမှာသတ်တော့ အုတ်အော်သောင်းနင်းဖြစ်ပြီး လူသိတယ်၊ တစ်နေရာကို ဖမ်းခေါ်သွားပြီး အေးအေးဆေးဆေးသတ်တော့ ဘယ်သူမှ မသိတော့ဘူးပေါ့"

"ဒေါက်တာပြောပုံဆိုရင်တော့ အန္တရာယ်က အတော်





ကြီးနေပြီ၊ အမျိုးသမီးတွေအတွက်လည်း အတော်ကြောက်စရာ စိုးရိမ်စရာကောင်းနေပြီ"

"သူ့ကို အမြန်ဆုံးရှာရမှာပေါ့။ သိနိုင်မယ့်နည်းလမ်းလည်း ရှိပါတယ်"

"ဘယ်လိုနည်းလမ်းမျိုးလည်း ဒေါက်တာ"

ဂျက်ဖရီက စိတ်ဝင်စားစွာမေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြုလုပ်မည့် အစီအစဉ်ကို ပြောပြလိုက်လေသည်။

"စိတ်ဝင်စားစရာပဲ၊ အမှုဖော်ထုတ်ခဲ့တာများပြီ၊ ဒီလိုဖော်ထုတ်နည်းမျိုးတော့ မတွေ့ဖူးသေးဘူး"

"ဒါက အသစ်အဆန်းမဟုတ်ပါဘူး၊ ခင်ဗျားစိတ်ဝင်စားရင် တစ်ခါတည်း လိုက်ခဲ့ပေါ့"


"ဘယ်အချိန်သွားမှာလည်းဒေါက်တာ"

"သူနဲ့ ညဉ့်နက်ပိုင်းမှာတွေ့ဖို့ ချိန်းထားတယ်၊ အဲဒီအချိန်ရောက်မှ သွားကြတာပေါ့"

ထိုသို့ပြောဆိုပြီး လူချင်းခွဲလိုက်ကြလေသည်။



www.burmeseclassic.com



www.burmeseclassic.com





## အခန်း(၁၄)

# မှော်ပညာရှင်နှင့် သေသူ့ဝိညာဉ်

**မှော်**ပညာရှင်ဟု အမည်ခံထားသော ဂျင်းဒစ်ဆင်မှာ အသက်-၄၀ကျော် အရွယ်ခန့်သာရှိသည့် အာဖရိကတိုက်သားတစ်ဦးဖြစ်သည်။ ဝိညာဉ်များနှင့် ပတ်သက်လျှင် ကျွမ်းကျင်သည်ဟုနာမည်ကြီးနေသော ဂျင်းဒစ်ဆင်မှာ အောက်လမ်းပညာများ တတ်ကျွမ်းသူဖြစ်သည်။

အချို့ကလည်း ၎င်းကို 'အောက်လမ်းဆရာ' ဒါမှမဟုတ် 'နတ်ဝင်သည်'ဟုပင် ခေါ်ဝေါ်ကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဒစ်ဆင်နေထိုင်သောနေရာမှာ မြို့လည်တစ်နေရာ၌ဖြစ်ပြီး သုံးထပ်တိုက်ကြီးတစ်တိုက်၏ ပထမထပ်၌ ဖြစ်သည်။ ထိုအခန်းထဲတွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပြုလုပ်ထားသော ရုပ်ထုများ၊ မှော်ပညာနှင့် သက်ဆိုင်သော ပစ္စည်းကိရိယာများဖြင့် ပြည့်နေလေသည်။ ၎င်းနေထိုင်သောကုလားထိုင်ရှေ့ရှိ စားပွဲပေါ်တွင် ကြီးမားသောဖန်လုံးကြီးတစ်လုံး တင်ထားပြီး 'ဒိဗ္ဗစက္ခုမျက်လုံး'ဟု အမည်ပေးထားသည်။

ကြိုတင်ချိန်းထားသောကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် ဂျစ်ဖရီတို့ ရောက်သွားသောအချိန်တွင် ဂျင်းဒစ်ဆင်နှင့် အဆင်သင့်ပင် တွေ့ရသည်။ အချိန်က ညဦးပိုင်းအချိန်ရောက်နေပြီဖြစ်သောကြောင့် အခြားဧည့်သည်များ မရှိတော့ပေ။

ဂျင်းဒစ်ဆင်က လုပ်ငန်းသဘောချင်း ဆက်စပ်မှုရှိကြသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် သိကျွမ်းနေသည်။

၎င်းတို့နှစ်ယောက် ရောက်သွားတော့ နေရာထိုင်ခင်းပေးပြီး လာရင်းကိစ္စကို မေးလေသည်။

"ဘာကိစ္စရှိသလဲ၊ ကျွန်တော်ဘာအကူအညီပေးရမလဲ"

"အရေးကြီးတဲ့ အမှုတစ်ခုအတွက် သေသွားတဲ့ ဝိညာဉ်ကို ခေါ်ချင်တယ်၊ ခင်ဗျား အကူအညီပေးပါ"

ဒေါက်တာမင်းထင်ကျော်က မိစ္ဆာပူးကပ်နေသော လူသတ်သမားအကြောင်းကို အကျဉ်းချုပ်ကာ ပြောပြလိုက်သည်။





"ကောင်းပြီလေ၊ ဘယ်သူ့ဝိညာဉ်ကို ခေါ်ပေးစေချင်တာလဲ"

"မော်ဂလမ်းမှာ နှစ်လောင်းပြိုင် အသတ်ခံရတဲ့ သားအမိနှစ်ယောက်ရဲ့ဝိညာဉ်ကို ခေါ်ပေးစေချင်တယ်"

"သတင်းကြားရတာတော့ စိတ်မကောင်းစရာပါပဲ၊ သူတို့ဝိညာဉ်နဲ့ တွေ့မယ်ဆိုရင် ဒီနေရာကခေါ်တာထက် သူတို့နေတဲ့နေရာမှာသွားတွေ့ရတာ ပိုမြန်နိုင်တယ်၊ သေတဲ့သူတွေက နေရာဟောင်းကို စွဲလန်းမှုရှိကြတယ်"

"ဒါဖြင့် မော်ဂလမ်းကအိမ်ကိုပဲ သွားကြမယ်"

ထိုသို့ပြောပြီး သုံးယောက်သား ကားဖြင့် မော်ဂလမ်းသို့ ထွက်ခဲ့ကြသည်။

အချိန်မှာ ညဦးပိုင်းအချိန်သာရှိသေးသော်လည်း လူသွားလူလာမရှိသလောက် ရှင်းလင်းနေသည်။ မကြာသေးခင်ကမှ နှစ်လောင်းပြိုင် အသတ်ခံထားရသဖြင့် ညအချိန်ရောက်လျှင် အသွားအလာမလုပ်ကြတော့ခြင်းလည်း ဖြစ်ပေလိမ့်မည်။

ထိုအိမ်ရောက်တော့ ဂျက်ဖရီက အသင့်ပါလာသော သော့ဖြင့် သော့ဖွင့်ကာ အတွင်းသို့ဝင်ကြသည်။

"မီးဖွင့်ဖို့ လိုမလား"

"မဖွင့်ပါနဲ့၊ ဝိညာဉ်တွေက အလင်းရောင်မကြိုက်ဘူး"

ထိုသို့ပြောသဖြင့် လက်နှိပ်မီးများကို အသုံးပြုကာ အပေါ်ထပ်သို့တက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူမရှိသော အိမ်ကြီးမှာ မီးရောင်မရှိသဖြင့် မှောင်မည်းနေပြီး အသည်းငယ်တတ်သူဖြစ်ပါက ကြောက်စရာကောင်းသောအနေအထားမျိုး ဖြစ်သည်။"

၎င်းတို့ လှေခါးမှတက်လာလျှင် အပေါ်ထပ်မှ ရပ်ကြည့်နေသော အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ကို အမှောင်ထဲ၌ ထင်ရှားစွာပင် လှမ်းမြင်ကြရသည်။

ထိုပုံရိပ်ကိုမြင်တော့ ဂျင်းဒစ်ဆင်က တိုးတိုးကပ်ပြောသည်။

"ကျွန်တော်ပြောတယ်မဟုတ်လား၊ ဝိညာဉ်တွေက နေရာဟောင်းတွေကိုပဲ စွဲလမ်းကြတယ်လို့ အခု သူ ဒီမှာရှိနေသေးတယ်"

ဒေါက်တာမင်းထင်ကျော်တို့ အပေါ်ထပ်ကို ရောက်ကာနီးတော့ ရပ်နေသောပုံရိပ်သဏ္ဍာန်က နောက်သို့ လှည့်သွားလေသည်။

လှေခါးအပေါ်ထပ်ရောက်၍ ကြည့်လိုက်တော့ စကြံန်လမ်းအတိုင်း တရွေ့ရွေ့နှင့်လျှောက်သွားသော ဝိညာဉ်ပုံရိပ်မှာ အခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

သို့ကြောင့် ထိုအခန်းရှိရာသို့ လျှောက်သွားကြသည်။ ထိုအခန်းမှာ လက်စ်လောရင့် အသတ်ခံရသောအခန်းဖြစ်ပြီး တံခါးကို စေ့ရုံသာစေ့ထားသဖြင့် တွန်းဖွင့်လိုက်သည်။





အခန်းတွင်းရောက်တော့ ထူးထူးခြားခြား ဘာမှမတွေ့ရတော့ပေ။

"သူ ဒီအခန်းထဲမှာပဲရှိနေသေးတယ်၊ ခင်ဗျားတို့ တစ်နေရာမှာ ထိုင်နေပါ။ ကျွန်တော် သူ့ကိုခေါ်ပြီး မေးမြန်းပေးပါ့မယ်၊ အဓိက ဘယ်လိုအကြောင်းအရာကို သိချင်တာလဲ"

ဂျက်ဖရီက သိလိုသောအကြောင်းများကို ပြောပြပြီးနောက် ဒေါက်တာမင်းထင်ကျော်နှင့်အတူ အခန်းတစ်နေရာမှာ ထိုင်နေကြသည်။

ဂျင်းဒစ်ဆင်ကတော့ အမှောင်ထဲမှာပင် အသံမြည်သော ဗုံငယ်တစ်လုံးကို တုတ်တံဖြင့် ခေါက်ကာဂါထာမန္တာန်များ ရွတ်ဆိုကာ ဝိညာဉ်ခေါ်နေသည်။၎င်းရွတ်ဆိုသောဂါထာ မန္တာန်တို့မှာ အာဖရိကဘာသာဖြင့် ရွတ်ဆိုနေခြင်း ဖြစ်ပေသည်။

သေခဲ့ပြီးသော လူတစ်ယောက်၏ ကျန်ခဲ့သောဝိညာဉ်ကို ခေါ်ယူဆက်သွယ်သော အဖြစ်အပျက်များမှာ ရှေးကတည်းက ရှိခဲ့လေသည်။

သေသူ၏ဝိညာဉ်က အသက်ရှိသူတစ်စုံတစ်ဦးမျှ မသိသေးသော သတင်းအချက်အလက်များကို တစ်ခါတစ်ရံပေးတတ်သည်ဟူသော အချက်မှာ အထောက်အထားရှိကြောင်း တွေ့ရသည်။

ထင်ရှားသည့် ဖြစ်ရပ်တစ်ခုကို ဖော်ပြပါမည်။

၁၉၂၁-ခုနှစ်ကအင်္ဂလန်ပြည်တွင် လယ်သမားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ချပ်ဖင် ကွယ်လွန်ခဲ့ရာ သူ၏သေတမ်းစာတွင် သူ့အမွေအနှစ် တော်တော်များများကို သားငယ်လေးယောက်အနက် တတိယမြောက်သားကိုပေးရန် သေတမ်းသာရေးခဲ့၏။

၁၉၂၅-ခုနှစ်တွင် အမွေများများမရသူ သားသုံးယောက်အနက် တစ်ဦးသည် ဖခင်အား အိပ်မက်မက်၏။

ယင်းအိပ်မက်ထဲတွင် ဖခင်ချပ်ဖင်သည် ကုတ်အကျႌဟောင်းတစ်ထည်ကို ဝတ်ဆင်ထားပြီး 'ကုတ်အကျႌအိတ်ထဲတွင် ငါ၏သေတမ်းစာအသစ်ရှိသည်'ဟု ပြော၏။

နောက်တစ်နေ့တွင် ရှာဖွေသောအခါ ယင်းကုတ်အကျႌအဟောင်းကိုတွေ့၍ ထပ်မံ၍ ချုပ်ရိုးများဖြေပြီးစစ်ဆေးကြည့်ရာ ကုတ်အကျႌအတွင်းသားတွင် ထည့်သွင်းထားသော သေတမ်းစာအသစ်ကိုတွေ့ရ၏။

ယင်းသေတမ်းစာမှာ ဖခင်ကိုယ်တိုင် လက်ရေးနှင့်ရေးသားထားသောကြောင့်တရားဝင်ပေသည်။

ဤဖြစ်ရပ်နှင့် ပတ်သက်၍ ရှင်းလင်းချက်သုံးမျိုး ပေါ်ထွက်လာသည်။

(က) ဖခင်၏ ဝိညာဉ်သည် သေပြီးသည့်နောက် အခြားဘဝသို့ ကူးပြောင်းခြင်းမရှိဘဲ၊ သားဖြစ်သူကို အိပ်မက်ပေးသည်။

(ခ) သေတမ်းစာကို ကုတ်အကျႌထဲတွင် ထည့်ချုပ်ထားကြောင်း အမြင်အာရုံပေါက်၍ သိသည်။

(ဂ) သားဖြစ်သူသည် သေတမ်းစာအသစ်ကို ကုတ်အကျႌထဲတွင်ထည့်ချုပ်ထားမှန်းသိလျက်နှင့် အတန်ကြာအောင် မျိုသိပ်ဖုံးဖိထားပြီးမှ လူအများစိတ်ဝင်စားစေရန် အိပ်မက်တွင် မြင်မက်ကြောင်း ပြောဆိုသည်ဟူ၍ ဖြစ်၏။





ဝိညာဉ်ပူးကပ်ခြင်းဆိုသည်မှာ နတ်ဝင်သည်ကဲ့သို့ ပုဂ္ဂိုလ်များက သေဆုံးသူတို့၏ဝိညာဉ်နှင့် စကားပြောဆို ဆက်သွယ်နိုင်ကြသည်ဟူသော အယူအဆဖြစ်သည်။

ယင်းကို စံနစ်တကျလေ့လာရန်အတွက် သေဆုံးသူနှင့် ဆွေမျိုးနီးစပ်သူများအစား ကြားနေပုဂ္ဂိုလ်တစ်ဦးထား၍ မေးမြန်းမှသာ မမှိုင်းဒွန်ကျသော အဖြေများ ရရှိနိုင်မည်ဟု အခြေခံယူဆထားသည်။

ထို့ကြောင့် စမ်းသပ်သူက ကြားခံပုဂ္ဂိုလ်မှတစ်ဆင့် ဝိညာဉ်ပူးကပ်သူနှင့် တွေ့ဆုံ၍ သတင်းအချက်အလက်တို့ကို ကောက်ယူ၏။

ထို့နောက် စမ်းသပ်သူက သတင်းအချက်အလက်တို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်ထံ ပေးပြီးနောက် သင်္ကေတများအဖြစ် ပြောင်းလဲကာ မှန်မမှန် စာရင်းအင်းနည်းဖြင့် စစ်ဆေးကြည့်၏။

ခေတ်သစ်သုတေသနများတွင် ကြားခံပုဂ္ဂိုလ်တစ်ဦးတည်းက ဝိညာဉ်ပေါင်းများစွာထံမှ ရရှိသည်ဆိုသော "ဝိညာဉ်ကူးကပ်သူ"၏ ပြောကြားချက်များကို မှတ်သားကာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ စမ်းသပ်သူမှတစ်ဆင့် ပေးပို့ခြင်းကြောင့် ထိန်းချုပ်မှု ပြတ်သားကောင်းမွန်သည်ဟု ဆိုနိုင်သည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးလေ့လာမှုများတွင်မူ ကြားခံပုဂ္ဂိုလ်ကို မသုံးစွဲခဲ့သော်လည်း ရလာဒ်တို့မှာမူ အံ့သြဖွယ်ကောင်းလောက်အောင် ခိုင်လုံကြောင်းတွေ့ရပေသည်။

ဥပမာ. . .

၁၉၃၅ခုနှစ်လောက်က သောမတ်ဆိုသူသည် လူစိမ်းတစ်ဦးထံမှ စာတစ်စောင်ရခဲ့သည်။

ယင်းစာတွင်မကြာမီက သေဆုံးခဲ့သောသောမတ်၏ မြေးတော်စပ်သူဘော်ဘီ၏ ဝိညာဉ်နှင့် ဆက်သွယ်ပါဟု တိုက်တွန်းထား၏။

သောမတ်သည် ဝိညာဉ်ပူးကပ်သူမှတစ်ဆင့် မြေးဖြစ်သူ၏ ဝိညာဉ်နှင့် ၁၁ကြိမ်တိုင်တိုင်တွေ့ဆုံခဲ့သည်။ သို့တွေ့ဆုံခြင်းဖြင့် ကွယ်လွန်သူ၏ ကလေးကစားစရာများ၊ အပြုအမူ စရိုက်လက္ခဏာများနှင့် ပတ်သက်သည့်အကြောင်းအရာတို့မှာ မှန်ကန်ကြောင်း တွေ့ရသည်။

သို့သော် ဤဖြစ်ရပ်တွင် ကြားခံပုဂ္ဂိုလ်မရှိဘဲ ဝိညာဉ်ပူးကပ်သူနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့ တိုက်ရိုက်တွေ့ဆုံသည်ဖြစ်ရာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ အမူအရာကို ကြည့်၍လည်း ဝိညာဉ်ပူးကပ်သူအဖို့ အခြေအနေနှင့်လိုက်လျောညီထွေသော အဖြေများကို ပေးနိုင်ဖွယ်ရာသည်ဟု ဝေဖန်သူတို့က ဆိုခဲ့ကြသည်။

ဤတွင် စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ချက်





ကား သက်ရှိထင်ရှား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မသိသေးသောအချက်တစ်ချက်ကို သိလာရခြင်း ဖြစ်သည်။

အဘိုးဖြစ်သူက ဘော်ဘီဘာကြောင့် သေဆုံးရ သနည်းဟု ဝိညာဉ်ပူးကပ်သူကို မေးရာ တောင်ကုန်းတစ်ခုအနီးရှိ ရေပိုက်မှရေကို သောက်မိ၍ အဆိပ်သင့်ပြီး သေဆုံးရသည်ဟု ဝိညာဉ်ကဖြေ၏။

ထို့ကြောင့် အနီးတစ်ဝိုက်ရှိ နေရာများကို စုံစမ်းရှာဖွေသောအခါ ဝိညာဉ်ပူးကပ်သူပြောဆိုသည့် အချက်တို့နှင့် ကိုက်ညီသော တောင်ကုန်းတစ်ခုကို တွေ့ရ၏။

ထိုနေရာတွင် စမ်းချောင်းမှရေကို သွယ်ယူထားသော ရေပိုက်လိုင်းများလည်း ရှိပေသည်။

ဘော်ဘီ၏သူငယ်ချင်းများကလည်း ထိုနေရာတစ်ဝိုက်တွင် ဘော်ဘီနှင့်အတူ မိမိတို့ကစားလေ့ရှိကြောင်း ပြောကြ၏။

ဤတွင်အဘိုးဖြစ်သူသည် ရေပိုက်မှရေကိုနမူနာယူ၍ ကျန်းမာရေးအရာရှိတို့ထံ ပေးပို့စစ်ဆေးကြည့်ရာ ထိုရေတွင်ရောဂါပိုးများ ပေါက်ပွားနေ၍ သောက်သုံးရန်မသင့်ကြောင်း တွေ့ရ၏။

ထိုဖြစ်ရပ်တွင် အဘိုးဖြစ်သူသိသောအချက် (ဘော်ဘီသေဆုံးသည့်အချက်)အဘိုးဖြစ်သူ မသိသော်လည်းဘော်ဘီ၏သူငယ်ချင်းများသိသောအချက် (ဘော်ဘီကစားသည့်တောင်ကုန်းနေရာနှင့် စမ်းရေအိုင်များ)နှင့် မည်သူမျှမသိသောအ



www.burmeseclassic.com

www.burmeseclassic.com



ချက်(စမ်းရေအိုင်မှသွယ်ယူထားသော ရေတွင်အဆိုပ်ဖြစ်ပိုးမွှားများ ရှိနေခြင်း)တို့ ပေါင်းစပ်ပါဝင်နေလေသည်။

ဤဖြစ်ရပ်ကို ဝေးနေစိတ်ချင်း ဆက်သွယ်မှုဟုလည်းကောင်း၊ အမြင်ပေါ်ပေါက်ခြင်းဟုလည်းကောင်း၊ ခေါ်နိုင်သကဲ့သို့ တိုက်ဆိုင်မှုတစ်ခုသာဟုလည်း ယူဆနိုင်၏။

သို့သော်သောမတ်ကမူ ဘော်ဘီဝိညာဉ်၏ ပြောပြချက်တို့ကို ကွယ်လွန်ပြီးဖြစ်သော ဖခင်နှင့်အစ်မတို့၏ ဝိညာဉ်များက ဝိညာဉ်ပူးကပ်သူမှ တစ်ဆင့် မိမိအား အသိပေးခြင်းဖြစ်နိုင်သည်ဟု ယုံကြည်ကြောင်းတွေ့ရသည်။

" စိတ်စွမ်းအင် သုတေသနအသင်းကြီးမှ ထင်ရှားသောအသင်းဝင်တစ်ဦး၊ ကွယ်လွန်ပြီးနောက် အချိန်အနည်းငယ်ကြာလျှင် အိန္ဒိယ၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံအသီးသီးတွင် ရှိနေကြသော ဝိညာဉ်ပူးကပ်သူများထံ ကွယ်လွန်သူတို့က ပူးကပ်ဝင်ရောက်ပြီး စာရေးသားပြခြင်း၊ အမှာစကားပြောကြားခြင်းတို့ ပြုလုပ်ကြောင်း အထောက်အထားများစွာရှိခဲ့သည်။

တစ်ခါတစ်ရံ ဝိညာဉ်တစ်ခုတည်းကပင် နှစ်နေရာသုံးနေရာတို့၌ ပူးကပ်၍ အမှာစကားများ ပြောကြားခဲ့ကြောင်းတွေ့ရ၏။

အချို့ဝေဖန်သူများကမူ ယင်းဖြစ်ရပ်တို့မှာ တိုက်ဆိုင်မှုကြောင့်လည်းကောင်း၊ အမြင်ပေါက်ခြင်း၊ ဝေးနေစိတ်ချင်းဆက်သွယ်မှုတို့ကြောင့်လည်းကောင်း ဖြစ်နိုင်သည်ဟုဆိုကြသည်။





လူသေပြီးနောက်တွင် ဝိညာဉ်များရှင်သန်လှုပ်ရှားမှုရှိနေသည်ဟူသော အချက်နှင့်ပတ်သက်၍ လူမှုရေးပညာရှင်ဟတ်(၁၉၅၆)စုဆောင်းတင်ပြသော စာရင်းဇယားတို့မှာလည်း စိတ်ဝင်စားဖွယ်ကောင်း၏။

တွေ့မြင်ရသူတို့အား ထိုသူတို့မသိသေးသည့် အကြောင်းရပ်များကို ဝိညာဉ်တို့က ပြောဆိုသွားကြောင်းကိုလည်း မကြာခဏကြားသိရ၏။

တစ်ခါတစ်ရံတွင် အခြားဝေးရပ်နေ သက်ရှိထင်ရှားပုဂ္ဂိုလ်များ၏ ဝိညာဉ်တို့ကိုလည်း တွေ့မြင်ကြရသည်ဟု ဆိုသူတို့ကဆိုကြပြန်သည်။

တစ်ခါတစ်ရံတွင် သေဆုံးသူ၏ဝိညာဉ်ကို တွေ့ခဲ့ရသည်၊ စကားပြောဆိုခဲ့ရသည် စသောပြောဆိုချက်များလည်း ရှိတတ်၏။

ဟတ်သည် ဤသို့သောဖြစ်ရပ်ပေါင်း ၁၆၅-ခုတို့ စုဆောင်းတင်ပြခဲ့ရာ သတ်မှတ်စံ ၄ါးရပ်အပေါ် အခြေခံ၍ "မှန်ကန်တောင်းမွန်သည်"ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်း သတ်မှတ်စံငါးရပ်မှာ

(က) သာမကော့၏အသေးစိတ်အချက်အလက်များတို့ အတည်ပြုချက်မရမီ ရေးသားမှတ်တမ်းတင်ခြင်း၊ အသံဖမ်းစက်ဖြင့် ဖမ်းယူထားခြင်း။

(ခ) နောက်ပိုင်းတွင် အတည်ပြုချက် ရယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) အရည်အချင်းပြည့်ဝသူ အလေ့အကျင့်ရှိပြီး သုတေသီများက စနစ်တကျ ရလာဒ်ကောက်ယူခြင်း။

(ဃ) သက်သေအထောက်အထားနှင့် ထွက်ဆိုချက်အပြည့်အစုံတို့ကို စနစ်တကျမှတ်တမ်းပြုစုထားခြင်း။

(င) ဖြစ်ရပ်မှန်ပေါ်ချိန်နှင့် အစီရင်တင်ပြချိန်တို့အကြား ကြာရှည်ကွာဟမှုမရှိခြင်းတို့ဖြစ်သည်။

ဖော်ပြပါဖြစ်ရပ် ၁၆၅-ခုတို့မှ ဝိညာဉ်နှင့်ပတ်သက်သည်ဟုယူဆရသော အလင်းရောင်ဖြာခြင်း၊ စကားပြောရန် ကြိုးပမ်းခြင်း၊ လက်ဟန်ခြေဟန်ပြခြင်း စသည့်ခြင်းရာလက္ခဏာ၂၂-ခုကို ဟတ်ကမှတ်တမ်းတင်ခဲ့သည်။

အဆိုပါခြင်းရာ လက္ခဏာတို့သည် သေသူ၏ဝိညာဉ်နှင့် သက်ရှိထင်ရှား အဝေးရောက်ပုဂ္ဂိုလ်တို့၏ ဝိညာဉ်အတွက်ပါ ထူးခြားစွာ ဆက်စပ်မှုရှိသော အချက်များဖြစ်သည်ဟု ဟက်က ဆို၏။

သို့သော် တန်ပြန်တွေးဆချက်တစ်ခုကား "ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ နောက်ခံတူညီမှုများကြောင့် ထိုပုဂ္ဂိုလ်တို့တွေ့ရသော ဝိညာဉ်တို့၏ သဘာဝမှာလည်း အချင်းချင်းတူညီသည့် အသွင်ဆောင်နေခြင်းဖြစ်သည်"ဟူ၍ ဖြစ်ပေသည်။

အချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တိတ်ဆိတ်ငြိမ်သက်နေ





သည်။

သို့သော် အိမ်ကြီး၏ အခန်းတွင်းမှာတော့ ဗုံသံတစ်သံက စည်းချက်မှန်မှန်ဖြင့် ထွက်ပေါ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဂျက်ဖရီတို့ကတော့ သူလုပ်နေသမျှကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြသည်။

အတန်ကြာတော့ စေ့ထားသောအခန်းတံခါးမှာ သူ့အလိုအလျောက် တဖြည်းဖြည်းပွင့်လာလေသည်။

ကြည့်လိုက်တော့ အခန်းပေါက်ဝ၌ ရပ်နေသော ဖြူဖြူအရိပ်သဏ္ဍာန်ကို မြင်တွေ့ရသည်။

ကြည့်နေရင်းမှာပင် ထိုသဏ္ဍာန်က အခန်းတွင်းသို့ ဝင်ရောက်လာသည်။ အမှောင်ထဲတွင် သူမ၏ပုံရိပ်ကို ကောင်းစွာမြင်နေရသည်။

တလောက အသတ်ခံခဲ့ရသော လက်စ်ဘောရင့်ပင်ဖြစ်ကြောင်း မှတ်မိသည်။

"နင့်ကို ဘယ်သူသတ်တာလဲ"

"သားသတ်သမားတစ်ယောက်ပဲ၊ သူကတစ်ကိုယ်လုံး မိစ္ဆာဝတ်ရုံ ခြုံထားတဲ့သူပဲ"

"သူဘယ်မှာရှိသလဲ"

"နာ့နာဘာဝ တော်အုပ်ထဲက အိမ်ဟောင်းကြီးမှာရှိတယ်၊ ကံဆိုးတဲ့ မိန်းကလေးတွေကို သတ်ဖို့ဖမ်းထားတယ်"

ထိုသို့ပြောပြီး ဝိညာဉ်ပုံရိပ်က တဖြည်းဖြည်းမှေးမှိန်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှာပင် လှေခါးမှတက်လာသော ခြေသံလိုလို ကြားလိုက်ရသဖြင့် သုံးယောက်စလုံး အသံမထွက်ပဲ ငြိမ်သက်စွာ စောင့်နေကြသည်။

အတန်ကြာတော့ အပေါ်ထပ်သို့ ရောက်လာသော ခြေသံကြားရသည်။ ဒေါက်တာမင်းထင်ကျော်နှင့် ဂျက်ဖရီတို့က ပါလာသော သေနတ်များကိုထုတ်ကာ အဆင်သင့် ကိုင်ထားကြသည်။ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသောခြေသံက အခန်းပေါက်ဝရောက်တော့ ရပ်တန့်သွားသည်။

စိတ်လှုပ်ရှားစွာဖြင့် စောင့်နေကြစဉ် ခြေသံကငြိမ်သက်နေသည်။ ထိုအခိုက်အတန့်လေးမှာ အခန်းတွင်းမှာရောက်နေကြသူ သုံးယောက်စလုံး အသံမထွက်ပဲငြိမ်သက်စွာ စောင့်နေကြသည်။

အတန်ကြာတော့ အပေါ်ထပ်သို့ ရောက်လာသောခြေသံကြားရသည်။ ဒေါက်တာမင်းထင်ကျော်နှင့် ဂျက်ဖရီတို့က ပါလာသောသေနတ်များကိုထုတ်ကာ အဆင်သင့်ကိုင်ထားကြသည်။ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသောခြေသံက အခန်းပေါက်ဝရောက်တော့ ရပ်တံ့သွားသည်။

စိတ်လှုပ်ရှားစွာဖြင့် စောင့်နေကြစဉ် ခြေသံကငြိမ်သက်နေသည်။ ထိုအခိုက်အတန့်လေးမှာ အခန်းတွင်းမှာ ရောက်နေကြသူ သုံးယောက်စလုံး အသက်ရှူရန်ပင် မေ့နေကြသည်။





အတော်ကြာမှ ဘယ်လိုစိတ်ကူးပေါ်သွားသည်မသိပေ။ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

နောက်တော့ မဝေးလှသောနေရာမှ မောင်းထွက်သွားသောစက်သံကို သဲ့သဲ့ကြားလိုက်သည်။

"ဘယ်သူလဲ"

"လူသတ်သမား ဖြစ်ဖို့များတယ်၊ လူသတ်သမားတွေဟာ လူသတ်မှုကျူးလွန်ခဲ့တဲ့နေရာကို တစ်ခေါက်ပြန်မလာပဲ မနေနိုင်ဘူး"

"လူမနေတဲ့အိမ်ထဲဝင်ခိုရင်း နောက်ထပ် သားကောင်ရဖို့ လာချောင်းတာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်၊ ကျွန်တော်တို့ ကားရပ်ထားတာတွေ့သွားလို့ ပြန်ထွက်သွားတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် အန္တရာယ်က လက်တစ်ကမ်းမှာရှိနေတော့ သတိတော့ထားရမယ်"

ထိုသို့ပြောပြီး သုံးယောက်သား အောက်သို့ပြန်ဆင်းလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၅)

# ရှစ်ပြောင်းနာမ်ခွာမိစ္ဆာ

အချိန်က ညဦးပိုင်းအချိန်ခန့်သာ ရှိသေးသည်။

ထိုအချိန်ရောက်မှ ခင်မြတ်ဆွေတို့ နေအိမ်ရှေ့မှ ဘဲလ်တီးသံကြားရသဖြင့် ထွက်ကြည့်တော့ ပက်ထရစ်ဂ်ျ ဘွဲ့ရသည်။

ခင်မြတ်ဆွေနှင့် စကားပြောလိုသည်ဟုခွင့်တောင်းနေသဖြင့် ခင်မြတ်ဆွေမှ စိတ်ထဲက မတွေ့လိုသော်လည်း ငြင်းရမချင်း အေးမည်မဟုတ်မှန်း သဘောပေါက်သဖြင့် အပြင်ဘက်



www.burmeseclassic.com

www.burmeseclassic.com

သို့ ထွက်တွေ့သည်။

အိမ်ရှေ့တွင် သင်းရှူးပင်ကြီးတစ်ပင်ရှိရာ ထိုသစ်ပင်အောက်၌ပင် ရပ်၍စကားပြောသည်။

"နင်ဘာပြောစရာရှိလို့လဲ ပက်ထရစ်"

"ငါနင့်ကို ပြောစရာရှိလို့ လာတာပါ၊ နင် ငါ့အချစ်ကို လက်ခံပေးပါ၊ နင်သဘောကျတဲ့အတိုင်း ငါလက်ထပ်ယူပါ့မယ်"

"ငါ အဲဒီအကြောင်းတွေ ဘာမှမစဉ်းစားသေးဘူး၊ ငါ့ ပညာရေးကလည်း မပြီးသေးဘူး"

"လက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးလဲ၊ ငါ့အချစ်ကို လက်ခံပေးထားပါ"

"လောလောဆယ်တော့ ငါဘာမှမစဉ်းစားချင်သေးဘူး၊ နောက်ကို ဒီအကြောင်းတွေ ဘာမှထပ်မပြောဖို့ ငါတောင်းပန်ပါတယ်"

"ငါက နင့်ကို တကယ်ချစ်တာပါ၊ နင့်အချစ်ကိုရအောင် ကြိုးစားသွားဖို့လည်း ဆုံးဖြတ်ထားတယ်"

ထိုသို့ပြောပြီး ခင်မြတ်ဆွေလက်ကို ကိုင်လိုက်ရာ သူမက ချက်ချင်းပြန်ရုတ်လိုက်သည်။

"ငါက နင်တွေ့ဖူးတဲ့ မိန်းကလေးမျိုးတွေထဲမှာ မပါဘူး၊ ခလေ့စရိုက်ချင်းလည်း မတူဘူး၊ ငါတို့ မြန်မာမိန်းကလေးတွေက ကိုယ့်ကိုယ်ကိုတန်ဖိုးထားတယ်၊ ငါ့အချစ်ကိုရဖို့ အတင်းအဓမ္မကြိုးစားဖို့ ဘယ်တော့မှ စိတ်မကူးပါနဲ့"





ထိုသို့ ရလသံမာမာနှင့် ပြောလိုက်တော့မှ ပက်ထရစ်မှာ အရှိန်နည်းနည်းတန့်သွားသည်။

ထိုအခိုက်မှာပင် ပက်ထရစ်နောက်ဘက်၌ရှိသော သစ်ပင်နောက်ကွယ်မှ မည်းမည်းသဏ္ဌာန်ကြီးထွက်လာသည်။

ပက်ထရစ်က ကျောခိုင်းနေသဖြင့် သတိမပြုမိသေးသော်လည်း ခင်မြတ်ဆွေက မျက်နှာချင်းဖြစ်နေသောကြောင့် မြင်နေရသဖြင့် ထိတ်လန့်တကြား ပါးစပ်ကိုလက်ဖြင့် အုပ်လိုက်သည်။

"ဘာဖြစ်တာလဲ"

ပက်ထရစ်ကမေးရင်း နောက်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်ရာ အနားရောက်နေသော မိစ္ဆာမျက်နှာဖုံးတပ်ထားသော လူသတ်သမားနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

"ဟင်. . "

ပက်ထရစ်မှာ အံ့ဩချိန်ပင် မရလိုက်ပေ။

လူသတ်သမားလက်မှ လက်ခနဲထွက်လာသော ဓားက လည်ပင်းကိုထိုးဖောက်သွားကာ မချိမဆန့်ဖြစ်ပြီး နေရာမှာတင် လဲကျသွားလေတော့သည်။

"အား. . ."

အော်သံက ပက်ထရစ်ထံမှမဟုတ်ပေ။

ပက်ထရစ်က မအော်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်ဆွေက ကြောက်လန့်တကြား အော်ဟစ်လိုက်ခြင်းဖြစ်ပေသည်။ ပထမတော့ အော်ဟစ်ကာ နေရာမှာတင် ရပ်နေသေးသည်။ နောက်မှ လူသတ်သမားက သူ့ဆီလာနေသည်ကိုမြင်သဖြင့် အိမ်ဘက်သို့ပြန်ပြေးရန် ကြိုးစားသေးသည်။

မလွတ်တော့ပေ။

ဘူသတ်သမားက နောက်မှပြေးလိုက်လာပြီးနောက် သူမကို ဖမ်းခေါ်သွားလေတော့သည်။

ခင်မြတ်ဆွေ အော်သံကြားသဖြင့် အိမ်ထဲမှ ဦးမင်းသော်နှင့် ကျော်ကျော်တို့ ထွက်လာတော့မတွေ့ရတော့ပေ။ မနီးမဝေးမှ ကားတစ်စင်း မောင်းထွက်သွားသောအသံသာ ကြားလိုက်ရသည်။

ပထမတော့ ပက်ထရစ်က အတင်းခေါ်သွားပြီဟုထင်ကြသော်လည်း သွေးအိုင်ထဲမှာလဲနေသောပက်ထရစ်အလောင်းကို တွေ့ရတော့မှ မဟုတ်မှန်း သိရတော့သည်။

ထို့ကြောင့် ချက်ချင်းပင် ပုလိပ်ဌာနသို့ ဖုန်းဆက်အကြောင်းကြားလိုက်ရာ ပထမ ကားတစ်စင်းနှင့် ပုလိပ်များရောက်လာသည်။

နောက်မှ ထိုသတင်းကိုကြားသော ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ဂျက်ဖရီတို့ ရောက်လာသည်။

"လူသတ်သမားလက်ချက် ဖြစ်ဖို့များတယ်၊ ဘယ်လိုလုပ်မလဲ"





"ခင်မြတ်ဆွေ ပါသွားတယ်၊ အမြန်လိုက်မှဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော်က စိုးရိမ်နေသောအသံမျိုးဖြင့် ပြောလိုက်သည်။

"ကျွန်တော်တို့ချည်း သွားလို့တော့ မဖြစ်ဘူး၊ ပုလိပ်သုံးလေးယောက်ပါ ခေါ်သွားကြမယ်"

ယုပြောကာ ပုလိပ်သုံးယောက်ကိုခေါ်ပြီး ဒေါက်တာမင်းထင်ကျော်ကားနှင့်ပင် နာနာဘာဝတောအုပ်ရှိသော နေရာဘက်သို့ ဦးတည်လိုက်ကြလေသည်။

အချိန်က ညဦးပိုင်းကျော်နေပေပြီ။

လူသတ်သမားလက်သို့ပါသွားသော ခင်မြတ်ဆွေမှာ ကြောက်စိတ်လွန်ကာ သတိမေ့နေလေသည်။

လူသတ်သမားက သူမကို နာနာဘာဝတောအုပ်သို့ ခေါ်သွားလေသည်။ တောအုပ်ရှိရာသို့ ရောက်သောအခါ ကားကို သစ်တာစပ်တစ်နေရာ၌ ရပ်ထားခဲ့ပြီး သူမကို ပွေ့ခေါ်သွားလေသည်။

တောအုပ်အလယ်နေရာလောက်တွင် အိမ်ဟောင်းကြီးတစ်လုံးရှိသည်။ ဘယ်အချိန်က ဆောက်ထားမှန်း မသိရပဲ ပြိုပျက်နေလေသည်။

ထိုအိမ်ကြီး၏ အခန်းထဲမှာတော့ မိန်းကလေးတစ်ယောက်ရှိနေသည်။ အခန်းတစ်ခန်းထဲမှာ တံခါးပိတ်ထားလေသည်။ ထိုမိန်းကလေးမှာ ကြောက်ရွံ့ထိတ်လန့်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်စိတ်ပင် မရှိတော့ပေ။

ထိုအခိုက်မှာပင် အိမ်ပေါ်သို့တက်လာသော ခြေသံကြားရပြီး နောက်တံခါး ပွင့်သွားသည်။

လူသတ်သမားက ခေါ်လာသော ခင်မြတ်ဆွေကို ထိုအခန်းထဲမှ ချထားလိုက်ပြီးနောက် ပြန်ထွက်ကာ တံခါးပြန်ပိတ်လိုက်သည်။

ခင်မြတ်ဆွေကတော့ ထိုအခန်းထဲရောက်လာသည်အထိ သတိမရသေးပေ။

လူသတ်သမားကတော့ အပြင်ဘက်၌အရက်သောက်နေလေသည်။ ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော်တို့က တောအုပ်ရှိရာသို့ ရောက်လာကြသည်။

ကားကိုအတော်ဝေးဝေးမှာထားခဲ့ပြီး ဒီအတိုင်းလျှောက်လာကြသည်။ တောစပ်ရောက်တော့ ရပ်ထားသော ကားတစ်စင်းကို တွေ့ရသဖြင့် စက်ဖုံးကိုစမ်းကြည့်ရာ ပူနေဆဲပင်။

"သိပ်မကြာသေးဘူး"

ထိုသို့ပြောရင်း လူသွားလမ်းအတိုင်း ဝင်လိုက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ဂျက်ဖရီနှင့် ပုလိပ်သုံးယောက်တို့ပါရာ ငါးယောက်ဖြစ်သည်။

သေနတ်များလည်း အပြည့်အစုံပါလာကြသည်။

"အိမ်ကြီးက ဘယ်နေရာမှာရှိတာလဲ"





"အသံနားစွင့်ပြီး သွားကြတာပေါ့၊ ကားရပ်ထားတဲ့နေရာနဲ့တော့ သိပ်ဝေးမယ်မထင်ဘူး"

ထိုသို့ပြောပြီး အမှောင်ထဲမှာပင် အလင်းရောင်သိပ်မရှိသော လက်နှိပ်မီးငယ်များကို အသုံးပြုလျက် သတိကြီးစွာထားကာ တောအုပ်အတွင်းသို့ ဝင်ကြလေသည်။

ထိုအချိန်တွင် အိမ်ကြီးအတွင်းမှာတော့ လူသတ်သမားက အရက်သောက်ပြီး အခန်းရှိရာသို့ လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်သည်။

အခန်းထဲမှာ အမျိုးသမီးနှစ်ယောက်ရှိသော်လည်း တစ်ယောက်သာ သတိရနေပြီး ခင်မြတ်ဆွေကတော့ သတိမရသေးပေ။

ထို့ကြောင့် လူသတ်သမားက သတိရနေသောမိန်းကလေးကို အပြင်ဘက်သို့ဆွဲခေါ်ထုတ်ရာ စူးစူးဝါးဝါးအော်သံများပေါ်ထွက်လာတော့သည်။

လူသတ်သမားက ထိုမိန်းကလေးကို အပြင်ဘက်သို့ရောက်သောအခါ လူသတ်နေကျနေရာရောက်တော့ ရပ်လိုက်သည်။ လက်တစ်ဖက်ကမိန်းကလေးဆံပင်ကို ဆွဲထားပြီး ကျန်တစ်ဖက်က သားလှီးဓားကိုထုတ်၍ လည်ပင်းကို လှီးဖြတ်ရန်ဟန်ပြင်လိုက်သည်နှင့် နောက်ဘက်မှသေနတ်သံတစ်ချက်ထွက်လာသည်။

"ဒိုင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံနှင့်အတူ ကျည်ထိသွားသော လူသတ်သမားက ဒယိမ်းဒယိုင်နှင့် နေရာမှထလာသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကိုအဆင်သင့်ပြင်ထားရင်း ရှေ့သို့ထွက်သွားသည်။

လူသတ်သမားက ဓားကိုကိုင်၍ ဒေါသတကြီး ပြေးဝင်လာလေသည်။ မနီးမဝေးရောက်သည်နှင့် ဦးခေါင်းကိုချိန်ပြီးပစ်သည်။

"ဒိုင်း. ."

ဒီတစ်ကြိမ်တော့ ဘယ်လိုမှမတတ်နိုင်ပဲ၊ လန်ကျသွားလေတော့သည်။ ခဏကြာတော့ သွေးအိုင်ထဲမှာ ငြိမ်ကျသွားလေတော့သည်။

မိစ္ဆာမျက်နှာဖုံးနှင့် လူသတ်သမားကတော့ နိဂုံးချုပ်သွားခဲ့ပေပြီ။

ဂျက်ဖရီက အသတ်ခံရတော့မည့်ဆဲဆဲ သေတွင်းမှလွတ်ခဲ့သော မိန်းကလေးရှိရာသို့ သွားရောက်ပြီး အားပေးစကားပြောနေစဉ် ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းသို့ ဝင်ရှာလေသည်။ အခန်းတစ်ခန်းတွင်းမှ ညီးညူသံကြားရသဖြင့် တံခါးဖွင့်ကြည့်လိုက်ရာ ခင်မြတ်ဆွေကို တွေ့ရလေသည်။

ခင်မြတ်ဆွေမှာသတိရစ ပြုနေလေပြီ။

ဒေါက်တာမင်းထင်ကျော်မှာ ခင်မြတ်ဆွေကို အသက်ရှင်လျက်နှင့်ပြန်တွေ့ရတော့မှ သက်ပြင်းချနိုင်လေသည်။





"ခင်မြတ်ဆွေ"

"ဟင်. ."

အလန့်တကြား မော့ကြည့်သည်။

"ကျွန်တော်မင်းထင်ကျော်ပါ"

"ဟင်. . ကိုမင်းထင်ကျော်"

ထိုသို့သတိရတော့မှ ဒယိမ်းဒယိုင်ဖြင့် ထလာရာ ဒေါက်တာမင်းထင်ကျော်က တွဲပေးရသည်။ ထရပ်ပြီးတော့မှ ဒေါက်တာမင်းထင်ကျော်ကို ဖက်ထားသည်။

"ပက်ထရစ်တော့ သေရှာပြီထင်ပါရဲ့၊ ကျွန်မလည်းဒီတစ်ခါတော့ သေပြီအောင်းမေ့နေတာ၊ ကိုမင်းထင်ကျော်တို့ ဘယ်လိုရောက်လာတာလဲ"

"ခင်မြတ်ဆွေတို့အိမ်က ဖုန်းဆက်အကြောင်းကြားတာနဲ့ သိသိချင်းလိုက်လာကြတာပဲ၊ အန္တရာယ်မရှိတော့ပါဘူး လူသတ်သမားကို သုတ်သင်ပြီးပါပြီ"

ထိုသို့ပြောတော့မှ ခင်မြတ်ဆွေက ရင်ခွင်ထဲမှ ပြန်ခွာထွက်ရင်း ကျေးဇူးစကားဆိုသည်။

"ကျွန်မအသက်ကို ကယ်ပေးတဲ့အတွက် ကိုမင်းထင်ကျော်ကို ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်ပြရင်း သူမလက်ကိုတွဲကိုင်ရင်း အပြင်သို့ခေါ်ထုတ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်များကတော့ အလောင်းကို အိတ်ဖြင့်ထည့်ကာ ကားရှိရာသို့ သယ်ယူသွားကြသည်။ စုံထောက်ဂျက်ဖရီက ကြောက်ရွံ့မှုကြောင့် ကယောင်ကတမ်းဖြစ်နေသော မိန်းကလေးကိုတွဲပြီး ကားရှိရာသို့ခေါ်လာသည်။

အပြင်ဘက်ရောက်တော့ အိုက်စမင်၏အလောင်းကို သူ့ကားပေါ်သို့တင်ပြီး ပုလိပ်သုံးယောက်က မောင်းယူကြသည်။ ရှေ့ကားပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဂျက်ဖရီတို့အပြင် မိန်းကလေးနှစ်ယောက်ပါ ပါလာသည်။

လန်ဒန်ပြန်ရောက်တော့ မိန်းကလေးနှစ်ယောက်၏ သက်ဆိုင်ရာအိမ်များသို့ ဖုန်းဆက်အကြောင်းကြားပြီးနောက် ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ပေးကြရသည်။

အလောင်းကိုလည်း ရင်ခွဲရုံသို့ပို့ကာ လိုအပ်သောစစ်ဆေးမှုများယူကြသောအခါ ထူးခြားမှုတစ်ခုတွေ့ကြရလေသည်။

သရဲပွဲတော်မတိုင်ခင်ကပင် စွပ်ခဲ့ပြီးနောက် ဘယ်လိုမှ ပြန်ခွာချွတ်၍မရသော သရဲမျက်နှာဖုံးနှင့် အရေပြားတို့မှာ မွေ့တစ်ကောင် အရေလဲသကဲ့သို့ဖြစ်ကာ မူလအရေပြားနှင့် တခြားစီဖြစ်ကာ ပြန်ကွာနေပြီကို တွေ့ကြရလေသည်။

ယခုတော့ ရုပ်ပြောင်းနာမ်ခွာ မိစ္ဆာဘဝရောက်နေသော အိုက်စမင်မှာ မူလအခြေအနေသို့ ပြန်ရောက်ခဲ့ရပြီ ဖြစ်သော်လည်း ဘဝပြောင်းခဲ့ရပြီ ဖြစ်ပေသည်။

နောက်ဆုံးတော့ ထိုအရေပြားကြီးကိုပါ ပြန်မခွာ မချွတ်





တော့ပဲ မီးသင်္ဂြိုလ်စက်အတွင်းသို့ထည့်ကာ မီးရှို့ပစ်လိုက်သည်။

ယခုတော့ အရာအားလုံးမှာ ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၆)

# ပင်လယ်ပြာနှင့်ချစ်သူတို့နေရာ

ထိုကဲ့သို့သော ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများ ပြီးဆုံးသွားခဲ့ပြီး ရက်အတော်ကြာသော အခါမှာတော့ ဒေါက်တာမင်းထင်ကျော် နေသောအခန်းကို ဟယ်ရီပရိုက်နှင့် ဝီလီယန်တို့ ရောက်လာကြသည်။

"ကျွန်တော်တို့ အရှေ့ဘက်ကမ်းခြေဘက်ကို ခရီးသွားကြမလို့၊ အဲဒီမှာ သဲသောင်ပြစ်ပွဲတော် ကျင်းပနေတယ်"

"ခင်ဗျားတို့ချည်းပဲလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"အဖော်တွေတော့ ပါတာပေါ့ဗျာ၊ ရှယ်လီကတော့ ခရီးထွက်ရမှာ လန့်နေပုံပဲ၊ ဒါပေမယ့် ဗီလီယန်ပါတော့လည်း သူလည်းလိုက်မယ်၊ မော်လီလည်းလိုက်မယ်"

"ခင်ဗျားတို့ပဲသွားကြပါ၊ တော်ကြာ ခင်ဗျားတို့စုံတွဲတွေကြားမှာ ကန့်လန့်ဖြစ်နေပါဦးမယ်ဗျာ"

"ကန့်လန့်မဖြစ်အောင် ခင်ဗျားလည်းအဖော်ခေါ်ခဲ့ပေါ့၊ မာရီယာက ခင်ဗျားခေါ်ရင် လိုက်မှာပါ၊ ဖုန်းဆက်ကြည့်ပါလား"

ထိုသို့အကြံပေးသဖြင့် ဖုန်းဆက်ကြည့်ရာ လိုက်ပါလိုကြောင်း ပြန်ပြောသဖြင့် ခရီးထွက်သောနေ့တွင် သူမကိုပါ ဝင်ခေါ်သဖြင့် ခြောက်ယောက်ဖြစ်လေသည်။

လမ်းခရီးမှာတော့ သဲသောင်ပြင်ပွဲသို့သွားသော ကားများတွေ့ရသဖြင့် ပျော်စရာကောင်းသည်။ ခါတိုင်း ထိုလမ်းမပေါ်တွင် ကားအသွားအလာ မများသော်လည်း ယခုအခါမှာတော့ အဆက်မပြတ်တွေ့နေရသည်။

နာနာဘာဝ တောအုပ်နေရာရောက်သောအခါ မကြာသေးခင်ကမှ ကြောက်ရွံ့ထိတ်လန့်စရာများကို ကိုယ်တွေ့ကြုံခဲ့ရသော ခင်မြတ်ဆွေမှာ မကြည့်ရဲသကဲ့သို့ဖြစ်နေရှာသည်။ ထိုနေရာမှကျော်တော့ မီးလောင်ပျက်စီးနေသော သရဲမျက်နှာဖုံးပြုလုပ် ရောင်းချသည့် အဘိုးကြီး အိုင်ဗင်နေအိမ်နေရာကို တွေ့ရသည်။ ယခုတော့မီးလောင်ငုတ်တိုများသာကျန်တော့သည်။

ထိုမှ ကျော်လွန်ခဲ့တော့ မိနစ်အနည်းငယ်မျှမောင်းသော အခါ သာယာလှပသောအရှေ့ဘက်ကမ်းခြေသို့ ရောက်ကြသည်။ ထိုနေရာမရောက်ခင်ကတည်းက အော်ဟစ်ဆူညံနေသောအသံများ ကြားရသည်။ ရပ်ထားသောကားများကိုလည်း တတန်းကြီးတွေ့ရသည်။

ကားကို တစ်နေရာမှာရပ်ထားခဲ့ပြီး ကမ်းခြေဘက်ဆင်းသွားတော့ နေရာအနှံ့တွင် စိုက်ထားသော ရောင်စုံထီးများကို နေရာအနှံ့တွေ့ရပြီး လွတ်လပ်ပေါ့ပါးသည့် အဝတ်များဝတ်ကာ သောင်ပြင်ပေါ်၌ သွားလာနေကြသူများလည်း ရှိနေကြသည်။ အစားအသောက်နှင့် ပစ္စည်းမျိုးစုံ ရောင်းသောဈေးသည်များလည်း ရှိသည်။

ကမ်းခြေသို့ ပြေးတက်လာသော လှိုင်းပုတ်နေသည့် အသံများနှင့် အော်ဟစ်ဆူညံနေသောအသံများက အပြိုင်ဖြစ်နေသည်။ ထိုနေရာရောက်တော့ ဟယ်ရီပရိုက်နှင့် မော်လီပိုးလ်ကတစ်တွဲ၊ ဗီလီယန်နှင့် ရှယ်လီလောရင့်တို့ကတစ်တွဲ လက်ချင်းတွဲကာ ကမ်းခြေဘက်သို့ဆင်းသွားကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့်ခင်မြတ်ဆွေတို့ကတော့ လူအနည်းငယ်ရှင်းသော နေရာဘက်လျှောက်လာကြပြီး ရေစပ်၌ရှိသော ကျောက်တုံးပေါ်တွင် ဝင်ထိုင်ကြလေသည်။

ဆားနံ့များ သယ်ဆောင်လာသော ပင်လယ်လေအေးရှူရသည်မှာ စိတ်ကိုကြည်လင်လန်းဆန်းလာလေသည်။

"နေကောင်းသွားပြီ မဟုတ်လား"







www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကမေးတော့ ခေါင်းညိတ်ပြသည်။

"ကျွန်မဘဝမှာ ဒီလောက်ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ အဖြစ်အပျက်မျိုးတွေနဲ့ မကြုံခဲ့ရဖူးတော့ စိတ်ထဲမှာ အခုထိတည်ငြိမ်မှု မရသေးဘူး"

"အခုတော့ ပြီးသွားပါပြီ"

"ကိုမင်းထင်ကျော်ကိုလည်း ကျွန်မတကယ်ပဲကျေးဇူးတင်ပါတယ်၊ ပထမတော့ ပညာရေးကိစ္စပြီးသွားရင် ဒီမှာပဲ အလုပ်အကိုင်တစ်ခုခုလုပ်ပြီး နေမလို့ စိတ်ကူးမိသေးတယ်၊ အခုတော့မနေချင်တော့ပါဘူး"

"ဘယ်လိုကြောင့်လဲ"

"ကိုယ်နဲ့ ဓလေ့စရိုက် မတူတဲ့လူတွေကြားမှာ နေရတာ အန္တရာယ်အတော်များတယ်၊ ဒါကြောင့် စိတ်အေးလက်အေးနေလို့ရတဲ့ ကိုယ့်တိုင်းပြည်ပဲ ပြန်နေတော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်"

"ကောင်းပါတယ်. . .၊ ကျွန်တော်လည်း ဒီကတာဝန်ဝတ္တရားတွေပြီးရင်တော့ ပြန်တော့မှာပါ၊ ကျွန်တော် ဒီမှာရှိနေတဲ့ကာလမှာတော့ လိုတဲ့အကူအညီရှိရင် တောင်းနိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် ကိုမင်းထင်ကျော်ကို အားကိုးရတဲ့ကိုယ့်တိုင်းပြည်ကကိုယ့်လူမျိုးတစ်ယောက် ဒီမှာရှိနေတာ စိတ်ထဲမှာ အားရှိသလိုပဲ၊ ပြန်သွားမှာတောင် စိုးရိမ်မိပါတယ်"





"ချက်ချင်းတော့ မပြန်ဖြစ်သေးပါဘူး၊ အမှန်ပြောရရင် ကျွန်တော်ကလည်း ခင်မြတ်ဆွေနဲ့ အမြဲတွေ့ချင်ပါတယ်၊ တလောက အန္တရာယ်နဲ့ကြုံတော့ စိတ်ထဲမှာ အတော်ကလေးပူမိတယ်"

ခင်မြတ်ဆွေက ဒေါက်တာမင်းထင်ကျော် ပြောသောစကားအဓိပ္ပါယ်ကို သဘောပေါက်သည့်အနေဖြင့် ပြုံးလိုက်သည်။

"ပြောတာကို မယုံလို့လား"

"ယုံပါတယ်၊ ကြားနေကျ စကားမျိုးတွေ မဟုတ်ပေမယ့် ဘယ်လိုသဘောမျိုးရှိတယ်ဆိုတာ ကျွန်မသိပါတယ်"

"သွယ်သွယ်ဝိုက်ဝိုက် မပြောတတ်ပေမယ့် စတွေ့ကတည်းက ခင်မြတ်ဆွေအပေါ်မှာ စိတ်ဝင်စားနေတာပါ၊ ကျွန်တော့်မေတ္တာကိုရော စဉ်းစားပေးနိုင်မလား"

"ကိုမင်းထင်ကျော် အကြောင်းကို ကျွန်မဘာမှမသိရသေးပေမယ့် ယုံကြည်ပါတယ်၊ ကျွန်မ စဉ်းစားပေးပါ့မယ်"

"ဒီစကား ကြားရတာနဲ့တင် ကျေနပ်ပါတယ်၊ တခြားဘာမှ သက်သေမပြနိုင်ပေမယ့် ကျွန်တော့်ရဲ့မေတ္တာတရားကိုတော့ တာဝန်ယူပေးနိုင်ပါတယ်"

"ကိုမင်းထင်ကျော်ကို စတွေ့ကတည်းက ကျွန်မအဲဒါခံစားကြည့်ပြီးသားပါ၊ ယုံကြည်မှုရှိလို့သာ အခုလိုအခွင့်အရေးမျိုးပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောတော့မှ သဘောပေါက်သွားပြီး မျက်နှာပေါ်မှာ အပြုံးရိပ်များ ပေါ်လာလေသည်။

"သဘောပေါက်ပါပြီ၊ အခုလိုအလှူငွေအရေးပေးတာကိုလည်း ဝမ်းသာပါတယ်၊ နားလည်ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတရားတွေက လိုနေသေးလို့လား"

သူမကအပြုံးဖြင့် မေးသည်။

"မလိုတော့ဘူး ထင်တာပဲ၊ ကျေးဇူးတွေအစား ချစ်ခြင်းမေတ္တာကိုပဲ ထပ်တင်ပေးရမယ် ထင်ပါတယ်"

"ဒီလိုတော့လည်း ပြောတတ်သားပဲ"

ခင်မြတ်ဆွေက ရယ်မောပြီးပြောရာ ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာ သူမကလည်း ပြန်ဆုပ်ထားလေသည်။

နားလည်မှုရှိသွားပြီဖြစ်သော ချစ်သူနှစ်ဦးအတွက်ကတော့ ပင်လယ်ကမ်းခြေ၏အလှများသည် ပိုပြီးလှပလျက်ရှိနေတော့သည်။ နေဝင်ကာနီးရောက်တော့မှ ဟယ်ရီပရိုက်တို့နှင့် ပြန်တွေ့ရသည်။

"အဆင်ပြေသွားကြပြီလား"

ဝီလီယံက တိုးတိုးမေးတော့ . ဒေါက်တာမင်းထင်ကျော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ကမ်းခြေမှပြန်တက်လာတော့ မျက်နှာဖုံးဆောင်းသော





အဖိုးကြီးက ကျိုးတိုးကျဲတဲဖြစ်နေသော သွားများပေါ်အောင် ပြုံးရင်း လှမ်းပြောသည်။

"ကြောက်စရာကောင်းတဲ့ သရဲမျက်နှာဖုံးတွေပါတယ်၊ ဝယ်သွားကြဦးလေ"

ထိုအသံကြောင့် ဒေါက်တာမင်းထင်ကျော်က အဘိုးကြီးမျက်နှာကို ကြည့်လိုက်ရာ သေသွားကြပြီဖြစ်သော အိုင်ဗင်မျက်နှာနှင့် များစွာတူကြောင်း သတိပြုမိလိုက်သဖြင့် ထိုနေရာမှ ခတ်သုတ်သုတ်ထွက်လာကြလေသည်။

တိုက်ဆိုင်မှုသာဖြစ်ပါစေတော့ . . ။ ဒေါက်တာမင်းထင်ကျော်က ဇဝေဇဝါဖြင့် မနီးမဝေးရောက်မှ ပြန်လှည့်ကြည့်သောအခါ စောစောကတွေ့ခဲ့ရသည့် သရဲမျက်နှာဖုံး ရောင်းနေသောအဖိုးကြီးအား မတွေ့ရတော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ရုပ်ပြောင်းနာမ်ခွာ မိစ္ဆာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။



www.burmeseclassic.com